# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက် ၂၀၁၆ ခုနှစ်၊ မတ် ၁၁ ရက်၊ သောကြာနေ့ အတွဲ [၅၅]၊ အမှတ် [၁၆၃]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လစ်သူယေးနီးယားလွတ်လပ်ရေးနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် မတ် ၁၁

၂၀၁၆ ခုနှစ် မတ် ၁၁ ရက်တွင် ကျရောက်သော လစ်သူယေးနီးယား သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ လစ်သူယေးနီးယား သမ္မတနိုင်ငံ သမ္မတ မစ္စ ဒါလီယာ ဂရီဗိုစကိုက်း ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ *စာမျက်နှာ ၅ ကော်လံ ၅* ✻

# ဒုတိယသမ္မတလောင်းများအဖြစ် ဦးထင်ကျော်၊ ဒေါက်တာစိုင်းမောက်ခမ်း၊ ဦးဟင်နရီဗန်ထီးယူနှင့် ဦးခင်အောင်မြင့်တို့၏ အမည်စာရင်းများတင်သွင်း



သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမနေ့ကျင်းပစဉ်။ (ဓာတ်ပုံ-သတင်းစဉ်)



ဒုတိယသမ္မတလောင်း ဦးထင်ကျော် (ဓာတ်ပုံ-ရွှေအင်းသားခင်မောင်ဝင်း)



ဒုတိယသမ္မတလောင်း ဒေါက်တာစိုင်းမောက်ခမ်း (ဓာတ်ပုံ-သတင်းစဉ်)



ဒုတိယသမ္မတလောင်း ဦးဟင်နရီဗန်ထီးယူ (ဓာတ်ပုံ-ရွှေအင်းသားခင်မောင်ဝင်း)



ဒုတိယသမ္မတလောင်း ဦးခင်အောင်မြင့် (ဓာတ်ပုံ-သတင်းစဉ်)

နေပြည်တော် မတ် ၁၀

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေးနှင့် ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေးများကို ယနေ့နံနက် ၁၀ နာရီတွင် သက်ဆိုင်ရာလွှတ်တော်အသီးသီး၌ ကျင်းပရာ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတလောင်းအဖြစ် ဦးထင်ကျော်နှင့် ဒေါက်တာစိုင်းမောက်ခမ်းတို့ကို လည်းကောင်း၊ ရွေးကောက်ခံအမျိုးသား လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးဟင်နရီဗန်ထီးယူနှင့် ဦးခင်အောင်မြင့်တို့ကို လည်းကောင်း အမည်စာရင်းတင်သွင်းကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❖


## ဂုဏ်ရည်ဆေးတိုက်

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊ အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်ရင်းလိပ်စာနှင့် အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။



၅၂(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မှ အထက်ပါရောဂါများအတွက် အစွမ်းထက်တိုင်းရင်းဆေးများရရှိနိုင်ပါသည်။

အချိန် - နံနက်(၁၀း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။) ဖုန်း - ၀၁ ၆၄၂၆၈၂၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# အချိတ်အဆက်အားကောင်းသော စီးပွားရေးလုပ်ငန်းများ ထူထောင်

၂၁ ရာစု စီးပွားရေးပုံစံသည် သမားရိုးကျမဟုတ်တော့ဘဲ စီးပွားရေးအတတ်ပညာရှင်များက စနစ်တကျ စီမံခန့်ခွဲပြီး ဟန်ချက်ညီစွာ လုပ်ကိုင်ဆောင်ရွက်သည့် စီးပွားရေးပုံစံအဖြစ်သို့ ပြောင်းလဲလာလျက်ရှိပေသည်။ ယနေ့ကမ္ဘာကြီးသည် ယှဉ်ပြိုင်မှုနှင့် တီထွင်ဆန်းသစ်မှုများဖြင့် စီးပွားရေးလုပ်ငန်းများကို အောင်မြင်စွာလုပ်ဆောင်လျက်ရှိကြပေသည်။ တစ်နည်းအားဖြင့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူအားလုံးက Supply Chain ကို ကောင်းစွာ နားလည်သဘောပေါက်ပြီး မိမိတို့စီးပွားရေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်လိုအပ်လာသည်။

Supply Chain ဆိုသည်မှာ မည်သည့်စီးပွားရေးလုပ်ငန်းတွင်မဆို တည်ရှိပြီး ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုတို့ကို စတင်ဖြစ်ပေါ်ရာမှ အစပြု၍ ဆင့်ကဲဆင့်ကဲ လုပ်ကိုင်ပြီး နောက်ဆုံးစားသုံးသူတို့ လက်ဝယ်သို့ရောက်သည်အထိ ထုတ်လုပ်သယ်ယူဖြန့်ချိသည့် စဉ်ဆက်မပြတ်ဖြစ်စဉ်ကို အချိတ်အဆက်မိစွာ စီမံခန့်ခွဲလုပ်ကိုင်ခြင်းပင်ဖြစ်ပါသည်။ စီးပွားရေးလုပ်ကိုင်သူများက Supply Chain ကို ကောင်းစွာနားလည်သဘောပေါက်ဖို့ လိုအပ်ပါသည်။ မိမိထုတ်လုပ်ဖြန့်ချိလိုက်သော ကုန်ပစ္စည်းတစ်ခုသည် စားသုံးသူများ လက်ဝယ်သို့ ဈေးနှုန်းသင့်တင့်မျှတစွာဖြင့် မည်သို့မည်ပုံ ရောက်ရှိသွားအောင် လုပ်ကိုင်ရန် နည်းလမ်းများကို နားလည်သဘောပေါက်ခြင်းမရှိခဲ့သော် ထိုစီးပွားရေးလုပ်ငန်းသည် အောင်မြင်သောအနေအထားသို့ ရောက်ရှိလာလိမ့်မည်မဟုတ်ပေ။ ထုတ်လုပ်ခြင်း၊ ဖြန့်ချိခြင်း၊ သိုလှောင်ခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း အဆင့်တိုင်းတွင် အချိတ်အဆက်မိမိ စီမံခန့်ခွဲလုပ်ကိုင်သွားနိုင်ပါမှ တိုးတက်အောင်မြင်မှုများ ရရှိနိုင်မည်ဖြစ်ပါသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ အရှိန်အားကောင်းကောင်းဖြင့် တိုးတက်လာစေရန် နိုင်ငံတော်အစိုးရက တွန်းအားပေးဆောင်ရွက်လျက်ရှိပါသည်။ သို့သော်လည်း အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများသည် အရင်းအနှီးနှင့် အတတ်ပညာ လိုအပ်ချက်များနှင့် ရုန်းကန်နေကြရဆဲ ဖြစ်ပါသည်။ အထူးသဖြင့် အတတ်ပညာနှင့် တီထွင်ဆန်းသစ်မှုအပိုင်းတွင် များစွာလိုအပ်နေဆဲဖြစ်ပါသည်။

ယခုအခါ အေအီးစီဟုခေါ်သည့် အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community-AEC) ပေါ်ထွန်းလာနေပြီဖြစ်ပါသည်။ မိမိတို့ ထုတ်လုပ်လိုက်သော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများကို အာဆီယံနိုင်ငံ ဈေးကွက်များအား မျှော်မှန်း၍ လုပ်ဆောင်နိုင်ဖို့ လိုအပ်လာပါသည်။ အာဆီယံနိုင်ငံများနှင့်အပြိုင် ထုတ်လုပ်မှုနှင့် အရည်အသွေးကို ယှဉ်ပြိုင်နိုင်သောအဆင့်သို့ ရောက်အောင် ကြိုးစားအားထုတ်ကြဖို့ လိုအပ်လာပါသည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံသည် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့်အတူ အသေးစား၊ အလတ်စားနှင့် အကြီးစား စီးပွားရေးလုပ်ငန်းများ အခွင့်အလမ်း ပိုမိုရရှိလာဖို့ ရှိနေပါသည်။ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာရန် အလားအလာကောင်းများ ရှိနေပါသည်။ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတကာနှင့် ထိထိရောက်ရောက် ချိတ်ဆက်နိုင်မှု၊ အရည်အသွေးပြည့်မီစွာ တီထွင်ထုတ်လုပ်နိုင်မှု၊ မိမိတို့ဖောက်သည်များ အကျိုးအမြတ်ကောင်းများရရှိပြီး စိတ်ကျေနပ်မှုများ ရရှိသည်အထိ အကောင်းဆုံး ထုတ်လုပ်သွားနိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်ပါသည်။ နိုင်ငံနှင့်အဝန်း စီးပွားရေးလုပ်ငန်းများ ပြည်တွင်းသာမက ပြည်ပနိုင်ငံများနှင့်ပါ ချိတ်ဆက်ပြီး စီးပွားရေးလုပ်ငန်းများအားကောင်းလာအောင် ထူထောင်ကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


## တရားရုံးအဆောက်အအုံသစ်ဖွင့်

**ဖားကုန်း မတ် ၁၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် တရားရုံးအဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၉ ရက်က ကျင်းပခဲ့သည်။ အဆိုပါဖွင့်ပွဲတွင် မြို့နယ်တရားရုံးအဆောက်အအုံသစ်ကို ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်လွင်ဦး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ် ဦးအေးဝင်း၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးကြည်သိန်းတို့က ဖွင့်လှစ်ပေးခဲ့ပြီး တရားရုံးအဆောက်အအုံဆိုင်းဘုတ်ကို တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**သန့်စင်(ပဲခူး)**

## (၇၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ

(က) အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရေး။

(ခ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင်ဆောင်ရွက်ရန် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သော တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရရှိအောင် ဆောင်ရွက်ရာတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## မကွေးတိုင်းဒေသကြီးအတွင်းရှိ ဆည်တာတမံများနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာသင်တန်းကျောင်းစစ်ဆေး

**နေပြည်တော် မတ် ၁၀**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ်ရှိ ဆင်တန့်ကျေးရွာဆည်ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်တို့သည် မတ် ၈ ရက်က တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် ဦးမြင့်လှိုင်တို့က ဆည်တည်ဆောက်ရေးလုပ်ငန်းတွင် ပါဝင်ခဲ့ကြသော အင်ဂျင်နီယာပညာရှင်များနှင့် ဒေသဆိုင်ရာ တာဝန်ရှိသူများအား ကျေးဇူးတင်ကြောင်းပြောကြားကြပြီး ဆည်ကြီး ရေရှည် တည်တံ့စေရေးအတွက် ရေဝေရေလဲနယ်မြေများကို စောင့်ရှောက် ထိန်းသိမ်း ရေး၊ သစ်တောသစ်ပင်များကို စောင့်ရှောက်ကာကွယ်ရေးနှင့် ဆည်ရေကို အကျိုးရှိစွာ အထိရောက်ဆုံး အသုံးပြု၍ ပတ်ဝန်းကျင်စိမ်းလန်းဖွံ့ဖြိုး သာယာလှပရေးနှင့် ရေရှည်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုသွားကြရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီး ဦးအောင်နိုင်တို့က ဆင်တန့်ကျေးရွာဆည်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။



ထို့မှတစ်ဆင့် ရေစကြို မြို့နယ် ဆင်ချောင်းကျေးရွာအနီးရှိ ဆင်ချောင်းဆည်သို့ ရောက်ရှိကြပြီး ဆည်အတွင်း ရေသိုလှောင်ထားရှိမှုကို စစ်ဆေးကြည့်ရှုပြီး ပခန်းကြီး ကျေးရွာရှိ ဂျပန်နိုင်ငံနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်နေသော OISCA အပူပိုင်းဒေသသစ်တောနှင့် ဥယျာဉ်သင်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ကြီး Mr. KITSUKI Fumio ဂျပန်-မြန်မာချစ်ကြည်ရေးအစီအစဉ်အရ သင်တန်းသားသင်တန်းသူ ၃၃၅ ဦးအား လေ့ကျင့်သင်ကြားပေးမှုအခြေအနေနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများသည် OISCA သင်တန်းခန်းမဆောင်အတွင်း ခင်းကျင်းပြသထားသော သင်တန်းကျောင်းမှ ထုတ်လုပ်ထားသည့် အိမ်တွင်းမှုလုပ်ငန်းပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် လယ်ယာထွက်ကုန် ကုန်ချောထုတ်လုပ်သည့် လယ်ယာထုတ်ကုန်အဆောက်အအုံ Food Processing Plant အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။ **(ဝဲပုံ)** **(သတင်းစဉ်)**

## မြန်မာနိုင်ငံအထက်ပိုင်း ဆရာဝန်များ ဂေါက်သီးရိုက်ယှဉ်ပြိုင်မည်

**မန္တလေး မတ် ၁၀**

မြန်မာနိုင်ငံ ဆရာဝန်များအသင်း (မန္တလေး)မှ ကြီးမှူး၍ မြန်မာနိုင်ငံအထက်ပိုင်း ဆရာဝန်များ ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးကို မတ် ၉ ရက်က မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး) ပတ္တမြားခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ မြန်မာနိုင်ငံအထက်ပိုင်း ဆရာဝန်များ ဂေါက်သီးရိုက်ပြိုင်ပွဲကို မတ် ၂၃ ရက်တွင် ရေတံခွန်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသော ဝါသနာရှင်ဆရာဝန်များအနေဖြင့် ဖုန်း ၀၉-၂၀၁၀၇၉၅၊ ၀၉-၂၀၂၂၅၄၂ တို့သို့ ဆက်သွယ်စာရင်းပေးသွင်း စုံစမ်းနိုင်ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၀-၃-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၇၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၄၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၆၀/၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀/၅၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၇၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၀၀/၅၂၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)**

| | |
|---|---|
| ဒီဇယ် | ၈၅၀၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၉၄၀၀၀/ ၉၅၀၀၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ | - ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - ၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၂၁.၀ |
| ဥရောပ | တစ်ယူရို | ၁၃၄၃.၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၀.၅၁ |
| ထိုင်း | တစ်ဘတ် | ၃၄.၅၀ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၁၂၅ |
| တရုတ် | တစ်ယွမ် | ၁၈၇.၇၁ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၅.၂၈ |

ခင်ရတနာ-စုစည်းသည်။

❖ ***ရှေ့ဖုံးမှ***

ယနေ့ကျင်းပသည့် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးတွင် တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၃၂၃ ဦးရှိသည့်အနက် ၃၁၆ ဦးတက်ရောက်ခဲ့ပြီး ခုနစ်ဦး ခွင့်တိုင်ကြားခဲ့ကြောင်းနှင့် ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးတွင် တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၁၆၈ ဦးရှိသည့်အနက် ၁၆၇ ဦး တက်ရောက်ခဲ့ပြီး တစ်ဦး ခွင့်တိုင်ကြားခဲ့ကြောင်း သိရသည်။

ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ဒုတိယသမ္မတလောင်းအဖြစ် အဆိုပြုကြရာတွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးထင်ကျော်အား ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်က အဆိုတင်သွင်း၍ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်က ထောက်ခံခဲ့ပြီး လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း(ခ)ဦးမောင်အုန်းအား မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်းက အဆိုတင်သွင်း၍ ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဒွေးဝင်းက ထောက်ခံခဲ့သည်။

ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ဒုတိယသမ္မတလောင်းအဖြစ် အဆိုပြုကြရာတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) မှ ဦးဟင်နရီဗန်ထီးယူအား ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာအောင်သူက အဆိုတင်သွင်း၍ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) မှ ဦးလှမြင့် (ခ) ဦးလှမြင့်သန်းက ထောက်ခံခဲ့ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးခင်အောင်မြင့်အား ကရင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၅)မှ ဦးစိုင်းသန်းနိုင်က အဆိုတင်သွင်း၍ ရှမ်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးကျော်နီနိုင်က ထောက်ခံခဲ့သည်။

နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံခြင်း ရှိ/မရှိ စိစစ်ရေးအဖွဲ့ ဖွဲ့စည်းရာတွင် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးနှင့် ရွေးကောက်ခံအမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးတို့ပါဝင်ရမည်ဖြစ်၍ ပြည်သူ့လွှတ်တော်အတွက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာမျိုးအောင်နှင့် အမျိုးသားလွှတ်တော်အတွက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဘမျိုးသိန်းတို့ကို စိစစ်ရေးအဖွဲ့ဝင်များအဖြစ် ရွေးချယ်ခဲ့ကြပြီး နိုင်ငံတော်သမ္မတ အရည်အချင်းများပြည့်စုံခြင်း ရှိ/မရှိ စိစစ်ခြင်းကို ယနေ့မှစ၍ ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၀ အရ နိုင်ငံတော်သမ္မတကို သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဖြင့် ရွေးချယ်တင်မြှောက်ရာတွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့သုံးဖွဲ့ဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်ဖြစ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းသည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ကလည်း ဒုတိယသမ္မတလောင်းတစ်ဦး၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်နာယကထံတင်သွင်းနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ မီးဘေးသင့်ပြည်သူများအတွက် အလှူငွေများ လှူဒါန်း

**နေပြည်တော် မတ် ၁၀**

မီးဘေးသင့်ပြည်သူများအတွက် စေတနာရှင်များက အလှူငွေနှင့် အလှူပစ္စည်းများကို ထောက်ပံ့လှူဒါန်းလျက်ရှိရာ ယခင်လက်ခံရရှိထားခဲ့သော အမေရိကန်ဒေါ်လာ ၃၀၂၀၀ ကို မြန်မာငွေဖြင့် လဲလှယ်ခြင်းမှ ရရှိငွေကျပ် ၃၆၆၃၂၆၀၀ နှင့် မကွေးတိုင်းဒေသကြီး ဖျောက်ဆိပ်ကုန်းကျေးရွာ မီးဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ခြင်းမှ ပိုငွေကျပ် ၃၃၀၀၀၀၀ ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး၌ မြန်မာနှစ်ခြင်းခရစ်ယာန်အသင်းတော်က ငွေကျပ် ၃၀၀၀၀၀၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကျောက်ဆည်မြို့က ငွေကျပ် ၅၀၀၀၀၀၊ OA-011834 စာရင်းသို့ အောင်လံမြို့ရှိ အလှူရှင်က ငွေကျပ် ၁၀၀၀၀၀ တို့ကို လှူဒါန်းသည်။

သို့ဖြစ်၍ ယနေ့ရရှိငွေမှာငွေကျပ် ၄၀၈၃၂၆၀၀ ဖြစ်သဖြင့် ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ လှူဒါန်းရရှိငွေကျပ် စုစုပေါင်းမှာ ငွေကျပ် ၃၀၃၀၀၂၈၅၀ နှင့် အမေရိကန်ဒေါ်လာ ၃၀၂၀၀ ဖြစ်ပြီး ယင်းရရှိငွေများအနက် ဖေဖော်ဝါရီ ၁၅ ရက်အထိ ရရှိငွေစုစုပေါင်း ငွေကျပ် ၁၀၈၇၃၂၃၀၀ ကို နမ့်ဆန်မြို့သို့ ငွေကျပ် ၃၅၁၇၀၃၀၀ ကို လည်းကောင်း၊ လပွတ္တာမြို့သို့ ငွေကျပ် ၄၃၅၆၂၀၀၀ ကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး ဖျောက်ဆိပ်ကုန်းကျေးရွာ မီးဘေးသင့်ဒေသသို့ ငွေကျပ် ၂၆၇၀၀၀၀၀ ကို လည်းကောင်း သက်ဆိုင်ရာ ပြန်လည်ထူထောင်ရေးကော်မတီအသီးသီးသို့ လွှဲပြောင်းပေးပို့ခဲ့ပြီးဖြစ်၍ ဖေဖော်ဝါရီ ၁၆ ရက်မှ ယနေ့အထိ ထပ်မံရရှိခဲ့သည့် လက်ကျန်ငွေကျပ် ၁၉၄၂၇၀၅၅၀ ကိုလည်း ဆက်လက်လွှဲပြောင်းပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း Workshop တက်ရောက်ရန် ထွက်ခွာ

**ရန်ကုန် မတ် ၁၀**

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်သက်မော်သည် မတ် ၁၁ ရက်တွင် တိုင်ပေ၌ပြုလုပ်မည့် “enhancing prosperity and opportunity for women in Asia – Pacific Region” Workshop တက်ရောက်ရန် ယနေ့နံနက်ပိုင်းက လေကြောင်းခရီးဖြင့်ထွက်ခွာသွားရာ အသင်းတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

# တစ်နှစ်လျှင် ပျမ်းမျှကီလိုဝပ် ၂၆၇ သန်း ထုတ်လုပ်ပေးနိုင်မည့် အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၀**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေးသည် တာဝန်ရှိသူများနှင့်အတူ မတ် ၅ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုးနဲမြို့နယ် ကျိုင်းတောင်းမြို့၏ အရှေ့တောင်ဘက် ၁၈ မိုင်ခန့်အကွာ နမ့်တိန်ချောင်းပေါ်ရှိ ကျိုင်းတောင်ရေတံခွန်အနီး ကျိုင်းတောင်းရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိသည်။

ရေယူအဆောက်အအုံအတွင်း ရေဝင်ရောက်မှုအခြေအနေ၊ ရေလွှဲဆည်အမှတ် (၁) ပေါ်မှ ရေဖြတ်ကျော်စီးဆင်းနေမှု၊ ရေလွှဲဆည်အမှတ် (၂) ရေဖြတ်ကျော်စီးဆင်းနေမှု၊ ရေယူအဆောက်အအုံနှင့် သဲနုန်းထုတ်တံခါး၊ ရေယူတူးမြောင်းနှင့် နုန်းစစ်ကန်တို့ကို လည်းကောင်း၊ ရေထိန်းကန်အတွင်း ရေသိုလှောင်ထားမှုနှင့်ရေကျော်နေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကျိုင်းတောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ လည်ပတ်ရန်လိုအပ်သည့်ရေစွမ်းအင်ကို မြစ်ရေစီးဆင်းမှုပုံစံ (Run-Off River Type) ဖြင့် တည်ဆောက်ထားပြီး စက်တစ်လုံးလျှင် ၁၈ မဂ္ဂါဝပ်ရှိ စက်သုံးလုံးဖြင့် စုစုပေါင်း စက်တပ်ဆင်အင်အား ၅၄ မဂ္ဂါဝပ်မှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း ၃၇၇ သန်းကို နိုင်ငံတော်ဓာတ်အားစနစ်အတွင်းသို့ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံဖြစ်သည်။

ဆက်လက်၍ မတ် ၆ ရက်တွင် ကျိုင်းတောင်းမြို့၏ အနောက်တောင်ဘက် ၁၄ မိုင်ခန့်အကွာ နမ့်တိန်ချောင်းပေါ်၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိကာ ပင်မတမံဝဲဘက်ကမ်းမြေကြီး၊ ကျောက်သားတူးဖော်နေမှုတို့ကို လည်းကောင်း၊ တမံအူကြောင်း တစ်လျှောက် စိန်လွန်တွင်းတူးခြင်းနှင့် ဘိလပ်မြေဖိသွင်းခြင်း လုပ်ငန်းများကိုလည်းကောင်း၊ ရေသွယ်ဥမင်လိုဏ်




မြေထိန်းနံရံခိုင်ခံ့မှု လုပ်ငန်းများကို လည်းကောင်း၊ ရေလွှဲရေထုတ်ပြွန်ကွန်ကရစ်လုပ်ငန်း ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အကျယ် ၂၁ ပေ၊ အမြင့် ၂၁ ပေ၊ အပေါက်သုံးပေါက်ပါ အလျား ၉၄၅ ပေရှိသော သံကူကွန်ကရစ် ရေလွှဲရေထုတ်ပြွန်ကို လည်းကောင်း၊ ရေပိုလွှဲတည်ဆောက်မည့်နေရာ တောရှင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်မည့်နေရာကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

အထက်ကျိုင်းတောင်းရေအား လျှပ်စစ်စီမံကိန်းသည် တပ်ဆင်စက်အင်အား ၁၇ မဂ္ဂါဝပ်ရှိ ဓာတ်အားပေးစက်သုံးလုံး စုစုပေါင်း ၅၁ မဂ္ဂါဝပ် အင်အားရှိသော စက်များဖြင့် တစ်နှစ်လျှင် ပျမ်းမျှကီလိုဝပ် ၂၆၇ သန်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပျောက်ဆုံးသည့်ပစ္စည်းများအား ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့က ပိုင်ရှင်များထံ ပြန်လည်ပေးအပ်



**နေပြည်တော် မတ် ၁၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ရွှာဟောင်းဘုရားကြီးအနီး၌ မတ် ၆ ရက် ညနေ ၅ နာရီခန့်က ပုဂံမြို့သစ် ကိုးလုံးရပ်နေ ဦးမြင့်ကျော်သူ (၂၆ နှစ်)က ကင်န္ဒွန်အမည်းရောင်ကင်မရာတစ်လုံးကို ကောက်ရထားကြောင်း သတင်းအရ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့စု(ပုဂံ)မှ တပ်ဖွဲ့ဝင်များက သွားရောက် လက်ခံယူကာ ပိုင်ရှင်ထံသို့ ပြန်လည်အပ်နှံနိုင်ရေး စုံစမ်းဆောင်ရွက်ရာ Royal Bagan Hotel အခန်းအမှတ် (၂၁၅)၌ တည်းခိုနေထိုင်သည့် ပြင်သစ်နိုင်ငံသား Mr. Thomas Pierre Alexis ၏ ကင်မရာဖြစ်ကြောင်း သိရှိရသဖြင့် လိုက်လံရှာဖွေကာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

အလားတူ မတ် ၈ ရက် ညနေ ၅ နာရီ ၄၅ မိနစ်ခန့်က ပဲခူးမြို့ ရွှေမော်ဓောဘုရား မြောက်ဘက်မုခ်ရှိ တည်ပင်အောက်၌ ဂျာမနီနိုင်ငံသူ Ms. Nora Loehle သည် iPhone 5S ကို ချထားရာမှ မေ့ကျန်ပျောက်ဆုံးခဲ့သည်။ ထို့နောက် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့စိတ်(ပဲခူး)မှ တပ်ဖွဲ့ဝင်များအား ကူညီရှာဖွေပေးရန် အကူအညီ တောင်းခံမှုကြောင့် လိုက်လံစုံစမ်းရှာဖွေရာ ပဲခူးမြို့ ကျောက်တွင်းကုန်း (င)ရပ်ကွက်နေ ဦးဖိုးထူး(ခ) ဦးနိုင်ဝင်း(၄၃ နှစ်)မှ အဆိုပါဖုန်းကို တွေ့ရပြီး သိမ်းဆည်းထားကြောင်းသိရှိရသောကြောင့် သွားရောက် လက်ခံယူကာ ဂျာမနီနိုင်ငံသူထံသို့ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ကိုရဲ)**

# ဗင်နီဇွဲလားက အမေရိကန်မှ သံရုံးတာဝန်ခံကိုပြန်လည်ခေါ်ယူ

**ကာရာကာ့စ် မတ် ၁၀**

အမေရိကန်သမ္မတဘားရက်အိုဘားမားက ဗင်နီဇွဲလားထိပ်တန်းတာဝန်ရှိသူများအပေါ် အရေးယူဒဏ်ခတ်ပိတ်ဆို့ထားသော အမိန့်ဒီကရီကိုပြန်လည်သုံးသပ်ခဲ့ပြီးနောက် ဗုဒ္ဓဟူးနေ့က ဗင်နီဇွဲလားက ၎င်းတို့၏ ဝါရှင်တန်ရှိ ထိပ်တန်းသံတမန်တစ်ဦးကို ကာရာကာ့စ်သို့ ပြန်လည်ခေါ်ယူလိုက်သည်။

ဝါရှင်တန်တွင် ဗင်နီဇွဲလားသံရုံးယာယီတာဝန်ခံအဖြစ် တာဝန်ထမ်းဆောင်နေသူ မက်ဆီမီလံ အာဗီလိတ်သည် လအတန်ကြာအောင် အမေရိကန်ဆိုင်ရာ ဗင်နီဇွဲလားသံအမတ်ကြီးရာထူးတာဝန်ထမ်းဆောင်ရန် စောင့်ဆိုင်းနေသူဖြစ်သည်။

အဆိုပါနှစ်နိုင်ငံသည် ၂၀၁၀ ပြည့်နှစ်ကတည်းကပင် သံအမတ်ကြီးခန့်အပ်ခြင်းမရှိခဲ့ကြပေ။ အမေရိကန်က လွန်ခဲ့သော ၁၂ လက လုံခြုံရေးခြိမ်းခြောက်မှုဖြင့် ဗင်နီဇွဲလားနိုင်ငံအား အရေးယူမှုများ ပြုလုပ်ခဲ့သည်။

အမေရိကန်အနေဖြင့် ဗင်နီဇွဲလားအစိုးရကို အကွက်ချဖြုတ်ချရန်ကြိုးစားခဲ့သည်ဟု ဗင်နီဇွဲလားသမ္မတမာဒူရိုက စွပ်စွဲပြောဆိုလိုက်သည်။ ၁၉၉၉ ခုနှစ်တွင် ချာဗက်ဇ်သမ္မတဖြစ်လာပြီးနောက်ပိုင်းမှစ၍ အမေရိကန်နှင့် ဗင်နီဇွဲလားနိုင်ငံတို့၏ဆက်ဆံရေးမှာ အဆင်မပြေဖြစ်ခဲ့သည်။

(ရိုက်တာ)



မတ် ၉ ရက်က ကာရာကာ့စ်၌ကျင်းပသောအခမ်းအနားတစ်ခုသို့ တက်ရောက်လာသော ဗင်နီဇွဲလားသမ္မတ၊ ဒုတိယသမ္မတနှင့် ကာကွယ်ရေးဝန်ကြီးတို့ကို တွေ့ရစဉ်။



# ရွှေ့ပြောင်းသွားလာသူများအရေး ကလင်တန်နှင့် ဘာနီဆန်းဒါးတို့အချီအချဆွေးနွေး

**နယူးယောက် မတ် ၁၀**

ဗုဒ္ဓဟူးနေ့ညကပြုလုပ်သော ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ ပြုပြင်ပြောင်းလဲရေး ဒီဘိတ်တစ်ခု၌ ဒီမိုကရက်တစ်မှ သမ္မတနေရာယှဉ်ပြိုင်သူ ဟီလာရီကလင်တန်နှင့် ဘာနီဆန်းဒါးတို့ အချီအချ ဆွေးနွေးပြောဆိုကြရာ နှစ်ဦးစလုံးက ရာဇဝတ်မှုကျူးလွန်ထားခြင်းမရှိသော ရွှေ့ပြောင်းသွားလာသူများကို တိုင်းပြည်မှ ထွက်ခွာခိုင်းမည်မဟုတ်ကြောင်း ကတိပေးပြောဆိုကြသည်။

ဖလော်ရီဒါရွေးကောက်ပွဲမတိုင်မီ ရက်အနည်းငယ်ခန့်က မီယာမီ၌ကျင်းပသော ယှဉ်ပြိုင်ဟောပြောပွဲတွင် ကလင်တန်နှင့် ဘာနီဆန်းဒါးတို့ တစ်လှည့်စီ အနိုင်ရခဲ့ကြသည်။

စီအန်အန်နှင့် စပိန်ဘာသာစကားဖြင့် ထုတ်လွှင့်သော ကွန်ရက်မှ ဆွေးနွေးပွဲသဘာပတိများက ယှဉ်ပြိုင်သူ ကိုယ်စားလှယ်လောင်းနှစ်ဦးစလုံးသည် ကလေးသူငယ်ရွှေ့ပြောင်းသွားလာသူများကိုလည်း လက်သင့်ခံခြင်းရှိ မရှိကို ဖော်ပြခဲ့ကြသည်။ ဖွံ့ဖြိုးတိုးတက်ရေးတက်ကြွလှုပ်ရှားသူများသည် အဆိုပါကလေးငယ်များကို လက်ခံခြင်းမပြုသည့် လက်ရှိသမ္မတ အိုဘားမား၏ စီမံအုပ်ချုပ်မှု မူဝါဒအပေါ် ပြင်းပြင်းထန်ထန်ဝေဖန်နေကြသည်။

ဆွေးနွေးပွဲကျင်းပစဉ်အတွင်း မီယာမီ ဒါဒီကောလိပ်မှ ပရိသတ်တစ်ဦးက ၎င်းမှာ ဂွါတီမာလာ ရွှေ့ပြောင်းသွားလာသူတစ်ဦးဖြစ်ကြောင်း၊ ၎င်း၏ အမျိုးသားသည် သူနှင့် ကလေးငါးဦးကို ချန်ထားခဲ့ပြီး နယ်နှင်ဒဏ်ပေးခြင်းခံခဲ့ရကြောင်း ကိုယ်စားလှယ်လောင်းနှစ်ဦးကို စပိန်ဘာသာစကားဖြင့် ဆွေးနွေးခဲ့ရာ ယင်းနေ့အတွက် အမှတ်ရစရာ ဇာတ်လမ်းတစ်ပုဒ် ဖြစ်ခဲ့သည်။

(ရိုက်တာ)

# ပစ်ဘာ့ဂ်အနီး၌ ပစ်ခတ်မှုဖြစ်ပွား ငါးဦးသေဆုံး၊ ဒဏ်ရာရသူများပြား

**ဝါရှင်တန် မတ် ၁၀**

ပစ်ဘာ့ဂ်အနီး၌ ဗုဒ္ဓဟူးနေ့က ပစ်ခတ်မှုတစ်ခုဖြစ်ပွားခဲ့ရာ အနည်းဆုံးငါးဦးသေဆုံးခဲ့ပြီး လူပေါင်းများစွာဒဏ်ရာရရှိခဲ့ကြောင်း ရဲများနှင့် မျက်မြင်သက်သေမီဒီယာများက ပြောသည်။

မြို့တော်အရှေ့ဘက် ရှစ်မိုင်ခန့်အကွာ ဝီလ်ကင်ဘာ့ဂ်၌ ဒေသခံအမျိုးသမီး လေးဦးနှင့် အမျိုးသားတစ်ဦး ပစ်ခတ်ခံရပြီးသေဆုံးခဲ့ကြောင်း WPXI သတင်းဌာနက ပြောသည်။

သေနတ်ပစ်ခတ်သံ အနည်းဆုံး အချက် ၂၀ ခန့်ကို ကြားခဲ့ရကြောင်းနှင့် ပစ်ခတ်မှုတွင် ပါဝင်ပတ်သက်သည့် သေနတ်သမားနှစ်ဦးကို မျက်မြင်သက်သေကေလာ အလက်ဇန်ဒရာက WPXI သို့ သတင်းပေးပြောကြားခဲ့သည်။

လူပေါင်း ခုနစ်ဦးမှ ရှစ်ဦးခန့် ပစ်ခတ်ခံရကြောင်း ဒေသတွင်း အခြားမီဒီယာများက ဖော်ပြခဲ့ကြပြီး ရဲတပ်ဖွဲ့ဘက်မှ တစ်စုံတစ်ရာပြောဆိုမှု မရှိသေးပေ။ ဒေသတွင်း တွစ်တာစာမျက်နှာများပေါ်တွင် ရဲကားများနှင့် လူနာတင်ယာဉ်များ၏ဓာတ်ပုံများကို သတင်းထောက်များက ဖော်ပြခဲ့ကြသည်။

ဝီလ်ကင်ဘာ့ဂ်၌ အလယ်အလတ်တန်းစားနှင့် ဝင်ငွေနည်းဒေသခံများ ၁၆၀၀၀ ခန့် နေထိုင်ကြကြောင်း မှတ်တမ်းများအရ သိရသည်။

(ရိုက်တာ)

# အီရန်ဒုံးပျံစမ်းသပ်ပစ်လွှတ်မှု နျူကလီးယားစာချုပ် ချိုးဖောက်ခြင်းမရှိဟုဆို

**အန်ကာရာ မတ် ၁၀**

အစ္စရေးနိုင်ငံအထိ ရောက်ရှိနိုင်သော တိုက်ချင်းပစ်ဒုံးပျံများ စမ်းသပ်မှုသည် ၂၀၁၅ ခုနှစ်က အဓိကအင်အားကြီးခြောက်နိုင်ငံနှင့် သဘောတူညီချက်ကို ချိုးဖောက်ခြင်းမရှိကြောင်း ထိပ်တန်းတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကားလျက် အီရန်နိုင်ငံပိုင်ရုပ်မြင်သံကြားက သတင်းထုတ်လွှင့်သည်။

"လွန်ခဲ့သောရက်များက စစ်ရေးပြုလုပ်စဉ်အတွင်း အီရန်နိုင်ငံ၏ ဒုံးပျံအစီအစဉ်နှင့် ဒုံးပျံစမ်းသပ်မှုများသည် အင်အားကြီးခြောက်နိုင်ငံနှင့် သဘောတူထားမှုအပေါ် ချိုးဖောက်မှုမရှိကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ ဟိုစိန်ဂျာဘာရီအန်ဆာရီက ပြောကြားသည်။

အီရန်တော်လှန်ရေးအစောင့်တပ်(အိုင်အာဂျီစီ)က အင်္ဂါနေ့၊ ဗုဒ္ဓဟူးနေ့များတွင် တိုက်ချင်းပစ်ဒုံးပျံအချို့ စမ်းသပ်ပစ်လွှတ်ခဲ့ပြီး ယင်းစမ်းသပ်မှုသည် ကုလသမဂ္ဂဆုံးဖြတ်ချက်နှင့် နျူကလီးယားစာချုပ်ကို စိန်ခေါ်လိုက်ခြင်းဖြစ်သည်။

(ရိုက်တာ)



# တာတိုပစ်ဒုံးကျည်နှစ်စင်းကို ကမ်းလွန်ပင်လယ်သို့ မြောက်ကိုရီးယားပစ်ခတ်

**ပြုံယမ်း မတ် ၁၀**

မြောက်ကိုရီးယားသည် တာတိုပစ်ဒုံးကျည်နှစ်စင်းကို ကြာသပတေးနေ့အစောပိုင်းက ၅၀၀ ကီလိုမီတာနီးပါး (၃၀၀ မိုင်)လောက်ဝေးသော ဝမ်ဆန်အရှေ့ဘက်ကမ်းရိုးတန်းမြို့ ကမ်းလွန်ပင်လယ်သို့ ပစ်ခတ်ခဲ့ကြောင်း တောင်ကိုရီးယားစစ်ဘက်ဆိုင်ရာက ပြောကြားခဲ့သည်။

မြောက်ကိုရီးယားတွင် တာတိုပစ်ဒုံးကျည်အမြောက်အမြားရှိပြီး နိုင်ငံဖြတ်ကျော်နှင့် တာဝေးပစ်ဒုံးကျည်များကို နည်းပညာပိုင်းဆိုင်ရာ အဆင့်မြှင့်တင်မှုများ ပြုလုပ်နေကြောင်း သိရသည်။

မြောက်ကိုရီးယားသည် လွန်ခဲ့သောအပတ်က ခေါင်းဆောင် ကင်ဂျုံအန်း၏ကြီးကြပ်မှုဖြင့် ပင်လယ်တွင်းသို့ ဒုံးကျည်ခြောက်စင်းပစ်ခွင်းခဲ့သည်။ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းသည် ၎င်း၏တပ်ဖွဲ့ကိုရန်သူများအား တုံ့ပြန်တိုက်ခိုက်နိုင်ရေး အဆင်သင့်ပြုလုပ်ထားရန် အမိန့်ထုတ်ပြန်ထားသည်။

(ရိုက်တာ)

# ဘင်္ဂလားပင်လယ်အော်ထဲသို့ လေယာဉ်ပျက်ကျ၊ သုံးဦးသေဆုံး တစ်ဦးဒဏ်ရာပြင်းထန်စွာရရှိ

**ဒါကာ မတ် ၁၀**

ဗုဒ္ဓဟူးနေ့နံနက်က ကုန်တင်လေယာဉ်တစ်စင်းသည် ဘင်္ဂလားဒေ့ရှ်မြို့တော် ဒါကာနှင့် ၂၉၂ ကီလိုမီတာကွာဝေးသော အရှေ့တောင်ဘက် ကော့ဘဇားပြည်နယ် ကမ်းရိုးတန်းကမ်းလွန် ဘင်္ဂလားပင်လယ်အော်တွင်းသို့ ပျက်ကျခဲ့ရာ လေယာဉ်မှူးတစ်ဦးအပါအဝင် လူသုံးဦးသေဆုံးခဲ့ပြီး အခြားလူတစ်ဦး ပြင်းထန်စွာဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းဌာနတွင် ဖော်ပြသည်။ လေယာဉ်မှူးဟုထင်ရသော အသားဖြူနိုင်ငံခြားသားတစ်ဦး၏ ရုပ်အလောင်းကို လေယာဉ်ပျက်ကျပြီး မကြာမီတွေ့ရှိခဲ့ကြောင်း၊ ဒဏ်ရာပြင်းထန်သော အခြားလေယာဉ်အမှုထမ်းဖြစ်သူ နိုင်ငံခြားသားတစ်ဦးကိုလည်း ကယ်တင်ခဲ့ပြီး ဆေးကုသမှုခံယူရန် ဒေသန္တရဆေးရုံသို့ပို့ဆောင်ပေးခဲ့ကြောင်း ကော့ဘဇားလေဆိပ်မန်နေဂျာ ဆက်ဒမ် ကုမာမိုဟန်တာက ဆင်ဟွာသို့ပြောခဲ့သည်။

လေယာဉ်ပျက်ကျပြီးနောက် နာရီအတော်ကြာပျောက်ဆုံးနေသော အခြားလေယာဉ်အမှုထမ်းနှစ်ဦး၏ ရုပ်အလောင်းများကို လေယာဉ်ပျက်ကျရာဝန်းကျင်အနီး၌ ကမ်းခြေစောင့်တပ်သားများက ဒေသခံငါးဖမ်းသမားများ၏အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ကြောင်း ၎င်းကထပ်မံပြောကြားခဲ့သည်။

ကုန်တင်လေယာဉ်သည် လေဆိပ်နှင့် စကားပြောဆိုဆက်သွယ်မှုပြတ်တောက်ပြီးနောက် မိနစ်အနည်းငယ်အကြာ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၅ မိနစ်ခန့် ဗုဒ္ဓဟူးနေ့က ပျက်ကျခဲ့ခြင်းဖြစ်သည်။ ဒေသတွင်းမှတ်ပုံတင်ထားသော ထရူးလေကြောင်းလိုင်းပိုင် ပျက်ကျကုန်တင်လေယာဉ်သည် ဘင်္ဂလားဒေ့ရှ် ကော့ဘဇားဒေသမှ ပုစွန်များကို မြို့တော် ဒါကာနှင့် ၁၆၄ ကီလိုမီတာဝေးသော အနောက်တောင်ဘက် ဂျက်စောဒေသသို့သယ်ယူပို့ဆောင်ပေးနေသော လေယာဉ်ဖြစ်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များက လေယာဉ်ပျက်ကျမှုတွင် ပါဝင်သူများမှာ ရုရှားလူမျိုးများဟု ကနဦးဖော်ပြထားသော်လည်း နောက်ပိုင်းတွင် ယူကရိန်းနိုင်ငံသားများဟု ပြောခဲ့သည်။ လေယာဉ်ပျက်ကျသည့် အသေးစိတ်အချက်များကို ယခုတိုင်မသိရသေးပေ။

(ဆင်ဟွာ)

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (က) ဦးထိန်လွင်<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်<br>ကွပ်ကဲရေးဦးစီးဌာန<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| (ခ) ဦးခင်မောင်ဝင်း<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>ရေအားလျှပ်စစ်ဓာတ်အား<br>ထုတ်လုပ်ရေးလုပ်ငန်း<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>လျှပ်စစ်ဓာတ်အား<br>ထုတ်လုပ်ရေးလုပ်ငန်း<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| (ဂ) ဦးသန်းနိုင်ထွန်း<br>ညွှန်ကြားရေးမှူးချုပ်<br>လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသား<br>မှတ်ပုံတင်ရေးဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်ပုံတင်နှင့်နိုင်ငံသား<br>ဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဦးအေးဆန်း | ညွှန်ကြားရေးမှူးချုပ်<br>ရေအားလျှပ်စစ်အကောင်အထည်<br>ဖော်ရေးဦးစီးဌာန<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| (ခ) ဦးယဉ်ဇော်မျိုး | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စီးပွားရေးဘဏ်<br>ဘဏ္ဍာရေးဝန်ကြီးဌာန |

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့်ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (က) ဒေါ်မိမိခိုင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| (ခ) ဒေါက်တာဖိုးကောင်း<br>ဒုတိယပါမောက္ခချုပ်<br>ရန်ကုန်တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရန်ကုန်တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (ဂ) ဒေါက်တာဒေါ်သီတာဝင်း<br>ဒုတိယပါမောက္ခချုပ်<br>မန္တလေးတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မန္တလေးတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (ဃ) ဒေါက်တာဒေါ်တင့်တင့်<br>ဒုတိယပါမောက္ခချုပ်<br>မန္တလေးနိုင်ငံခြားဘာသာ<br>တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မန္တလေးနိုင်ငံခြားဘာသာ<br>တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (င) ဒေါက်တာသန်းစိုး<br>ဒုတိယပါမောက္ခချုပ်<br>ပုသိမ်တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မြစ်ကြီးနားတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (စ) ဒေါက်တာတင်ထွေး<br>ဒုတိယပါမောက္ခချုပ်<br>ရန်ကုန်နိုင်ငံခြားဘာသာ<br>တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဟင်္သာတတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (ဆ) ဒေါက်တာကိုကိုမြင့်<br>ဒုတိယပါမောက္ခချုပ်<br>ကျောက်ဆည်တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ပင်လုံတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (ဇ) ဒေါက်တာမောင်မောင်နိုင်<br>ဒုတိယပါမောက္ခချုပ်<br>ရတနာပုံတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>လားရှိုးတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (ဈ) ဒေါက်တာဒေါ်စမ်းစမ်းမာ<br>ဒုတိယပါမောက္ခချုပ်<br>တောင်ငူတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ကျိုင်းတုံတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |

*** ရှေ့ဖုံးမှ**

အလားတူ မတ် ၁၁ ရက်တွင်ကျရောက်သော လစ်သူယေးနီးယားသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ လစ်သူယေးနီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အယ်ဂီဒါ့စ် ဘော့ဂ်ဗီးစီးယို့စ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် လစ်သူယေးနီးယားလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် မတ် ၁၁**

၂၀၁၆ ခုနှစ် မတ် ၁၁ ရက်တွင်ကျရောက်သော လစ်သူယေးနီးယားသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ လစ်သူယေးနီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ လင်နာ့စ် လင့်ခ်ဗီးစီးယို့စ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## သံအမတ်ကြီး ဦးမြင့်နောင် ဟယ်လင်းနစ်သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မတ် ၁၁**

ဟယ်လင်းနစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်နောင်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၆ ခုနှစ် မတ် ၂ ရက်တွင် အေသင်မြို့၌ ဟယ်လင်းနစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ ပရိုကိုပိစ် ပါဗလိုပူလော့စ် ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

## သံအမတ်ကြီး ဦးအောင်ခင်စိုး ဘူတန်ဘုရင်မင်းမြတ်ထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မတ် ၁၁**

ဘူတန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအောင်ခင်စိုးသည် ၎င်း၏သံအမတ်ခန့်အပ်လွှာကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၉ ရက်တွင် သင်ဖူးမြို့၌ ဘူတန်နိုင်ငံ ဘုရင်မင်းမြတ် ဂျင်မီခေဆာ နမ်းဂျဲလ် ဝမ်ချွတ် ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွှေတိဂုံပုံတူ သန္တိကရစေတီတော်မြတ်ကြီး ရွှေထီးတော်တင်၊ လဟယ်မြို့ ပြည်သူ့ဆေးရုံခွဲစိတ်ဆောင်သစ်ဖွင့်

**နေပြည်တော် မတ် ၁၀**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့၌ ရောက်ရှိနေသော သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာဘဒ္ဒန္တ အရှင်ဉာဏိဿရ၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်အဖွဲ့သည် မတ် ၈ ရက် နံနက်ပိုင်းက တပ်မတော်ရဟတ်ယာဉ်ဖြင့် ပန်ဆောင်မြို့သို့ ဆက်လက်ထွက်ခွာ၍ ပန်ဆောင်မြို့ရှိ ရွှေတိဂုံပုံတူ သန္တိကရ စေတီတော်မြတ်ကြီး၏ ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြသည်။



အဆိုပါ မင်္ဂလာအခမ်းအနားသို့ သီတဂူဆရာတော်ကြီး ဦးဆောင်သည့် လီဗိုဆရာတော်နှင့် တောင်တန်းသာသနာပြုဆရာတော်များ၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်အတူ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးရှုစံကြူးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဒေသခံရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ပြီး သီတဂူဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းမှူးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးရှုစံကြူးနှင့် ဧည့်ပရိသတ်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်ကို ပင့်ဆောင်လျက် စေတီတော်အား လက်ယာရစ်လှည့်လည်ပူဇော်ကြပြီး ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို မင်္ဂလာရထားပျံဖြင့် ထုံးတမ်းစဉ်လာများနှင့်အညီ တင်လှူပူဇော်ကြရာ ဆရာတော်၊ သံဃာတော်များက ဇယန္တော ဗောဓိယာမူလေ အစရှိသောဂါထာများကို ရွတ်ဆိုပူဇော်ကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာအခမ်းအနားကိုကျင်းပရာ သီတဂူဆရာတော်ကြီး အမှူးပြုသော ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသိက် သွန်းတော်မူကြသည်။

ပန်ဆောင်မြို့ရှိ ရွှေတိဂုံပုံတူ သန္တိကရ စေတီတော်မြတ်ကြီးသည် ဉာဏ်တော် ၃၇ တောင်၊ အမြင့် ၅၅ ပေခွဲရှိပြီး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် ဦးဆောင်၍ စေတနာရှင် ဘုရားဒါယကာ ဒါယိကာမများ၏ လှူဒါန်းမှုဖြင့် တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ သီတဂူဆရာတော်ကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပန်ဆောင်မြို့မှ တပ်မတော် ရဟတ်ယာဉ်ဖြင့် ထွက်ခွာခဲ့ရာ လဟယ်မြို့သို့ ရောက်ရှိကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လဟယ်မြို့ ပြည်သူ့ဆေးရုံ ခွဲစိတ်ဆောင်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးရှုစံကြူးနှင့် မြို့နယ်ဆရာဝန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်၍ ပြည်ထောင်စုဝန်ကြီးက လဟယ်မြို့ ပြည်သူ့ဆေးရုံခွဲစိတ်ဆောင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကာ ပြည်သူ့ဆေးရုံခွဲစိတ်ဆောင်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သည့် မီးသတ်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီး ဦးတင်ဝင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သည့် လဟယ်မြို့ မြို့ပြနှင့် အိမ်ရာဦးစီးဌာန ဝန်ထမ်းအိမ်ရာ အဆောက်အအုံများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီးဝန်ကြီး ဦးတင်ဝင်းနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးရှုစံကြူးတို့က ဖွင့်လှစ်ပေးကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်အဖွဲ့သည် လဟယ်မြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် ခန္တီးမြို့သို့ ရောက်ရှိကြသည်။

**(သတင်းစဉ်)**

# ၂၀၁၅ ခုနှစ်၊ အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်စာရင်းထုတ်ပြန်ကြေညာ

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့်ဝိသုဒ္ဓိမဂ်စာမေးပွဲအောင်စာရင်းကို ထုတ်ပြန်ကြေညာလိုက်ပါသည်-

(က) အဘိဓမ္မာစာမေးပွဲတွင် စာဖြေဌာနပေါင်း ၁၄၀ ဌာနတို့၌ ဖြေဆိုသူ ၁၃၉၈၁ ဦး၊ အောင်မြင်သူ ၁၁၁၁၂ ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံးအောင်မြင်သူ ၁၈၁၇ ဦးရှိ၍ တစ်ပြည်လုံး၌အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ(ထူးချွန်ဆု) ရရှိကြသူများမှာ-

(၁)**တစ်ပြည်လုံး ပထမ**
ခုံအမှတ် မြစ်-၄၁ ၊ မသမိဒ္ဓညာဏီ၊ မြစ်ကြီးနားစာဖြေဌာန
မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်

(၂)**တစ်ပြည်လုံး ဒုတိယ**
ခုံအမှတ် မြစ်-၁၊ မခိုင်သူဇာဝင်း၊ မြစ်ကြီးနားစာဖြေဌာန
မြစ်ကြီးနားမြို့ ၊ ကချင်ပြည်နယ်

(၃)**တစ်ပြည်လုံး တတိယ**
ခုံအမှတ် ဒဂတ-၃၅၈၊ ဒေါ်စန်းစန်းအေး၊ ဒဂုံမြို့သစ်တောင်ပိုင်းစာဖြေဌာန၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(ခ) အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၁၀၅ ဌာနတို့၌ ဖြေဆိုသူ ၃၁၉၀ ဦး၊ အောင်မြင်သူ ၂၆၀၀ ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံး အောင်မြင်သူ ၄၂၅ ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ(ထူးချွန်ဆု) ရရှိကြသူများမှာ-

(၁)**တစ်ပြည်လုံး ပထမ**
ခုံအမှတ် လှိုင်-၅၀၊ မစန္ဒာထွေး၊ လှိုင်စာဖြေဌာန
လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(၂)**တစ်ပြည်လုံး ဒုတိယ**
ခုံအမှတ် လွင်-၆ ၊ ဒေါ်ခင်မာသက်ရွှေထွေး၊
ပြင်ဦးလွင် စာဖြေဌာန
ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး

(၃)**တစ်ပြည်လုံး တတိယ**
ခုံအမှတ် လှိုင်-၁၇၊ ဒေါ်သက်သက်အေး၊ လှိုင်စာဖြေဌာန
လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(ဂ) ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၈၈ ဌာနတို့၌ဖြေဆိုသူ ၂၂၂၁ ဦး၊ အောင်မြင်သူ၂၀၆၀ ဦး၊ နှစ်ချင်းပေါက်သုံးဆင့် အောင်မြင်သူ ၃၂၇ ဦး ရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ(ထူးချွန်ဆု)ရရှိကြသူများမှာ-

(၁)**တစ်ပြည်လုံး ပထမ**
ခုံအမှတ် ထီလာ-၅၊ မခင်မာယဉ် ၊ မိတ္ထီလာစာဖြေဌာန
မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး

(၂)**တစ်ပြည်လုံး ဒုတိယ**
ခုံအမှတ် လှိုင်-၁၃၊ ဒေါ်ခင်စောမြင့်၊ လှိုင်စာဖြေဌာန
လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(၃)**တစ်ပြည်လုံး တတိယ**
ခုံအမှတ် လှိုင်-၂၁၊ ဒေါ်သီတာ၊ လှိုင်စာဖြေဌာန
လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ အောင်စာရင်းအပြည့်အစုံကို တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူး ရုံးများ၊ စာဖြေဌာနရှိရာ မြို့နယ်သံဃနာယကအဖွဲ့များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများတွင် ကြည့်ရှုနိုင်ပါသည်။

**သာသနာရေးဦးစီးဌာန**

# နိုင်ငံတကာပညာရှင်များပါဝင်မည့် 8th Yangon Photo Night ပြပွဲကြီး ကျင်းပမည်

**ရန်ကုန် မတ် ၁၀**

ပြင်သစ်နိုင်ငံမှ ကမ္ဘာ့အဆင့်မီ ဓာတ်ပုံပညာရှင်ကြီးများ ကိုယ်တိုင်ပါဝင်ကာ မြန်မာနိုင်ငံမှ ပရော်ဖက်ရှင်နယ်အဆင့်နှင့် မျိုးဆက်သစ် ဓာတ်ပုံသတင်းထောက်များ၏ ရိုက်ကူးပုံဖော်ထားသော Photo Storyများပါဝင်သည့် နိုင်ငံတကာအဆင့်မီ (၈)ကြိမ်မြောက် ရန်ကုန်ဓာတ်ပုံပွဲတော်ပြပွဲနှင့် ပြိုင်ပွဲများကို ရန်ကုန်မြို့အနှံ့ရှိ ပြခန်းများတွင် မတ် ၁၂ ရက်မှစတင်ပြီး ၃၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့ ပြည်လမ်းရှိ ပြင်သစ်အနုပညာယဉ်ကျေးမှုဌာနမှ သိရသည်။



"ကျွန်တော်တို့ yangon photo festival အနေနဲ့ ပြင်သစ်ယဉ်ကျေးမှုအနုပညာဌာနနဲ့ပူးပေါင်းပြီး ဓာတ်ပုံပြပွဲတွေကျင်းပလာခဲ့တာ အခုဆို (၈)ကြိမ်မြောက်ကို ရောက်လာပါပြီ။ နှစ်စဉ် နိုင်ငံတကာက ကမ္ဘာ့အဆင့်ရှိတဲ့ ဓာတ်ပုံပညာရှင်တွေ လာရောက်ပြသတယ်။ ယှဉ်ပြိုင်ကြတယ်။ မြန်မာဓာတ်ပုံသမားက နည်းပါတယ်။ ဒီနှစ်ကတော့ မြန်မာနိုင်ငံက ပရော်ဖက်ရှင်နယ်အဆင့်ရှိတဲ့ Photo ဂျာနယ်လစ်တွေ၊ သင်တန်းသား ဓာတ်ပုံသမားတွေနဲ့ ဝင်ရောက်ပြသမှာဖြစ်သလို ဓာတ်ပုံဆရာကြီးတွေလည်း အတော်များများမှာ ဖြစ်ပါတယ်"ဟု yangon photo festivalမှ ကိုပြည်ကျော်မြင့်က ပြောသည်။

ထို့ပြင် မတ် ၁၉ ရက်တွင် Yangon Photo Night အဖြစ် ရန်ကုန်မြို့ ပြင်သစ်အနုပညာဌာနတွင် ကမ္ဘာ့ဓာတ်ပုံပွဲတော်အား မိတ်ဆက်ပေးသွားမည်ဖြစ်ကာ ထိုပွဲတွင် ဆုပေးပွဲအား ကျင်းပမည်ဖြစ်သည်။ Gamma ဓာတ်ပုံသတင်းထောက်အဖွဲ့၏ နှစ် (၅၀) ပြည့်ပွဲတော်၌ တွေ့မြင်ရပြီး နာမည်ကြီး Gilles, Caron, Sebastiao Salgado, Francoise Demulder နှင့် အခြားပြည်တွင်းပြည်ပ နာမည်ကျော်ဓာတ်ပုံသတင်းထောက်များ ပါဝင်ပြသယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ထိုဓာတ်ပုံပွဲတော်ကြီးမှ ထူးချွန်ဓာတ်ပုံဆရာများအား ဥရောပခရီးစဉ်လေးခုသို့ သွားရောက်လေ့လာခွင့်ဆု၊ ဇူလိုင်လတွင် ပြင်သစ်နိုင်ငံရှိ ဓာတ်ပုံပညာရပ်ဆိုင်ရာ Work shop တက်ရောက်ခွင့် ဆုနှင့် ကင်မရာဆုများ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း ပြပွဲကျင်းပရေးကော်မတီမှ သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေး သက်မွေးပညာသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်

**စစ်တွေ မတ် ၁၀**

ကျေးလက်နေပြည်သူများ ဝင်ငွေတိုးစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးအတွက် သက်မွေးပညာသင်တန်း ၂၄ ခုကို ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၁၄၆၀ မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း မတ် ၉ ရက်က စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက်တွင် ကျင်းပသော (၇၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရခိုင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးသစ်နှင့် စစ်တွေခရိုင် ဦးစီးမှူးရုံးသစ်ဖွင့်ပွဲအခမ်းအနားတွင် ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သန်းက ပြောကြားခဲ့သည်။

ရခိုင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစတင်ကာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် ပြည်နယ်အစိုးရရန်ပုံငွေများသည် တစ်နှစ်လျှင် ၂၀ ဘီလီယံမှ ၃၀ ဘီလီယံထိ ခွင့်ပြုငွေဖြင့် ရခိုင်ပြည်နယ် ၁၇ မြို့နယ်တွင် ကျေးလက်လမ်းတံတား၊ ရေပေးရေး၊ မီးလင်းရေး၊ ကျေးလက်အိမ်ရာ၊ အိမ်သာတည်ဆောက်ရေး လုပ်ငန်းများကို စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခဲ့သည့်နည်းတူ ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးလာစေရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို မြို့နယ် ၁၇ မြို့နယ်တွင် ကျေးရွာပေါင်း ၂၉၉ ရွာ ဆောင်ရွက်ခဲ့ပြီး လူမှုဗဟိုပြုစီမံကိန်း (Community Driven Development Project) ကို အမ်းမြို့နယ်တစ်ခုလုံးရှိ ကျေးရွာများတွင် ဆောင်ရွက်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။

**မြတ်ဝေ**

# ကြံခင်း-မြန်အောင်လမ်းပေါ်ရှိ ဖားတရဲဦးတံတား အချိန်မီပြီးစီးရန် ဆောင်ရွက်လျက်ရှိ

**ကြံခင်း မတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ် ကြံခင်း-မြန်အောင်လမ်းပိုင်းပေါ်ရှိ ဖားတရဲဦးတံတားတည်ဆောက်နေမှုကို မတ်လတတိယပတ်တွင် ပြီးစီးဖွင့်လှစ်သွားနိုင်ရန် တည်ဆောက်လျက်ရှိကြောင်း တံတားတည်ဆောက်ရေး တာဝန်ရှိသူများထံမှ သိရသည်။



ယင်းတံတားခန်းဖွင့်များမှာ ပေ ၉၀ သုံးခန်း၊ ၁၀၈ ပေ နှစ်ခန်း စုစုပေါင်း တံတားအရှည် ၄၈၆ ပေရှိပြီး တံတားကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားတည်ဆောက်ရေးအဖွဲ့(၃)၊ တံတားအထူးအဖွဲ့(၁၀)၊ တာဝန်ခံအင်ဂျင်နီယာ ဒုတိယညွှန်ကြားရေးမှူး၏ ကြီးကြပ်မှုဖြင့် ဦးစီးအရာရှိတစ်ဦး၊ အငယ်တန်းအင်ဂျင်နီယာသုံးဦးနှင့် တံတားတည်ဆောက်ရေးကျွမ်းကျင်လုပ်သားများက ၂၀၁၅ ခုနှစ် မေလတွင် စတင်တည်ဆောက်ခဲ့ရာ ၂၀၁၆ ခုနှစ် မတ်လနောက်ဆုံးပတ်တွင် ပြီးစီးဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် တံတားချဉ်းကပ် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကိုလည်း ကြံခင်းမြို့နယ်လမ်းဦးစီးဌာန ဦးစီးအရာရှိ ဦးဆောင်သောအဖွဲ့မှ ဆောင်ရွက်လျက်ရှိရာ ကြံခင်းအပိုင်း ၄၉၂ ပေ၊ မြန်အောင်အပိုင်း ပေ ၂၈၀ စုစုပေါင်း ချဉ်းကပ်လမ်းအရှည် ၇၇၂ ပေကို တံတားဖွင့်ချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဌေးမင်း(ကြံခင်း)**

**မြန်မာ့ရုပ်မြင်သံကြား**
**News Channel**
၁၁-၃-၂၀၁၆(သောကြာနေ့)

**နံနက်ပိုင်း**
၆ း ၀၀ - တောင်တန်း သာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း ၃၅ - ပြည်သူတို့ရဲ့စကားသံများ
၈း ၃၅ - မျက်မှောက်ရေးရာ အဖြာဖြာ
၉း၃၅ - အနုပညာသတင်း အစီအစဉ်
၁၀ း ၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၁ း ၁၅ - Weekly Sport Info
၁၂ း ၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၁၄း ၂၀ - **မှတ်မှတ်ထင်ထင်** မြန်မာ့ရုပ်ရှင် (အပိုင်း- ၂)
၁၄ း ၅၀ - မြန်မာ့လေ့ရိုးရာလက်ဝှေ့
**ညပိုင်း**
၁၅ း ၃၅ - ဉာဏ်ရည်ချင်းပြိုင် ဘယ်သူနိုင်
၁၆ း ၃၅ - Football Magazine (ရတနာပုံ ယူနိုက်တက်အသင်း)
၁၇း၁၅ -Catch Asia News
၁၇ း ၃၅ - Hyper Sports
၁၈ း ၃၅ - The Farmer
- သမိုင်းကိုဖော်ပြသော ဝါကျများ (နှဲဆရာကြီး ဦးချစ်ရင်နှင့် တွေ့ဆုံခြင်း)

**မှတ်ချက်။** ။ **နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

# နိုင်ငံတော်သမ္မတ အရည်အချင်းစိစစ်ရေးအဖွဲ့တွင်ပါဝင်မည့် ရွေးကောက်ခံကိုယ်စားလှယ်တစ်ဦးရွေးချယ်

နေပြည်တော် မတ် ၁၀

**သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပပြီး (ယာပုံ) ဒုတိယသမ္မတလောင်းများအား အဆိုပြုခြင်းနှင့် နိုင်ငံတော်သမ္မတ အရည်အချင်းစိစစ်ရေးအဖွဲ့တွင် ပါဝင်မည့် ရွေးကောက်ခံကိုယ်စားလှယ်တစ်ဦး ရွေးချယ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။**




အစည်းအဝေးတွင် **ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးထင်ကျော်အား** ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်က ဒုတိယသမ္မတလောင်းအဖြစ် အဆိုတင်သွင်းရာ ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်က ထောက်ခံသည်။

ထို့နောက် **လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာ စိုင်းမောက်ခမ်း(ခ) ဦးမောင်အုန်းအား** မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်းက ဒုတိယသမ္မတလောင်းအဖြစ် အဆိုတင်သွင်းရာ ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှရွှေဝင်းက ထောက်ခံသည်။

ယင်းနောက် ဒုတိယသမ္မတလောင်းအဖြစ် အဆိုတင်သွင်းကြသည့် လွှတ်တော်ကိုယ်စားလှယ်များက ဒုတိယသမ္မတလောင်းအဆိုပြုလွှာပုံစံ(၁)ကို အချက်အလက်ပြည့်စုံစွာဖြည့်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က တင်သွင်းထားသည့် ဒုတိယသမ္မတလောင်းနှစ်ဦး၏ အမည်စာရင်းကို လွှတ်တော်သို့ ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ဒုတိယသမ္မတတစ်ဦး ရွေးချယ်တင်မြှောက်ပြီးသည့်အခါ ရွေးချယ်တင်မြှောက်လိုက်သည့် ဒုတိယသမ္မတအား နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃ ပါ အရည်အချင်းများနှင့် ပြည့်စုံမှု ရှိ၊ မရှိ စိစစ်နိုင်ရန် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၂၆ အရ စိစစ်ရေးအဖွဲ့ ဖွဲ့စည်းပြီး နည်းဥပဒေ ၂၇ အရ စိစစ်သွားမည်ဖြစ်ကြောင်း။

နည်းဥပဒေ ၂၆ အရ စိစစ်ရေးအဖွဲ့ ဖွဲ့စည်းရာတွင် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်ပေးသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးပါဝင်ရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့က မိမိတို့အထဲမှ ကိုယ်စားလှယ်တစ်ဦးကို ရွေးချယ်ပေးရမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံခြင်း ရှိ၊ မရှိ စိစစ်နိုင်ရန် စိစစ်ရေးအဖွဲ့တွင် ပါဝင်မည့် ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ရွေးချယ်ကြရာ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဒေါက်တာမျိုးအောင်နှင့် ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေးတို့ကို လွှတ်တော်ကိုယ်စားလှယ်များက ရွေးချယ်အဆိုပြုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ အရည်အချင်းနှင့် ပြည့်စုံမှု ရှိ၊ မရှိ စိစစ်ရေးအဖွဲ့ဝင်အဖြစ် အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးထက်ပိုသည့်အတွက် စက်ခလုတ် အသုံးပြု၍ ဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဒေါက်တာမျိုးအောင်အား ထောက်ခံဆန္ဒမဲ အများဆုံးပေးပြီး စိစစ်ရေးအဖွဲ့ဝင်အဖြစ် ရွေးချယ်အတည်ပြုခဲ့သည်။

အစည်းအဝေးကို နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရပ်နားလိုက်ပြီး ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေး ဒုတိယနေ့ကို မတ် ၁၁ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဒုတိယသမ္မတလောင်း အဆိုပြုခြင်း၊ ထောက်ခံခြင်းနှင့် အဆိုပြုလွှာကို လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခြင်းတို့ဆောင်ရွက်




အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း။

**နေပြည်တော် မတ် ၁၀**

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သည့် ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ ပထမနေ့အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ဒုတိယသမ္မတလောင်း အဆိုပြုခြင်း၊ ထောက်ခံခြင်းနှင့် အဆိုပြုလွှာကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခြင်း၊ နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံခြင်း ရှိ/မရှိ စိစစ်နိုင်ရန် စိစစ်ရေးအဖွဲ့တွင် ပါဝင်မည့် ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး ရွေးချယ်ခြင်းတို့ ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဟင်နရီဗန်ထီးယူအား ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာအောင်သူက ဒုတိယသမ္မတလောင်းအဖြစ် အဆိုတင်သွင်းရာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ) ဦးလှမြင့်သန်းက ထောက်ခံသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးခင်အောင်မြင့်အား ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းသန်းနိုင်က ဒုတိယသမ္မတလောင်းအဖြစ် အဆိုတင်သွင်းရာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှဦးကျော်နီနိုင်က ထောက်ခံသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတ အရည်အချင်းနှင့် ပြည့်စုံမှု ရှိ/မရှိ စိစစ်ရေးအဖွဲ့ဝင်အဖြစ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဘမျိုးသိန်းကို မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးပြုံးလွင်က အဆိုတင်သွင်းပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်နော်ခရစ္စထွန်း(ခ) အားကာမိုးက ထောက်ခံကြောင်း ကြေညာပြီး ဦးဘမျိုးသိန်းကို နိုင်ငံတော်သမ္မတ အရည်အချင်းနှင့် ပြည့်စုံမှုရှိ/မရှိစိစစ်ရေးအဖွဲ့ဝင်အဖြစ် ရွေးချယ်ကြောင်း ကြေညာသည်။

ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယနေ့ကို မတ် ၁၁ ရက် နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အသင်းရုံးသစ်ဖွင့်

**ရန်ကုန် မတ် ၁၀**

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ အသင်းရုံးသစ်ဖွင့်ပွဲနှင့် ပုဇွန်တောင်မြို့နယ် သားဖွားခန်း အဆင့်မြှင့်ပြန်လည်ပြုပြင်ဖွင့်လှစ်ခြင်းကို ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် (၅၂)လမ်း အမှတ်(၁၅၉)၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ အသင်းရုံးသစ်ကို တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေလတ်၊ အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွေးနွေးလင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းရီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့် ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက ဆိုင်းဘုတ်ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နာယကများနှင့်အဖွဲ့ဝင်များက မိခင်နှင့်ကလေးအသင်းပိုင်သားဖွားခန်း အဆင့်မြှင့်ပြုပြင်မှုများကို လှည့်လည်ကြည့်ရှုပြီး မိခင်လောင်းများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။ ယခင်မူလအဆောက်အအုံမှာ သက်တမ်းကြာမြင့်၍ ပျက်စီးယိုယွင်းပြီး လုပ်ငန်းဆောင်ရွက်နိုင်မှုမရှိသဖြင့် အကြီးစား ပြုပြင်ဆောက်လုပ်ရန် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ် ရေးအဖွဲ့နာယက၏ ဦးဆောင်ညွှန်ကြားမှုဖြင့် ငွေကျပ်သိန်း ၁၃၀၀ အကုန်အကျခံကာ ပေ(၁၂၀× ၆၀)၊ သွပ်မိုး အာရ်စီနှစ်ထပ်အဆောက်အအုံကို တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ရုံးနှင့် ပုဇွန်တောင်မြို့နယ် သားဖွားခန်းကို အဆင့်မြှင့်ပြုပြင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**




**(၇၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့၌ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ အမှတ်(၃၁)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ဒုရဲမှူးကြီး သက်ကိုကို ဦးဆောင်သော စုပေါင်းသွေးလှူဒါန်းပွဲကို မတ် ၁၀ ရက်က မြောက်ဦးမြို့ ကရုဏာလှိုင်းသွေးလှူရှင်များအသင်း ရုံးခန်းမ၌ ကျင်းပစဉ်။**

(ခရိုင် ပြန်/ဆက်)

● *ကျောဖုံးမှ*

ခရိုင်အတွင်းက လုပ်သက် ၂၅ နှစ်အထက် တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်းတွေရဲ့ လျှောက်လွှာတွေကို ယခုတိုက်ခန်းတွေမှာ ဝယ်ယူခွင့်ထည့်သွင်းပေးသွားမှာ ဖြစ်ပါတယ်။ ထပ်မံလျှောက်ထားစရာ မလိုတော့ပါဘူး”ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တိုက်ခန်းတန်ဖိုးများမှာ မြေညီထပ် ၁၆၅ သိန်း၊ ပထမထပ် ၁၅၅ သိန်း၊ ဒုတိယထပ် ၁၄၅ သိန်းနှင့် တတိယထပ် ၁၃၅ သိန်းတို့ဖြစ်ကြောင်း၊ ဝယ်ယူခွင့်လျှောက်လွှာများကို ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၄ ရက်အထိ တစ်စောင်လျှင် ငွေကျပ် ၅၀၀ ဖြင့် ရောင်းချပေးခဲ့ပြီး မတ် ၇ ရက်မှ ၁၆ ရက်အတွင်း ယင်းလျှောက်လွှာများကို မြို့တော်စည်ပင်သာယာသို့ ပြန်လည်လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

# မြန်မာနိုင်ငံ၏ ပထမဆုံးသော GIS ဓာတ်အားခွဲရုံတည်ဆောက်

**ရန်ကုန် မတ် ၁၀**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် တာဝန်ရှိသူများနှင့်အတူ မတ် ၈ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင် တည်ဆောက်လျက်ရှိသော 230/66/11 KV (2x125) MVA (GIS)ဓာတ်အားခွဲရုံသို့ ရောက်ရှိသည်။

ရှေးဦးစွာ တာဝန်ရှိသူများက 230/66/11 KV (2x125) MVA (GIS) ဓာတ်အားခွဲရုံတည်ဆောက်ရေးနှင့် ပတ်သက်၍ မြို့ပြဆိုင်ရာလုပ်ငန်း ပြီးစီးမှုအခြေအနေနှင့် ဓာတ်အားခွဲရုံပိုင်းဆိုင်ရာလုပ်ငန်းများအတွက် Control Building တည်ဆောက်ပြီးစီးမှု၊ ထရန်စဖော်မာတပ်ဆင်ပြီးစီးမှုနှင့် GIS ပစ္စည်းများတပ်ဆင်ပြီးစီးမှု အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက GIS ဓာတ်အားခွဲရုံသည် မြန်မာနိုင်ငံ၌ ပထမဦးဆုံးတည်ဆောက်သည့် 230/66/11 KV (2x125)MVA ဓာတ်အားခွဲရုံကြီးဖြစ်ကြောင်း၊ နိုင်ငံခြားသားပညာရှင် အထောက်အကူဖြင့် ဆောင်ရွက်လျက်ရှိရာ ဓာတ်အားခွဲရုံရှိ အင်ဂျင်နီယာများအနေဖြင့် ကြိုးစားပညာရယူရန်လိုကြောင်း၊ နောင်တည်ဆောက်မည့် GIS ခွဲရုံများကို မိမိတို့ကိုယ်တိုင် ဦးဆောင်တည်ဆောက်နိုင်သည်အထိ တတ်ကျွမ်းအောင် လေ့လာဆောင်ရွက်ရန်လိုအပ်ကြောင်း၊ သတ်မှတ်ကာလအတွင်း စီမံကိန်း အချိန်မီပြီးစီးရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။ **(ယာပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဓာတ်အားခွဲရုံအတွင်း တပ်ဆင်တည်ဆောက်ထားသော GIS Switch Gear များ၊ ထရန်စဖော်မာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး Control Room အတွင်းတည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



ယခု တည်ဆောက်လျက်ရှိသော 230/66/11 KV (2x125) MVA (GIS) ဓာတ်အားခွဲရုံသည် မြန်မာနိုင်ငံ၌ ပထမဦးဆုံးတည်ဆောက်သော ခေတ်မီဓာတ်အားခွဲရုံတစ်ခုဖြစ်ပြီး အဆိုပါဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးပါက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရွှေပေါက်ကံမြို့နယ်၊ ဝေဘာဂီမြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်များသို့ 66 KV ဖီဒါလေးခုဖြင့် ဓာတ်အားဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဓာတ်ရောင်ခြည်နှင့် အဏုမြူဆိုင်ရာ ရာဇဝတ်မှုများနှင့် ဘေးအန္တရာယ်လျော့ပါးစေရေး ဆွေးနွေး

**နေပြည်တော် မတ် ၁၀**

ဥရောပသမဂ္ဂအဖွဲ့အစည်း၊ ဓာတု၊ ဇီဝ၊ ဓာတ်ရောင်ခြည်နှင့် အဏုမြူဆိုင်ရာ စီမံချက်-၄၆ အဖွဲ့အစည်း (Chemical ၊ Biological ၊ Radiological and Nuclear - CBRN Project 46 Team) နှင့် မြန်မာနိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသော ဓာတု၊ ဇီဝ၊ ဓာတ်ရောင်ခြည်၊ အဏုမြူဆိုင်ရာ စီမံချက်- ၄၆ အစည်းအဝေးကို မတ် ၇ ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပခဲ့သည်။ အစည်းအဝေးသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကျော်မြတ် တက်ရောက် အမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီးက ပြောကြားရာတွင် ဓာတု၊ ဇီဝ၊ ဓာတ်ရောင်ခြည်နှင့်အဏုမြူ (Chemical ၊ Biological ၊ Radiological and Nuclear - CBRN) ဆိုင်ရာ ရာဇဝတ်မှုများ၊ မတော်တဆဖြစ်မှုများနှင့် သဘာဝဘေးအန္တရာယ်များ လျော့ပါးလာစေရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်တွင်းအဖွဲ့အစည်းများ ပူးပေါင်းချိတ်ဆက်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ အခင်းဖြစ်ပွားသည့်ကာလအတွင်း ထိရောက်သော ကာကွယ်ခြင်းနည်းဗျူဟာများအတွက် ဒေသတွင်းနှင့် နိုင်ငံတကာအကြား တာဝန်ဝတ္တရားများအား အစိတ်အပိုင်းခွဲခြင်းနှင့် အရန်သင့်ရှိခြင်း သဟဇာတဖြစ်ရန်လိုအပ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ပြည်သူလူထု၏ ဘေးအန္တရာယ်ကင်းရှင်းရေး အဆင့်တိုင်းအတွက် ပြည်တွင်း၊ ပြည်ပများနှင့် ပူးပေါင်းချိတ်ဆက်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ဓာတု၊ ဇီဝ၊ ဓာတ်ရောင်ခြည်နှင့် အဏုမြူဆိုင်ရာ ဘေးအန္တရာယ်များ လျော့ပါးလာစေရေးအတွက် ကိုင်တွယ်ဖြေရှင်းသည့် နည်းလမ်းများ ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နိုင်ငံများ အချင်းချင်း အတွေ့အကြုံဖလှယ်နိုင်ရန်အတွက် လက်ရှိအမျိုးသားအဆင့်နှင့် နိုင်ငံတကာအဆင့်တွင် ကျင့်သုံးလျက်ရှိသည့် နည်းဗျူဟာများအား ကျင့်သုံးဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဓာတု၊ ဇီဝ၊ ဓာတ်ရောင်ခြည်နှင့် အဏုမြူဆိုင်ရာ စီမံချက်-၄၆ လုပ်ငန်းများဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်လာကြသော သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းများနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။



အဆိုပါ အစည်းအဝေးသို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဥရောပသမဂ္ဂအဖွဲ့အစည်းနှင့် စီမံချက်-၄၆ အဖွဲ့အစည်းမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး ဓာတု၊ ဇီဝ၊ ဓာတ်ရောင်ခြည်နှင့်အဏုမြူဆိုင်ရာ မတော်တဆဖြစ်မှုများနှင့် ပတ်သက်၍ အသိပညာများ၊ အတွေ့အကြုံများ၊ တုံ့ပြန်ဆောင်ရွက်နိုင်မှုများ၊ အကောင်အထည်ဖော်ဆောင်ရွက်ကြမည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လူကုန်ကူးမှုများအား နိုင်ငံပေါင်းစုံ ပူးပေါင်းတိုက်ဖျက်ရေး ဆွေးနွေး

**နေပြည်တော် မတ် ၁၀**

ငါးဖမ်းလုပ်ငန်းစက်ရုံများ၌ ဖြစ်ပွားခဲ့သော လူကုန်ကူးမှုများအား တိုက်ဖျက်ရာတွင် ဥပဒေရေးရာအရ နိုင်ငံပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေး (Multi Country Law Enforcement Cooperation on Trafficking in Persons within the Fishing Industry) လေးနိုင်ငံ တတိယအကြိမ်မြောက် အစည်းအဝေးကို မတ် ၁၀ ရက်မှ ၁၁ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ Siem Reap မြို့၌ ကျင်းပလျက်ရှိကြောင်း သိရသည်။

အစည်းအဝေးတွင် လေးနိုင်ငံ ဒုတိယအကြိမ်မြောက်အစည်းအဝေးမှ ဆုံးဖြတ်ချက်များနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များကို ပြန်လည်သုံးသပ်ပြီး တစ်နိုင်ငံချင်းစီမှ နိုင်ငံအလိုက်ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးကြမည်ဖြစ်သည်။

မြန်မာ-ထိုင်း-အင်ဒိုနီးရှား သုံးနိုင်ငံ ပထမအကြိမ်အစည်းအဝေးကို ၂၀၁၅ ခုနှစ် ဇွန်လ ၄ ရက် မှ ၅ ရက်နေ့အထိ ထိုင်းနိုင်ငံ ပတ္တရာမြို့၌ ကျင်းပခဲ့ပြီး မြန်မာ-ထိုင်း-အင်ဒိုနီးရှား-ကမ္ဘောဒီးယား လေးနိုင်ငံ ဒုတိယအကြိမ်မြောက် အစည်းအဝေးကို ၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်းက အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေးကို လေးလတစ်ကြိမ် အလှည့်ကျအိမ်ရှင်အဖြစ် ကျင်းပခြင်းဖြစ်ပြီး ကုန်ကျစရိတ်များကို ဩစတြေးလျ- အာရှ လူကုန်ကူးမှုတိုက်ဖျက်ရေးစီမံကိန်း (Australia-Asia Program to Combat Trafficking in Persons –AAPTIP) က ကျခံခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၅ ခုနှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံမှ မြန်မာရေလုပ်သား ၁၀၁၀ ကိုလည်းကောင်း၊ ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ယနေ့အထိ ၇၁ ဦးကို လည်းကောင်း မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ပြီး ရေလုပ်သားအချို့၏ လစာများကို အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးက ငါးဖမ်းလုပ်ငန်းစက်ရုံများ၊ ငါးဖမ်းကုမ္ပဏီများနှင့်ညှိနှိုင်းကာ လစာများထုတ်ပေးခဲ့သည်။ ကျန်ရှိသူများ၏ လစာများရရှိရေးအတွက်လည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

လူကုန်ကူးခံရသူ မြန်မာရေလုပ်သားများနှင့်ပတ်သက်၍ အင်ဒိုနီးရှားရဲတပ်ဖွဲ့မှ လူကုန်ကူးသူ ထိုင်းနိုင်ငံသား ငါးဦးနှင့် အင်ဒိုနီးရှားနိုင်ငံသား သုံးဦးတို့ကို ဖော်ထုတ်အရေးယူနိုင်ခဲ့ပြီး ယင်းအမှုတွင် သက်သေထွက်ဆိုရန်အတွက် အင်ဒိုနီးရှားနိုင်ငံ လူကုန်ကူးခံရသူများနှင့် သက်သေများ အကာအကွယ်ပေးရေးအေဂျင်စီနှင့် ချိတ်ဆက်ကာ မြန်မာရေလုပ်သား သက်သေ ၁၃ ဦးကို အင်ဒိုနီးရှားနိုင်ငံသို့ စေလွှတ်ခဲ့သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ကလည်း အဆိုပါ ဖြစ်စဉ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၌ လူကုန်ကူးမှု ၁၀ မှု၊ တရားခံပေါင်း ၃၆ ဦးကို ဖော်ထုတ်အရေးယူနိုင်ခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ အင်ဒိုနီးရှားနိုင်ငံ Maluku Province အထက်တန်းရှေ့နေချုပ်ရုံးမှ Assistant of General Crime ဖြစ်သူ Mr. Hulman Napitupulu ဦးဆောင်သောအဖွဲ့ဝင် ၁၂ ဦး၊ ထိုင်းနိုင်ငံမှ Pol.Lt.Gen.Tamasak Wachiraya ဦးဆောင်သော အဖွဲ့ဝင် ၁၂ ဦး၊ ကမ္ဘောဒီးယားနိုင်ငံမှ HE. Pol. Lt. Gen. Youk Sokha ဦးဆောင်သော အဖွဲ့ဝင် ၁၅ ဦးနှင့် မြန်မာနိုင်ငံမှ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်ထွန်း ဦးဆောင်ကာ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ငွေကြေးဆိုင်ရာစုံစမ်း ထောက်လှမ်းရေးအဖွဲ့တို့မှ အဖွဲ့ဝင် ၁၀ ဦးတို့ တက်ရောက်ကြမည်ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံရုံးမှ Police Attaché နှင့် Prosecutor Attaché၊ မြန်မာနိုင်ငံဆိုင်ရာ Political Section တို့မှ တာဝန်ရှိသူများ တက်ရောက်ကြမည်ဖြစ်သည်။

**မင်းနိုင်(လူကုန်တား)**

## ပန်းချီပန်းပုအစည်းအရုံး(ဗဟို)မှ အခမဲ့ပန်းချီပညာသင်ကြားပေးမည်

**ရန်ကုန် မတ် ၁၀** မြန်မာနိုင်ငံ ပန်းချီပန်းပု အစည်းအရုံး(ဗဟို)မှ ပန်းချီဆရာကြီးများက နွေရာသီအခမဲ့ ပန်းချီပညာများသင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ သင်တန်းကို ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းဈေးအရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံပန်းချီပန်းပု အစည်းအရုံး(ဗဟို)ခန်းမ၌ မတ် ၁၅ ရက်မှ ဧပြီ ၉ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

အသက်အရွယ်ကန့်သတ်မှုမရှိဘဲ ပန်းချီဝါသနာပါသူတိုင်း တက်ရောက်နိုင်ပြီး သင်တန်းတက်ရောက်လိုသူများအနေဖြင့် မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို) ဖုန်း ၀၁-၃၈၅၂၅၉ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**ကိုကြီးတင်**

# သီပေါမြို့ဟောင်း၌ သမိုင်းဝင်ဆင်ခံစေတီတော် ထီးတော်တင်လှူ

**သီပေါ မတ် ၁၀**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် မြို့ဟောင်းကျေးရွာ ဝိုင်းကောင်ရွာဦး ဘုန်းတော်ကြီးကျောင်းတိုက် ဝတ္တကမြေအတွင်း၌ ရှေးနှစ်ပေါင်း ၁၅၀ ကျော်က စော်ဘွားကြီးများ တည်ထားကိုးကွယ်ခဲ့သည့် ရှေးဟောင်းဆင်ခံစေတီတော်မြတ်ကြီးကို မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တမိလိန္ဒအား အမှူးထား၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က ကမကထပြုပြီး စေတနာရှင် အလှူရှင် မြို့မိမြို့ဖများ စုပေါင်းလျက် ရှေးမူမပျက် ပြန်လည်ပြုပြင်ကာ မတ် ၁ ရက် နံနက် ၉ နာရီက ထီးတော်တင်မင်္ဂလာ အခမ်းအနား ဆင်ယင်ကျင်းပခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ထီးတော်၊ စိန်ဖူးတော်နှင့် ဌာပနာပစ္စည်းများကို ဆရာတော်များထံ ဆက်ကပ်ကြပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်နှင့် တာဝန်ရှိသူများ၊ ဒေသခံများက စိန်ဖူးတော်နှင့် ထီးတော်တို့ကို ပူဇော်ကန်တော့ကြပြီး စိန်ဖူးတော်မြတ်ကို နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် တင်လှူခဲ့ကြောင်း သိရသည်။



**စိုင်း(သီပေါ)**

# တက္ကသိုလ်ဝင်စာမေးပွဲကာလအတွင်း ဆေးရုံတက်ရောက်ကုသရင်း ဖြေဆိုရသူများလည်းရှိနေ

**မန္တလေး မတ် ၁၀**

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုရာတွင် ပျက်ကွက်သူများရှိသလို မန္တလေးအထွေထွေရောဂါကုဆေးရုံ၌ တက်ရောက်ဖြေဆိုသူများလည်းရှိကြောင်း၊ တက်ရောက်ဖြေဆိုသူများမှာ အူအတက်ရောင်ရောဂါနှင့် စိတ်ဖိစီးမှုရောဂါများကြောင့် ဆေးကုသမှုခံယူနေရင်း ဖြေဆိုကြကြောင်း သိရသည်။

ဆေးရုံတက်ရောက် ဖြေဆိုသူများမှာ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ တံတားဦးမြို့နယ်နှင့် မတ္တရာမြို့နယ်တို့မှ တက်ရောက်ဆေးကုသရင်း ဖြေဆိုကြသူများရှိကြောင်း၊ ဖြေဆိုသူများတွင် ကျောင်းသား လေးဦး၊ ကျောင်းသူတစ်ဦး ပါဝင်ကြောင်း မန္တလေးအထွေထွေရောဂါကုဆေးရုံ ဆေးလူမှုဆက်ဆံရေးအရာရှိထံမှ သိရသည်။

"စာမေးပွဲဖြေဆိုမယ့် ကာလအတွင်းမှာ ဆေးရုံတက်ရောက်ကုသမှုခံယူနေတဲ့သူက ၁၀ ဦး ရှိတယ်။ သုံးဦး နေကောင်းလို့ ဆင်းသွားပြီး သက်ဆိုင်ရာ စာဖြေဌာနတွေမှာ ဖြေကြတယ်။ မဆင်းသေးတဲ့ ငါးဦးက ဒီနေ့ စဖြေတဲ့နေ့မှာ ဆေးရုံမှာ လုပ်ပေးထားတဲ့ စာမေးပွဲဖြေသီးသန့်ခန်းမှာဖြေတယ်။ ပညာရေးဌာနမှ ကြီးကြပ်အဖွဲ့တွေက ဖြေဆိုနေချိန်မှာ ကြီးကြပ်စောင့်ပေးတယ်။ ကျန်တဲ့ နှစ်ဦးကတော့ သူတို့ဆန္ဒအတိုင်း မဖြေကြဘူး" ဟု ဆေးလူမှုဆက်ဆံရေးအရာရှိက ပြောသည်။

"ဒီနေ့ လူမှုကွန်ရက်စာမျက်နှာပေါ်မှာ တက်လာတဲ့ ချမ်းမြသာစည်မြို့နယ် ကြာဇံကွေ့လမ်းမှာ ကားက ဝင်တိုက်လို့ ဒဏ်ရာရသူတွေထဲမှာ စာမေးပွဲဖြေမယ့်သူ နှစ်ဦးလည်း ပါတယ်လို့ ဖတ်လိုက်ရတော့ သားသမီးချင်း ကိုယ်ချင်းစာ သနားမိပါတယ်။ နောက်ဘာသာရပ်တွေမှာ ဖြေဆိုမယ့်သူအားလုံး ယာဉ်အန္တရာယ်ကင်းပြီး စာမေးပွဲကို ဖြေဆိုနိုင်ကြပါစေလို့ မိဘတစ်ဦးအနေနဲ့ ဆုတောင်းမိတယ်။ ကားမောင်းတဲ့သူတွေကလည်း ဒီလို စာမေးပွဲဖြေဆိုချိန်တွေမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနဲ့အညီ ဆင်ဆင်ခြင်ခြင် မောင်းဖို့ကောင်းတယ်။ စာဖြေမယ့် ကလေးမက ဒဏ်ရာရလို့ မဖြေနိုင်တဲ့အပြင် သူ့အဖေလည်း ဆေးရုံရောက်မှ ဆုံးသွားတယ်။ မိသားစုနဲ့ ထပ်တူ စိတ်မကောင်းပါဘူးလို့ ပြောချင်ပါတယ်။ ဆေးရုံကနေ ဖြေဆိုတဲ့သူတွေလည်းရှိတယ်လို့ သိရတယ်" ဟု စာမေးပွဲ လာရောက်ဖြေဆိုသူ၏ မိဘတစ်ဦးက ပြောသည်။




**အောင်စေပိုင်စေ**

# ဘရိတ်ပေါက်ဒိုင်နာယာဉ်က ဆိုင်ကယ်သုံးစီးနှင့် ကားနှစ်စီးအား ဝင်တိုက် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့်သူ နှစ်ဦး ဒဏ်ရာရရှိ

**မန္တလေး မတ် ၁၀**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် စစ်ကိုင်း-မန္တလေးလမ်း ကြာဇံကွေ့၌ မတ် ၉ ရက် နံနက်ပိုင်းက ဒိုင်နာယာဉ်က ဆိုင်ကယ်သုံးစီးနှင့် ကားနှစ်စီးကို ဝင်ရောက်တိုက်မိခဲ့ရာ သေဆုံးသူတစ်ဦးရှိခဲ့ပြီး ဒဏ်ရာရရှိသူများတွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့်သူနှစ်ဦး ပါဝင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ယင်းနေ့ နံနက် ၈ နာရီခွဲခန့်က စစ်ကိုင်း-မန္တလေးလမ်း ကြာဇံကွေ့ ကန်တော်ကြီးလမ်းအတိုင်း အရှေ့မှ အနောက်သို့ မောင်းနှင်လာသည့် လ/---- ဒိုင်နာယာဉ် (လိုင်စင်စိစစ်ဆဲ)မှာ ဘရိတ်ပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ ဦးဇော်ဝင်း(၄၄ နှစ်) မဟာအောင်မြေမြို့နယ်နေသူ မောင်းနှင်သည့် ၂၇ယ/---- ဆိုင်ကယ်၊ ဦးနေအောင် (၄၉ နှစ်) ချမ်းမြသာစည်မြို့နယ်နေသူ မောင်းနှင်ပြီး တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့်သူ မဇင်မာအောင်(၁၉ နှစ်) လိုက်ပါလာသော ၅ယ/---- ဆိုင်ကယ်၊ ကိုဇင်ထွန်းဦး(၂၇ နှစ်) ချမ်းမြသာစည်မြို့နယ်နေသူ မောင်းနှင်ပြီး တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့်သူ မောင်ဉက္ကာအောင် (၁၇ နှစ်) လိုက်ပါလာသော ၃၃ယ/---- ဆိုင်ကယ်၊ ဦးတင်အောင်ကျော် (၅၅ နှစ်) အမရပူရမြို့နယ်နေသူ မောင်းနှင်သော 5C/---- ပါဂျဲရိုးယာဉ်နှင့် ဦးဝင်းနိုင် (၅၀ နှစ်) အမရပူရမြို့နယ်နေသူ မောင်းနှင်လာသော 1J/---- ယာဉ်တို့ကို တိုက်မိခဲ့ပြီး ဒိုင်နာယာဉ်မောင်းနှင်သူမှာ အခင်းဖြစ်နေရာတွင် ယာဉ်ကို ထားခဲ့ပြီး ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများကို လူနာတင်ယာဉ်ဖြင့် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ တင်ပို့ပေးခဲ့ကြောင်း အမှတ်(၁၄) ယာဉ်ထိန်းဒုတိယတပ်ဖွဲ့ခွဲမှူးရုံးမှ သိရသည်။

ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်းနှင်သူ ဦးနေအောင်မှာ ရရှိဒဏ်ရာဖြင့် သေဆုံးသွားခဲ့ပြီး မဇင်မာအောင်မှာ အတွင်းလူနာအဖြစ် တက်ရောက်ကုသမှုခံယူလျက်ရှိပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် အခွင့်အရေးဆုံးရှုံးခဲ့ကြောင်း၊ ဆိုင်ကယ်မောင်းနှင်သူ ကိုဇင်ထွန်းဦး (အတွင်းလူနာ)နှင့် မောင်ဉက္ကာအောင် (ပြင်ပလူနာ)များအဖြစ် ဆေးရုံ၌ တက်ရောက် ကုသလျက်ရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မဆင်မခြင် မောင်းနှင်သူ (ထွက်ပြေးတိမ်းရှောင်သူ)ကို အမှုဖွင့်ပြီး အမြန်ဆုံးဖမ်းဆီးရမိရေး စုံစမ်းလျက်ရှိကြောင်း သိရသည်။

**အောင်စေပိုင်စေ**

# ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (အင်္ဂလိပ်စာ) ဘာသာဖြေဆို

**နေပြည်တော် မတ် ၁၀**

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (အင်္ဂလိပ်စာ) ဘာသာအား ယနေ့ဖြေဆိုကြရာ မြန်မာနိုင်ငံတစ်ဝန်း တိုင်းဒေသကြီး/ပြည်နယ်များနှင့် နိုင်ငံခြားစာစစ်ဌာနများ စုစုပေါင်း ၁၄၆၇ ခုတွင် ကျောင်းသား ကျောင်းသူများ စည်းကမ်းတကျ ဖြေဆိုကြသည်ကို တွေ့ရသည်။

ယခုနှစ်တွင် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုရန် ကျောင်းသား ကျောင်းသူ စာရင်းရှိ ၆၇၁၆၇၀ တွင် ဖြေဆိုသူပေါင်း ၆၃၅၃၅၇ ဦးရှိပြီး ဖြေဆိုရန် ပျက်ကွက်သူပေါင်း ၃၆၃၁၃ ဦး ရှိခဲ့သည်။ သို့ဖြစ်၍ အင်္ဂလိပ်စာဘာသာဖြေဆိုသည်နေ့တွင် ဖြေဆိုသူ စုစုပေါင်း ၉၄ ဒသမ ၅၉ ရာခိုင်နှုန်း ရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

# ဒေသဆိုင်ရာဧည့်လမ်းညွှန် အခြေခံသင်တန်းဖွင့်

**ညောင်ဦး မတ် ၁၀**

ညောင်ဦး၌ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဒေသဆိုင်ရာ ဧည့်လမ်းညွှန်အခြေခံသင်တန်း အမှတ်စဉ်(၂၂)ကို မတ် ၈ ရက်က Amazing Goft Resort ဟိုတယ်၌ ကျင်းပခဲ့ရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုင်းကျော်အုန်း တက်ရောက်ခဲ့သည်။

ဒေသဆိုင်ရာဧည့်လမ်းညွှန်အခြေခံသင်တန်း အမှတ်စဉ်(၂၂) ပုဂံဖွင့်လှစ်နိုင်ရန်အတွက် အရည်အချင်းစစ်ဝင်ခွင့်စာမေးပွဲကို ဖေဖော်ဝါရီ ၂၈ ရက်က ပုဂံမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး စာမေးပွဲသို့ အခြေခံပညာအထက်တန်းအဆင့်မှအထက် အောင်မြင်ပြီးသူ ၆၃၉ ဦး ဝင်ရောက်ဖြေဆိုခဲ့သည်။ ဒေသဆိုင်ရာ ဧည့်လမ်းညွှန်အခြေခံသင်တန်း ဝင်ခွင့် အောင်မြင်သူ ၁၃၁ ဦး၏ စာရင်းကို ထုတ်ပြန်ကြေညာပေးခဲ့ပြီး သင်တန်းကာလမှာ မတ် ၈ ရက်မှ ၃၁ ရက်အထိ ဖြစ်သည်။

**ရဲသူရအောင်(ညောင်ဦး)**

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အဆောက်အအုံသစ်ဖွင့်

**တောင်ငူ မတ် ၁၀**

(၇၁) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးသစ်ဖွင့်ပွဲကို မတ် ၈ ရက်က အဆိုပါရုံးရှေ့၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သန်းလွင်က ရုံးအဆောက်အအုံနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားခဲ့ပြီး ရုံးအဆောက်အအုံသစ်ကို ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ ထို့နောက် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးတင်စိုးက အဆောက်အအုံသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **မောင်ရွှေဝင်း(ပြည်)**

# ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ဖြန့်ဝေပေး

**ကွတ်ခိုင် မတ် ၁၀**

မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ကွတ်ခိုင်မြို့နယ်အတွင်းရှိ ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာဆောင်ရွက်မှုရှိစေရန် ရည်ရွယ်၍ မြို့နယ်မထသအဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များသည် မတ် ၁၀ ရက်က မြို့အတွင်း လှည့်လည်၍ ဆိုင်ကယ်စီးပြည်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြောကြားပြီး ဒေသခံပြည်သူ ၁၀၀၀ ကို ဆိုင်ကယ်စီးဦးထုပ်အလုံး ၁၀၀၀ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**(မြို့နယ် ပြန်/ဆက်)**



# နိုင်ငံတကာအဆင့်ကမ္ဘာ့ရေနေ့ နေပြည်တော်တွင် ကျင်းပမည်

**ရန်ကုန် မတ် ၁၀**

ရေအသုံးချမှုနှင့် ပတ်သက်၍ ပြည်သူလူထုအကြား ကျယ်ကျယ်ပြန့်ပြန့် သိရှိလာစေရန်နှင့် ရှောင်ရန် ဆောင်ရန်များ သိရှိနိုင်ရန် ရည်ရွယ်လျက် ကမ္ဘာ့ရေနေ့အခမ်းအနားကို နိုင်ငံတကာအဆင့်အဖြစ် နေပြည်တော်၌ လာမည့်သီတင်းပတ်အတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်လည်းဖြစ်၊ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ အတွင်းရေးမှူးလည်း ဖြစ်သူ ဦးထွန်းလွင်ဦးက ပြောသည်။




"၂၀၀၃ ခုနှစ် အမျိုးသားအဆင့် ရေအရင်းအမြစ် ကော်မတီဖွဲ့စည်းပြီးနောက် ကမ္ဘာ့ရေနေ့အခမ်းအနားကို မြန်မာနိုင်ငံမှာ တတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး မတ် ၁၃ ရက်နှင့် ၁၄ ရက်မှာ နေပြည်တော် MICC II မှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ပထမနေ့မှာ နိုင်ငံတကာ ရေကျွမ်းကျင်ပညာရှင်တွေ ပါဝင်တဲ့ဆွေးနွေးပွဲတွေပြုလုပ်သွားမှာဖြစ်ပြီး ဒုတိယနေ့မှာတော့ ကျွန်တော်တို့ မြန်မာနိုင်ငံက ဒီကမ္ဘာ့ရေနေ့အခမ်းအနားကို ပါဝင်ပူးပေါင်းဆောင်ရွက်တဲ့အနေနဲ့ နိုင်ငံတကာအဖွဲ့အစည်းများပါဝင်တဲ့ အခမ်းအနားကြီးတစ်ရပ် ကျင်းပသွားမှာဖြစ်ပါတယ်"ဟု ဦးထွန်းလွင်ဦးက မတ် ၈ ရက်နံနက်ပိုင်းတွင် စင်ထရယ်ဟိုတယ်၌ ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲအခမ်းအနားတွင် ပြောသည်။

"ဒီအခမ်းအနားကြီးမှာ နိုင်ငံတကာကျွမ်းကျင်ပညာရှင်တွေ အနေနဲ့ သူတို့ရဲ့ ကောင်းမွန်တဲ့ရေနဲ့ပတ်သက်တဲ့အတွေ့အကြုံတွေကို မျှဝေပြီး အမှားတွေကို မလုပ်ဆောင်မိဖို့ ဆွေးနွေးမှုတွေ ပြုလုပ်သွားမှာဖြစ်ပါတယ်"ဟုလည်း ၎င်းကပြောသည်။

အဆိုပါကမ္ဘာ့ရေနေ့ အခမ်းအနားသို့ ကမ္ဘာ့ဘဏ်မှပညာရှင်များနှင့် ဩစတြေးလျ၊ နယ်သာလန်နိုင်ငံတို့မှပညာရှင်များ အပါအဝင်နိုင်ငံနှင့် အဖွဲ့အစည်း ၄၀ မှ ပညာရှင်များပါဝင်ကာ စုစုပေါင်းလူပေါင်း ၄၀၀ ခန့် တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ယင်းကမ္ဘာ့ရေနေ့ အခမ်းအနားတွင် ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်နေသည့် ဧရာဝတီမြစ်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနှင့် ပတ်သက်ပြီး ပညာရှင်များက အကျယ်တဝင့် ဆွေးနွေးသွားဖွယ်ရှိကြောင်းလည်း သိရသည်။

မြန်မာနိုင်ငံတွင် အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီဖွဲ့စည်းပြီးနောက် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ အကူအညီရခဲ့ပြီး ယခုအခါ နိုင်ငံတကာကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းကာ ဧရာဝတီမြစ်ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများတွင် ရေချိုအရင်းအမြစ် အကြွယ်ဝဆုံးနိုင်ငံဖြစ်ပြီး ပြည်သူများအနေဖြင့် ရေကိုအကျိုးရှိစွာ စီမံခန့်ခွဲ အသုံးပြုလာနိုင်ရန် ရည်ရွယ်ပြီး ကမ္ဘာ့ရေနေ့အခမ်းအနားကို နိုင်ငံတကာအဆင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ဘုရားဖူးပြည်သူများ အခမဲ့နေ့ညတည်းခိုနိုင်ရန် အဆောက်အအုံဆောက်လုပ်



**မင်းဘူး မတ် ၁၀**

မန်းရွှေစက်တော် ဘုရားပွဲရာသီချိန်ကို အမှီပြု၍ မင်းဘူးမြို့ပေါ်ရှိ ရှင်ပင်စက္ကိန်းတဲဘုရား၊ နဂါးပွက်တောင်တော်တို့တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် နှစ်စဉ်စည်ကားလျက်ရှိရာ ယခုနှစ်မှစတင်ပြီး ဘုရားဖူးများ နေထိုင်ရေး အဆင်ပြေချောမွေ့စေရန် နေ့ညအခမဲ့တည်းခိုနိုင်သော နှစ်ထပ် အဆောက်အအုံဆောက်လုပ်ထားပြီးဖြစ်ကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။

ရှင်ပင်စက္ကိန်းတဲ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့မှ ဩဝါဒဆရာတော်များ၏ ဦးဆောင်မှုဖြင့် စေတီတော်မြတ်ကြီးဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို အလေးထားဆောင်ရွက်လျက်ရှိရာ ဘုရားဖူးလာပြည်သူများ သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းခဲ့သော ဘဏ္ဍာငွေများဖြင့် ဘုရားကြီး ရေရှည်တည်တံ့စေရန် အထက်ပစ္စယံတွင် ကွဲအက်ပျက်စီးနေမှုများအား ပြန်လည်ပြုပြင်ခြင်း၊ ဘုရားရင်ပြင်တော်တစ်ဝိုက်တွင် နေပူခံ ကျောက်ပြားများ ခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ၊ ဘုရားဖူးလာ ကုသိုလ်ရှင်များကို ပြန်လည်ကျေးဇူးပြုသောအားဖြင့် တည်းခိုဆောင် နှစ်ထပ်အဆောက်အအုံတစ်လုံး ထပ်မံဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။

"တစ်နှစ်လုံးမှာ ရွှေစက်တော် ဘုရားပွဲတော်ချိန်ဆို ဘုရားဖူးတွေ နေထိုင်မှုနေရာတွေ အလွန်အခက်အခဲဖြစ်ခဲ့ပါတယ်။ ကားထားဖို့နေရာက အစပေါ့။ ဒီနှစ်တော့ တည်းခိုဆောင် အချိန်မီ ဆောက်လုပ်ထားနိုင်ရင်တော့ အဆင်ပြေချောမွေ့သွားပါပြီ။ နေ့ညမရွေး အနားယူ တည်းခိုနိုင်မှာပါ။ အခကြေးငွေကောက်ခံခြင်းမရှိပါဘူး။ အလှူငွေ လှူဒါန်းချင်ရင်လည်း ဖြတ်ပိုင်းပေးပြီး စနစ်တကျ ဆောင်ရွက်သွားမှာပါ"ဟု စက္ကိန်းတဲဘုရား ဂေါပကအဖွဲ့တာဝန်ရှိသူက ပြောသည်။

**ပိုင်ဇေ(မကွေး)**

# သာသနာနုဂ္ဂဟဘွဲ့တံဆိပ်လက်ခံရယူမည့် လူပုဂ္ဂိုလ်များအတွက် ဖိတ်စာများထုတ်ယူနိုင်

**နေပြည်တော် မတ် ၁၀**

မတ် ၂၃ ရက် တပေါင်းပြည့်နေ့တွင်ကျင်းပမည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် သာသနာနုဂ္ဂဟဘွဲ့တံဆိပ်လက်ခံရယူကြမည့် လူပုဂ္ဂိုလ်များသည် ဖိတ်စာများကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဧည့်ရိပ်သာ (၁)၊ အဆောင် (၄၇)၊ ကြီးကြပ်ရေးရုံးခန်း၌ ဦးစီးအရာရှိ ဒေါ်တင်မာချို ဖုန်း ၀၉-၄၃၀၃၀၄၂၅ တို့ထံတွင် ၂၀၁၆ ခုနှစ် မတ် ၂၀ ရက်မှစ၍ ကိုယ်တိုင်လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီ ဘုရားပွဲတော်ကျင်းပမည်

**လားရှိုး မတ် ၁၀**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်အထွတ်တင် မင်္ဂလာအခမ်းအနားကို ၂၀၁၅ခုနှစ် ဒီဇင်ဘာ ၁၀ရက်က ကျင်းပခဲ့သည်။ နှစ်စဉ် အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာဘုရားပွဲတော်ကျင်းပမည့် တပေါင်း လပြည့်နေ့(မတ် ၂၃ ရက်တွင်) လိုဏ်ဂူတော်အတွင်းရှိ ပတ္တမြားဆင်းတုတော်နှင့် အခြားဆင်းတုတော်များကို ရွှေကြာသင်္ကန်းကပ်လှူပူဇော်မည်ဖြစ်ပြီး တပေါင်းလပြည့်ကျော် ၁ ရက်(မတ် ၂၄ရက်)တွင် မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။ **ဝေလင်း(ပြန်/ဆက်)**

# အရောင်းကျွမ်းကျင်ဝန်ထမ်းလိုအပ်ချက် ပမာဏမြင့်မား

**ရန်ကုန် မတ် ၁၀**

မြန်မာနိုင်ငံသို့ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာကာ ဈေးကွက်ပြိုင်ဆိုင်မှုများလည်း များပြားလာသည့်အလျောက် ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ဈေးကွက်ဝေစုကိုတိုးချဲ့ပေးနိုင်မည့် အရောင်းကျွမ်းကျင်ဝန်ထမ်းလိုအပ်ချက်မှာလည်း ဆက်လက်မြင့်တက်နေဆဲဖြစ်ကြောင်း အွန်လိုင်းအလုပ်အကိုင်ရှာဖွေမှု ဝက်ဆိုက်ဖြစ်သည့် work.com.mm က ထုတ်ပြန်ခဲ့သည်။

အဆိုပါဝက်ဆိုက်၏ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း ထုတ်ပြန်သည့် ပြည်တွင်းအလုပ်အကိုင်ရှာဖွေမှု စစ်တမ်းအရခေါ်ယူမှု အများဆုံးအလုပ်အကိုင်များမှာစာရင်းကိုင်၊ ဘဏ္ဍာရေး၊ ဈေးကွက်မြှင့်တင်ရေး၊ အင်ဂျင်နီယာနှင့်အိုင်တီအလုပ်တို့ဖြစ်ကြောင်း သိရသည်။

အလုပ်ရှာဖွေမှု ကျား၊ မ အချိုးအစားစစ်တမ်းအရအမျိုးသမီးများ၏ အလုပ်ရှာဖွေမှုမှာ ၂၀၁၅ ခုနှစ်နှင့် နှိုင်းယှဉ်ပါကတစ်ရာခိုင်နှုန်းတိုးတက်လာပြီး အမျိုးသမီး ၄၈ ရာခိုင်နှုန်းနှင့် အမျိုးသား ၅၂ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။ အလုပ်အကိုင်ရှာဖွေသူများဘက်မှ ရှာဖွေမှုအများဆုံးအလုပ်အကိုင်မှာ အိုင်တီ၊ စာရင်းကိုင်နှင့် အင်ဂျင်နီယာတို့ဖြစ်ကြောင်း၊ အဆိုပါအလုပ်ရှာဖွေမှုစစ်တမ်းကို အလုပ်ရှာဖွေသူများနှင့် ဘွဲ့ကြို၊ ဘွဲ့ရပြီးစလူငယ်များအတွက် ပြည်တွင်းအလုပ်အကိုင်ဈေးကွက် အခြေအနေကို သုံးသပ်လေ့လာပြီး မိမိ၏ ပညာရေးနောက်ခံ၊ ခေတ်စနစ်နှင့်ကိုက်ညီသော အသက်မွေးဝမ်းကျောင်းများကို ရွေးချယ်လျှောက်ထားနိုင်ရန်ရည်ရွယ်၍ ထုတ်ပြန်ခြင်းဖြစ်ကြောင်း work.com.mm မှ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး မန်နေဂျာက ပြောသည်။

၂၀၁၅ခုနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာအထိ ပြည်ပရင်းနှီးမြှုပ်နှံမှုကုမ္ပဏီပေါင်း ၁၃၈ ခုကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။ အဆိုပါ ခွင့်ပြုပေးခဲ့သည့်လုပ်ငန်းများထဲမှ ၅၀ ရာခိုင်နှုန်းကျော်မှာ အထည်ချုပ်၊ ဖိနပ်စက်ရုံလုပ်ငန်း၊ ၃၀ ရာခိုင်နှုန်းကျော်မှာ စားသောက်ကုန်၊ အဖျော်ယမကာ၊ ပလတ်စတစ်လုပ်ငန်း၊ သစ်လုပ်ငန်းနှင့် အိမ်တွင်းအလှဆင်ပစ္စည်းများထုတ်လုပ်သည့် လုပ်ငန်းအစရှိသည်တို့ဖြစ်ပြီး အခြား ၂၀ ရာခိုင်နှုန်းကျော်မှာဟိုတယ်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများဖြစ်ကြောင်း သိရသည်။

**မွန်းဦးနဒီ**

# တတိယအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာဓာတ်ပုံပွဲတော် ကျင်းပမည်

**ရန်ကုန် မတ် ၁၀**

တတိယအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပွဲတော်ကို မတ် ၁၁ ရက်မှ ၁၃ ရက်အထိ The Yangon Gallery တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဓာတ်ပုံအသင်းမှ သိရသည်။

အဆိုပါဓာတ်ပုံပွဲတော်တွင် ဆုရဓာတ်ပုံဆရာများ၏ အကောင်းဆုံးဓာတ်ပုံ လက်ရာများကို ခင်းကျင်းပြသထားမည်ဖြစ်ရာ ကျေးလက်သဘာဝအဖြူအမည်း ဓာတ်ပုံများ၊ သဘာဝရှုခင်းပုံများ၊ တောရိုင်းတိရစ္ဆာန်များ၏ သဘာဝပုံများ၊ လူမှုဘဝထင်ဟပ်စေသည့် ဓာတ်ပုံများ၊ မြန်မာတိုင်းရင်းသားတို့၏ ဓလေ့ထုံးတမ်း ဆိုင်ရာဓာတ်ပုံများ စသည်ဖြင့် ခင်းကျင်းပြသထားမည်ဖြစ်ကြောင်း သိရသည်။

ယင်းဓာတ်ပုံပြပွဲတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ပထမ၊ ဒုတိယနှင့် တတိယဆုရဓာတ်ပုံများ၊ နှစ်သိမ့်ဆုရ ဓာတ်ပုံများကို ခင်းကျင်းပြသထားမည်ဖြစ်ရာ ဓာတ်ပုံဝါသနာရှင်များအနေဖြင့် ဖော်ပြပါနေ့များတွင် နံနက် ၁၀ နာရီမှ ညနေ ၆ နာရီအထိ လာရောက်ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည်။

အဆိုပါ ဆုရဓာတ်ပုံများကို အကဲဖြတ်ဆရာများအဖြစ် ဦးမောင်မောင်သောင်း၊ ဥက္ကလာဦးထွန်းရွှေညောင်ဦးဖိုးချို၊ ဒါရိုက်တာပန်းချီစိုးမိုး၊ ဦးမြင့်သိန်းဖေ၊ ဦးဖေမြင့်ဦး အစရှိသော နာမည်ကြီးဓာတ်ပုံဆရာများက အကဲဖြတ်ပေးခဲ့ကြောင်း သိရသည်။ ယင်းပြပွဲတွင် အင်္ဂလန်နိုင်ငံမှ ဓာတ်ပုံပညာရှင် Robert Collins ၏ အလုပ်ရုံဆွေးနွေးပွဲ၊ ဂျပန်ဓာတ်ပုံပညာရှင် Tokashi Koike ၏ ဟောပြောပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကြဲတိုင်းအောင်**



# အန္တရာယ်ရှိသော (ဘီ)ပိုး ကာကွယ်ဆေးဆိုသည်မှာ

ဒေါက်တာခင်ခင်ထွေး

ယနေ့ညပိုင်းတွင် အစ်မဆီမှ ရုတ်တရက်ဖုန်းဝင်လာသည်။ ဖေ့စ်ဘွတ်ခ်ပို့ထား၍ ဖွင့်ကြည့်ရန်နှင့် ပဲခူးဆေးရုံကြီး၌ မွေးကင်းစကလေးငယ်များ အသည်းရောင်အသားဝါ (ဘီ) ပိုးကာကွယ်ဆေးထိုးလိုက်သောကြောင့် သေဆုံးကြောင်းကို ပြောကြား၍ သိရှိခဲ့ရသည်။

ချက်ချင်း မိမိ၏ဖေ့စ်ဘွတ်ခ်ကို ဖွင့်ကြည့်လိုက်သော အခါ ၂၀၁၆ ခုနှစ် မတ် ၇ ရက်က ပဲခူးဆေးရုံကြီး၌ ကလေးငယ် ၂၈ ဦးကို ပြင်ပဆေးဆိုင်မှ ဝယ်ယူလာသော(ဘီ)ပိုးကာကွယ်ဆေးများ ထိုးနှံကြပြီး မိနစ် ၃၀ အကြာတွင် ကလေးငယ်များသည် ခန္ဓာကိုယ်၌ အနီကွက်များပေါ်လာ၍ ပါးစပ်မှလည်း အမြှုပ်များ ထွက်ကြကြောင်း သိရှိခဲ့ရသည်။ ၎င်းတို့အနက် ကလေးငယ်သုံးဦးမှာ သေဆုံးပြီး ကျန်လေးဦးမှာ အရေးပေါ်ဌာန၌ တင်ထားရကြောင်း စိတ်မကောင်းဖွယ်ကြားသိခဲ့ရသည်။

မိမိသည် စက်မှုဝန်ကြီးဌာန အသည်းရောင်အသားဝါ (ဘီ) ကာကွယ်ဆေးထုတ်လုပ်သောစက်ရုံ၏ တာဝန်ခံတစ်ဦးဖြစ်သည့်အတွက် အထူးစိုးရိမ်မိပါသည်။ ထို့ကြောင့် ဆက်လက်စုံစမ်းခဲ့ရာ မိမိတို့စက်ရုံမှ ထုတ်လုပ်သော ကာကွယ်ဆေးမဟုတ်ဘဲ ပြည်ပနိုင်ငံများမှ တင်သွင်းလာသော တန်ဖိုးကြီးသည့် နာမည်ကြီး ကာကွယ်ဆေးများသာဖြစ်ကြောင်း ထပ်မံသိရှိခဲ့ရပါသည်။

ဆက်လက်ပြီး Comment များကို ဖတ်ရှုကြည့်ရာမှ အချို့ပြည်သူများ၏ (ဘီ)ပိုးကာကွယ်ဆေးအပေါ် အမြင်မှားနေခြင်းကိုသိရှိရ၍ ဤဆောင်းပါးကို ရေးသားရန် ဆန္ဒဖြစ်ပေါ်လာရခြင်းဖြစ်ပါသည်။

ယခုဖြစ်ရပ်တွင် စာရေးသူ၏ အမြင်ဘက်မှကြည့်လျှင် (ဘီ) ပိုးကာကွယ်ဆေးကြောင့် မဟုတ်ပါ။ ကာကွယ်ဆေး၏ သဘောသဘာဝသည် ရောဂါကို ကာကွယ်ရန်အတွက် အန္တရာယ်မဖြစ်အောင် ပညာရှင်များက အထူးလေ့လာ၍ ထုတ်လုပ်ပေးနေရပါသည်။

မည်သူမျှ မိမိ၏ Brand၊ မိမိ၏ကုမ္ပဏီနှင့် မိမိ၏ စက်ရုံအတွက် အမည်ပျက်ခံပြီး မကောင်းသော ဆေးများကို မထုတ်လုပ်ကြပါ။ ထို့အတူ မြန်မာ FDA ရုံးမှလည်း ဤသို့အန္တရာယ်ရှိသော ကာကွယ်ဆေးများ ပြည်သူများ၏ လက်ဝယ်ရောက်သည်အထိ ထုတ်လုပ်ခွင့်လိုင်စင်ကို လုံးဝ(လုံးဝ)ထုတ်ပေးမည်မဟုတ်ပါ။ လက်ရှိ တန်ဖိုးကြီးနာမည်ရ ကာကွယ်ဆေးများ၏ အမည်ကို အသုံးချ၍ လူနည်းစုဖြစ်သော ဝိသမလောဘသမားများကြောင့်သာ ဖြစ်နိုင်ပါသည်။

၎င်းတို့သည် နာမည်ရဈေးကြီးသော ကာကွယ်ဆေးများကိုသာ ရွေးချယ်၍ အတုအပများထုတ်လုပ်ခဲ့ကြသောကြောင့် မသမာသောနည်းလမ်းမှ အလွယ်တကူ ဝင်ငွေများများရမည်ကိုသာသိကြသည်။ သို့သော် ကလေးငယ်များ ကာကွယ်ဆေးထိုးပြီး အန္တရာယ်နှင့်ကြုံတွေ့နိုင်သည်ကို သိရှိနားလည်ကြမည်မဟုတ်ပါ။

ယခုအခါ နိုင်ငံတကာတွင် အသည်းရောင်အသားဝါ(ဘီ)ပိုးကာကွယ်ဆေးကို မျိုးဗီဇ (DNA) မှသာ ထုတ်လုပ်ကြသောကြောင့် လုံးဝအန္တရာယ်မရှိပါ။ ထို့အပြင် အန္တရာယ်ကင်းရှင်းကြောင်းကိုလည်း ဓာတ်ခွဲခန်းသုံး တိရစ္ဆာန်များနှင့် လူများတွင် ဦးစွာစမ်းသပ်ထိုးနှံရပါသည်။ ပုလင်းသွင်းသည့်အခါတွင်လည်း ပိုးမွှားများ လုံးဝသန့်စင်သောအခန်းတွင် WHO က ချမှတ်ထားသော GMP Standard နှင့်အညီ Aseptic Filling ပြုလုပ်ကြပါသည်။ သို့မှသာ မလိုလားအပ်သော အန္တရာယ်ရှိသည့် ပိုးမွှားများ ပုလင်းအတွင်းသို့ ဝင်ရောက်မှုမရှိနိုင်ပါ။ ပုလင်းသွင်းပြီး ကာကွယ်ဆေးများကိုလည်း ပိုးမွှားအန္တရာယ်သန့်စင်မှု ရှိ/မရှိ သေချာစွာ အရည်အသွေးကို ထပ်မံစစ်ဆေးရပါသည်။ အန္တရာယ်မရှိမှသာ ပြင်ပဈေးကွက်သို့ ဖြန့်ဖြူးရောင်းချရပါသည်။ ဤစနစ်သည် ကာကွယ်ဆေးထုတ်လုပ်ရောင်းချသော စက်ရုံများ၏ မလုပ်မဖြစ်လုပ်ရမည့် တာဝန်တစ်ရပ်ဖြစ်ပါသည်။

ယခုဖြစ်ရပ်တွင် ကာကွယ်ဆေးထိုးပြီး မိနစ် ၃၀ ခန့်အတွင်း ကလေးငယ်များ၌ ကြောက်လန့်ဖွယ် ရောဂါလက္ခဏာပြခြင်းသည် ပြင်ပအန္တရာယ်ရှိသော အခန်းများအတွင်း ဆေးရည်များကို ဖြစ်သလိုဖြည့်သွင်းသောကြောင့်ဖြစ်နိုင်ပါသည်။ ထို့ကြောင့် အန္တရာယ်ရှိသော ပိုးမွှားများသည် ကာကွယ်ဆေးရည်အတွင်း ရောက်ရှိသွားပြီး ကလေးငယ်များကို ချက်ချင်းဒုက္ခပေးခြင်းဖြစ်ပါသည်။ မွေးကင်းစကလေးငယ်များဖြစ်သောကြောင့် ခုခံမှုအား အလွန်နည်းကြပါသည်။ ထို့ကြောင့် အသက်အန္တရာယ်ဆုံးရှုံးသည်အထိ ကြုံတွေ့ရခြင်းဖြစ်ပါသည်။

မိမိ၏ ကိုယ်ကျိုးစီးပွားအတွက် အတု၊ အပပြုလုပ်ကြသူများအနက် ဆေးဝါးအတု ပြုလုပ်သူများနှင့် အန္တရာယ်ရှိမည့်ဆေးဝါးများကို ဖြန့်ဖြူးရောင်းချသူများကို သက်ဆိုင်ရာမှသေချာစွာစုံစမ်းပြီး ထိရောက်စွာအရေးယူပေးကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

---

## ကလေးငယ် ၂၈ ဦး ထိုးနှံခဲ့သည့် အသည်းရောင်အသားဝါ(ဘီ)ပိုး ကာကွယ်ဆေးမှာ ကျန်းမာရေးဝန်ကြီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးစီမံချက်ဖြင့် ဆောင်ရွက်သောလုပ်ငန်းမဟုတ်

## ကလေးငယ် ၂၈ ဦးအား ပြင်ပမှဝယ်ယူထိုးနှံပေးသည့် ကာကွယ်ဆေးများသည် ဆေးဝါးအစစ်အမှန် ဟုတ်/မဟုတ်၊ တရားဝင်လိုင်စင်ဖြင့် တင်သွင်းခြင်း ဟုတ်/မဟုတ် ဆက်လက်စိစစ်ဖော်ထုတ်လျက်ရှိ

**နေပြည်တော် မတ် ၁၀**

ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ မွေးဖွားခဲ့သည့် ကလေးငယ် ၂၈ ဦးကို ပုဂ္ဂလိကဆေးဆိုင်မှ အသည်းရောင်အသားဝါ(ဘီ)ပိုး ကာကွယ်ဆေးဝယ်ယူထိုးနှံခဲ့ပြီး ၎င်းအနက် ဆေးရုံမှဆင်းသွားခဲ့သော ကလေးငယ် ၁၄ ဦးတွင် နှစ်ဦးမှာ ၎င်းတို့ နေအိမ်များ၌ သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါဆေးရုံကြီး၌ မတ် ၄ ရက်မှ ၇ ရက်အတွင်း ကလေးငယ် ၄၃ ဦး မွေးဖွားခဲ့သည့်အနက် ၂၈ ဦးကို ပုဂ္ဂလိကဆေးဆိုင်မှ ဝယ်ယူလာသည့် အသည်းရောင်အသားဝါ (ဘီ) ပိုး ကာကွယ်ဆေး ထိုးနှံပေးခဲ့ကြောင်း၊ ၎င်းအနက် ၁၄ ဦးသည် ဆေးရုံမှ ဆင်းသွားပြီးနောက် နှစ်ဦးမှာ ၎င်းတို့၏နေအိမ်၌ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ ကျန်ကလေးငယ် ၁၂ ဦးကို ဆေးရုံသို့ပြန်လည်ခေါ်ယူ၍ စမ်းသပ်စစ်ဆေးခဲ့ပြီး ၁၀ ဦးကို ဆေးရုံကြီး မွေးကင်းစကလေးကုသဆောင်၌ စောင့်ကြပ်ကြည့်ရှုလျက်ရှိကြောင်း၊ ကျန်ကလေးငယ်နှစ်ဦးကို ၎င်းတို့၏ နေအိမ်များ၌သာ စောင့်ကြပ်ကြည့်ရှုလျက်ရှိကြောင်း သိရသည်။

ဆေးရုံ၌ ဆက်လက်တက်ရောက်လျက်ရှိသည့် ကလေးငယ် ၁၄ ဦးအနက် ကလေးငယ်တစ်ဦးမှာ အသက်ရှူကျပ်ခြင်း၊ အဆုတ်ကောင်းစွာ အလုပ်မလုပ်ခြင်း၊ ကျန် ၁၃ ဦးမှာ ရုတ်တရက်တက်ခြင်းရောဂါများ ဖြစ်ပွားခဲ့၍ မတ် ၇ ရက် ညနေ ၃ နာရီ မိနစ် ၄၀ မှ စတင်ကာ သားဖွားမီးယပ်ကုသဆောင်မှ ကလေးကုသဆောင်သို့ လွှဲပြောင်း စောင့်ကြပ်ကြည့်ရှုနေစဉ် တစ်ဦးမှာသေဆုံးခဲ့ကြောင်း၊ လေးဦးမှာ စိုးရိမ်ရသဖြင့် မတ် ၉ ရက် ညနေ ၄ နာရီ ၁၀ မိနစ်တွင် အထူးကုဆရာဝန်များနှင့် သူနာပြုများကြီးကြပ်၍ လူနာတင်ယာဉ်များဖြင့် ရန်ကင်းကလေးဆေးရုံကြီး အထူးကြပ်မတ်ကုသဌာနသို့ လွှဲပြောင်းကုသမှုခံယူစေလျက်ရှိကြောင်းနှင့် ကျန် ၁၀ ဦးကို မွေးကင်းစကလေးကုသဆောင်၌ စောင့်ကြပ်ကြည့်ရှုကုသလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်သတင်းရလျှင်ရချင်း ကျန်းမာရေးဝန်ကြီးဌာနရှိ ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဌေးအောင် ဦးဆောင်သောအဖွဲ့ဖြင့်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးလွင်ငြိမ်း၊ ကုသရေးဦးစီးဌာန အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(ဆေးဝါး)၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်၊ ကလေးကုသမှုဌာနမှ ပါမောက္ခ/ ဌာနမှူးနှင့် အထူးကုဆရာဝန်ကြီးများ ပါဝင်သောအဖွဲ့ဖြင့် လည်းကောင်း ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။

အဆိုပါ အဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ ကလေးငယ် ၂၈ ဦး ထိုးနှံခဲ့သည့် အသည်းရောင်အသားဝါ(ဘီ)ပိုး ကာကွယ်ဆေးမှာ ကျန်းမာရေးဝန်ကြီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးစီမံချက်ဖြင့် ဆောင်ရွက်သော လုပ်ငန်းမဟုတ်ကြောင်း၊ မွေးကင်းစကလေးငယ်များတွင် ပိုးဝင်၍ သွေးအဆိပ်တက်ခြင်း လက္ခဏာများတွေ့ရှိမှုမှာ ကာကွယ်ဆေးထိုးခြင်းနှင့် ဆက်စပ်ခြင်းရှိ/မရှိ ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ သွေးနှင့်အခြားစစ်ဆေးချက်များလည်း ဆက်လက်ဆောင်ရွက်လျက်ရှိသည့်အပြင် ကျန်းမာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း ဦးစီး၍ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များပါဝင်သော ဌာနဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ဖြင့် ကလေးလူနာများအတွက် ကုသပေးမှု အဆင်ပြေစေရေး ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကလေးငယ် ၂၈ ဦးအား ပြင်ပမှဝယ်ယူ ထိုးနှံပေးသည့် ကာကွယ်ဆေးများမှာ ပဲခူးမြို့ ပုဂ္ဂလိကဆေးဆိုင်မှ Engerix B နှင့် Hepavax B ဆေးများဖြစ်ရာ အဆိုပါဆေးများသည် ဆေးဝါးအစစ်အမှန် ဟုတ်/မဟုတ်၊ တရားဝင်လိုင်စင်ဖြင့် တင်သွင်းခြင်း ဟုတ်/ မဟုတ်နှင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၌ မှတ်ပုံတင်ထားခြင်း ရှိ/မရှိတို့ကို ဆက်လက်စိစစ်ဖော်ထုတ်လျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

---

## ဓားကိုင်ပြီး ဆိုင်ကယ်နှစ်စီးဖြင့် လုယက်ထွက်ပြေးသူများအား ဖမ်းဆီးရမိ

**မြစ်ငယ် မတ် ၁၀**

မြစ်ငယ်မြို့ ကျွဲနဖားကျေးရွာနေ ကိုချမ်းမြေ့သူသည် မတ် ၁ ရက် ည ၇ နာရီခွဲခန့်က ၎င်း၏တူဖြစ်သူ ဇင်မင်းခန့်နှင့်အတူ အလုပ်လုပ်ကိုင်သည့်ကုမ္ပဏီမှ နေအိမ်ရှိရာ ကျွဲနဖားကျေးရွာသို့ ဆိုင်ကယ်ဖြင့်ပြန်လာစဉ် မြစ်ငယ်-ထုံးဘို အတက်ကားလမ်း မယ်တော်စုကျေးရွာအနီး၌ ၎င်းတို့နောက်မှ ဆိုင်ကယ်နှစ်စီးကို မောင်းနှင်လာသော အမျိုးသားခြောက်ဦးသည် တုတ်၊ ဓား၊ လေးခွတို့ ကိုင်ဆောင်ကာ ကိုချမ်းမြေ့သူတို့၏ အိတ်များအတွင်းရှိ ပစ္စည်းများကို နှိုက်ယူစဉ် ၎င်းတို့နှစ်ဦးက ပြန်လည်ခုခံသဖြင့် တုတ်ဖြင့်ရိုက်၍ လေးခွဖြင့်ပစ်ရာ ဒဏ်ရာများ ရရှိခဲ့သောကြောင့် အော်ဟစ်အကူအညီတောင်းခံခဲ့သည်။ အဆိုပါ အမျိုးသားခြောက်ဦးသည် ၎င်းတို့စီးလာသော ဆိုင်ကယ်နှစ်စီးအနက် တစ်စီးကို ထားရစ် ထွက်ပြေးသွားသဖြင့် ဥပဒေအရအရေးယူပေးပါရန် တိုင်တန်းခဲ့ရာ မြစ်ငယ်နယ်မြေရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ပြစ်မှုကျူးလွန်သူများအား နယ်မြေရဲစခန်းမှူး ရဲအုပ်အောင်မျိုးသန့်၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်မြစိုးနှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များက လိုက်လံ စုံစမ်းဖမ်းဆီးရာ မတ် ၅ ရက်တွင် စန်းမောင် အနောက်သာယာကုန်းရပ်၊ ထိန်ဝင်းအောင် သရက်တန်းကျေးရွာ၊ လှိုင်ဝင်းဇော်(ခ) လစ်ပို အနောက်သာယာကုန်းရပ် ဥယျာဉ်တော်ကျေးရွာအုပ်စု အမရပူရမြို့နယ်နေသူတို့ သုံးဦးကိုလည်းကောင်း၊ မတ် ၆ ရက်တွင် ငြိမ်းမင်းထွန်း(ခ) မိုးကောက်နှင့် ဟိန်းသီဟ သရက်တန်းကျေးရွာ ဥယျာဉ်တော်ကျေးရွာအုပ်စု အမရပူရမြို့နယ်နေသူနှစ်ဦးနှင့် မတ် ၇ ရက်တွင် အောင်ကျော်မိုး(ခ) ဖိုးထောင် သရက်တန်းကျေးရွာ ဥယျာဉ်တော်ကျေးရွာအုပ်စု အမရပူရမြို့နယ်နေသူကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**

---

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် မတ် ၁၀**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ဘင်္ဂလား ပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

# စမ်းချောင်းမြို့နယ် ရှင်စောပုလမ်းထောင့် စီးတီးမတ်မှ Happy ကော်ဖီဆိုင် ဂက်စ်အိုးပေါက်ကွဲ

**နေပြည်တော် မတ် ၁၀**

စမ်းချောင်းမြို့နယ် ရှင်စောပုရပ်ကွက် ပြည်လမ်းနှင့် ရှင်စောပုလမ်းထောင့်ရှိ စီးတီးမတ် မြေညီထပ်၌ ဖွင့်လှစ်ထားသည့် Happy Café and Noddles ဆိုင်တွင် အသုံးပြုသည့် ဂက်စ်အိုးလဲလှယ်ရာမှ ယနေ့နံနက် ၉ နာရီ မိနစ် ၄၀ ခန့်က ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။

အဆိုပါ ကော်ဖီဆိုင်၌ ချက်ပြုတ်ခြင်းများအတွက် အသုံးပြုသည့် အရှည်လေးပေခန့်ရှိ ဂက်စ်အိုးတစ်လုံးမှ အခြားတစ်လုံးသို့ လဲလှယ်၍ ဂက်စ်ဖြည့်စဉ် ဂက်စ်အိုးမှခေါင်းပြုတ်ထွက်ခဲ့ပြီး ဂက်စ်များပန်းထွက်လာကာအနီးရှိမီးဖိုနှင့်ထိတွေ့ကာ ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပေါက်ကွဲမှုအရှိန်ကြောင့် ၁၅ ပေပတ်လည် အခန်းအတွင်းကာရံထားသည့် မှန်ချပ်များကွဲခဲ့ပြီး ဆိုင်အလုပ်သမား အမျိုးသား နှစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့ နာကျင်ဒဏ်ရာများရရှိခဲ့ပြီး ရန်ကုန်အနောက်ပိုင်းခရိုင်ဆေးရုံကြီး၌ တက်ရောက်ဆေးကုသလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ သိရသည်။



ဖြစ်ပွားသည့်နေရာသို့ လူနာတင်ယာဉ်တစ်စီး၊ ကွပ်ကဲမှုယာဉ်တစ်စီး၊ သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ် ငါးဦးတို့ သွားရောက်ကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ သတင်းထုတ်ပြန်ထားသည်။

"ဂက်စ်အိုး လဲနေတဲ့အချိန်မှာ ချက်ပြုတ်တာမပြောနဲ့ အမွှေးတိုင်တောင်ထွန်းထားဖို့ မသင့်ပါဘူး။ အန္တရာယ် အလွန်ကြီးပါတယ်။ မှန်လုံခန်းဆိုရင် ပိုပြီးသတိထားရမှာပါ။ ဂက်စ်အိုးကြီးတွေမပြောနဲ့ အခန့်မသင့်ရင် ၁၀ ကီလိုဂရမ်အိုးတွေတောင် ပေါက်ကွဲတတ်ပါတယ်။ အခုဟာက ၄၀ ကီလိုဂရမ်အိုးတွေဆိုတော့ အန္တရာယ်ဖြစ်တာပေါ့။ ဒါတောင် မနက်စောစောပိုင်းဆိုတော့ လူရှင်းနေလို့ တော်သေးတယ်" ဟု မျက်မြင်တွေ့ရသူတစ်ဦးက ပြောပြသည်။

ပေါက်ကွဲရခြင်းမှာ မှန်လုံခန်းဖြစ်သည့်အတွက် ကာရံထားသည့် မှန်များအပူရှိန်နှင့် ပေါက်ကွဲရှိန်တို့ကြောင့် ကွဲထွက်သွားရခြင်းဖြစ်ပြီး ယင်းသို့ ဖြစ်ပွားခဲ့သည့်အတွက် ဆိုင်ပိုင်ရှင် ဒေါ်နွယ်နီဦးနှင့် ဆိုင်မန်နေဂျာ ကိုရဲကျော်စွာတို့ကို စမ်းချောင်း မြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်နေကြောင်း သိရသည်။

**သတင်း-ခင်ရတနာ**
**ဓာတ်ပုံ-ရန်ကုန်တိုင်းရဲတပ်ဖွဲ့**

# မင်းလှမြို့ ဒဟတ်ပင်ရေနံမှော်၌ မီးလောင်မှုဖြစ်ပွား

**မင်းလှ မတ် ၁၀**

သရက်ခရိုင် မင်းလှမြို့နယ် ဘွဲ့ကျေးရွာအုပ်စု ဒဟတ်ပင်ရေနံမှော်အတွင်းရှိ လုပ်ကွက်အမှတ် (၃)၌ မတ် ၉ ရက် မွန်းလွဲ ၁ နာရီ ၃၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ အဆိုပါ သတင်းအရ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ဇော်ဦးစီးတပ်ဖွဲ့ဝင်များ၊ မြို့နယ် မီးသတ်ဦးစီးမှူးနှင့် အဖွဲ့ဝင်များသည် မြို့နယ်မီးသတ်ယာဉ် သုံးစီး၊ ဒဟတ်ပင်ရေနံမှော် ပရဟိတအဖွဲ့မှ ရေသည်ယာဉ်သုံးစီးတို့ဖြင့် သွားရောက်ပြီး ဒေသခံရွာသူ ရွာသားများနှင့်ပူးပေါင်းကာ မီးငြိမ်းသတ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

အဆိုပါ မီးလောင်မှုနှင့် ပတ်သက်ပြီး စစ်ဆေးရာ မင်းလှမြို့နယ် မြကင်းတောင်အရှေ့ဘက် ဘွဲ့ကျေးရွာအုပ်စု ဒဟတ်ပင်ရေနံမှော်အတွင်းရှိ လုပ်ကွက်အမှတ်(၃)ရှိ ယာပိုင်ရှင် ဒေါ်မြကြည် (၈၀ နှစ်) ကွန်းသွန်းကျေးရွာ မင်းလှမြို့နယ်နေသူ၏ ယာမြေပေါ်၌ တဲဆောက်လုပ်နေထိုင်သော နိုင်ဝင်း(၄၀ နှစ်) ဘွဲ့ကျေးရွာ မင်းလှမြို့နယ်နေသူသည် ၎င်း၏ သက်ငယ်မိုး ထရံကာတဲအတွင်း ရေနွေးအိုးတည်ရာမှ အနီးရှိ သက်ငယ်ကို မီးကူးစက်လောင်ကျွမ်းခဲ့ရာ စုပုံထားသော ကလပ်ခုံဟောင်း နှစ်ခု၊ ပီပါခွံဟောင်း ခြောက်လုံး၊ အနီးပတ်ဝန်းကျင်ရှိ သက်ငယ်မိုးထရံကာ တဲငါးလုံး၊ (ပိုင်ရှင်စိစစ်ဆဲ)တို့ မီးလောင်ခဲ့ကြောင်းနှင့် လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ မီးပေါ့ဆစွာသုံးစွဲသူ နိုင်ဝင်းအား မင်းလှမြို့နယ် မြို့မရဲစခန်းက အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျ(မကွေး)**

# ဝါးခယ်မမြို့ ပြန်မလော့မြစ်အတွင်း စက်လှေနှစ်စင်းတိုက် တစ်ဦးသေ၊ နှစ်ဦး ပြင်းထန်စွာဒဏ်ရာများရရှိ

**ဝါးခယ်မ မတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ပြန်မလော့မြစ်အတွင်း၌ စက်လှေနှစ်စင်း မျက်နှာချင်းဆိုင်တိုက်မှုကြောင့် စီးနင်းလိုက်ပါလာသူ အလုပ်သမတစ်ဦး သေဆုံးပြီး အလုပ်သမနှစ်ဦး ပြင်းထန်စွာ ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၅ ရက် နံနက် ၅ နာရီခွဲခန့်က ဝါးခယ်မမြို့နယ် ကျုံတလိတ်ကျေးရွာအုပ်စု အဖျံလေးကျေးရွာ ဆိပ်ကမ်းမှ အိမ်မဲမြို့နယ် အိုင်ကြီးကျေးရွာအုပ်စု ကျေးရွာများသို့ အလုပ်သမ ၂၀ တင်ဆောင်၍ အိုင်ကြီးကျေးရွာနေသူ ရေယာဉ်မောင်းဝေလျှံဖြိုး (၂၀ နှစ်) မောင်းနှင်သောအလျားပေ ၃၀၊ အနံခြောက်ပေ၊ မြင်းကောင်ရေ ၁၀ ကောင်၊ တရုတ်နီအင်ဂျင်စက်တပ် ဆန်းမွန်း ပွဲထောင်စက်လှေသည် ပြန်မလော့မြစ်ကြောင်း အတိုင်း မောင်းနှင်လာစဉ် ကျုံတလိတ်ကျေးရွာအုပ်စု အဖျံလေးကျေးရွာအနီး၌ ပန်းတနော်မြို့နယ်ဘက်မှ ဝါးခယ်မမြို့နယ်ဘက်သို့ ရေယာဉ်မောင်း ဟန်မင်းပိုင် (၂၀ နှစ်) မအူကျွန်းရွာနေသူ မောင်းနှင်လာသောအလျား ၃၅ ပေ၊ အနံခြောက်ပေ၊ ဇောက် သုံးပေ၊ မြင်းကောင်ရေ ၂၀ တရုတ်နီအင်ဂျင် စက်တပ် အောင်ရတနာပွဲထောင် စက်လှေနှစ်စင်း မျက်နှာချင်းဆိုင် တိုက်မိကြရာ ဝေလျှံဖြိုး မောင်းနှင်လာသော ဆန်းမွန်းစက်လှေပေါ်လိုက်ပါလာကြသော အလုပ်သမများ ရေနစ်မြုပ်မှုကြောင့် ဒေသခံကျေးရွာလူမှုရေးအဖွဲ့စည်းတို့က ဝိုင်းဝန်းကယ်ဆယ်ပေးခဲ့ကြသည်။ ၎င်းတို့အနက် အိမ်မဲမြို့နယ် တစ်တီတူးကျေးရွာနေ မခိုင်ခိုင်ဌေး (၂၃ နှစ်)နှင့် မခင်သက်ဆွေ (၃၉ နှစ်) အိုင်ကြီးကျေးရွာနေသူတို့ ဒဏ်ရာများရရှိကြပြီး မရီရီဝင်း (၁၈ နှစ်) အိုင်ကြီးကျေးရွာနေသူမှာ ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း သိရသည်။

ယင်းအမှုနှင့် ပတ်သက်၍ ရေယာဉ်မဆင်မခြင် မောင်းနှင်သူ ဝေလျှံဖြိုးနှင့် ဟန်မင်းပိုင်တို့အား အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ပုသိမ်လှကြည်**



**ချိန်ခါမရွေးသတိပေး မီးဘေးကင်းဝေးမှာ**


**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း**

ယာဉ်အမှတ် 7D/4272 Scania P380 Truck with Crane (8x4)Lအမည်ပေါက် Europe & Asia Commercial Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး) ရန်ကုန်မြို့**

**IGCSE** Secondary 1, 2, 3, 4 Year 8, 9, 10, 11

*Maths, Science, ICT, Business* စာသင်ဝိုင်းများ
မတ်လ (၁၆)ရက် ဖွင့်ပါမည်။ နေအိမ်သို့လည်း လာရောက်သင်ကြားပေးပါသည်။
ဆရာ ဦးလှမြင့်ဦး(ပိုင်ဇေ) 09 73177816, 09 795888783

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 2B/5676 Toyota Dyna Bu 88 Van(4x2)R အမည်ပေါက် Europe & Asia Commercial Co.,Ltdက(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး) ရန်ကုန်မြို့**

**ဝင်ခွင့်ရရေးသေချာမှုအတွက် သင်ကြားလေ့ကျင့်ရန်အကောင်းဆုံးနေရာ**

ဦးတိုးကျော်(အင်္ဂလိပ်စာ) ဦးစီးသင်ကြားသော PGDMA 09978785990
ပညာရွှေစင်
နေ့စဉ်တက်စာမေးပွဲပြင်ဆင်မှုသင်တန်းများ
မတ်လ(၁၈)ရက်နေ့စမည် | A နံနက် 7:30 - 9:00 | B နံနက် 9:00 - 10:30 | သင်တန်းကြေး ၃၀၀၀၀ကျပ်
နယ်သင်တန်းသားဖြစ်ဝင်းကျယ်ကြီးတွင်သင်ကြားရေး၊ နေရေး၊ စားရေး လုံခြုံပြည့်စုံစွာဆောင်ရွက်ပေးသည်
ကာဒ်ထုတ်၊ စာမေးပွဲဖြေကြိုပို့၊ သင်ကြားရေး၊ Guide၊ နေရေး၊ စားရေး အပြီးအပြတ်၊ (တစ်သိန်း) ကျပ်
၂၉၄၊ တတိယထပ်၊ ဗိုလ်အောင်မှန့်ဆိုင်အပေါ်ထပ်၊ တာမွေ ယာယီဈေးရှေ့

**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော် ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း(၃)၊ မြေကွက်/ဦးပိုင်အမှတ် ၁၆၅၀၊ ဧရိယာ ၀ဒသမ၀၅၅ ဧကရှိ ဒေါ်တင်တင်ဝင်း အမည်ပေါက် အငှားဂရန်မြေကွက်အား အမည်ဒေါ်ဥမ္မာလွင် ၉/ပမန(နိုင်)၀၆၀၉၄၇ (ဘ)ဦးသိန်းလွင်ကပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်၊ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ပျောက်ဆုံးကြောင်း**

ကျွန်မ မယဉ်မင်းသူကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် A-266473မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၉၂၂၁၂၅၇**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ၂၀၁၅ခုနှစ် ရေဘေးနှင့်သဘာဝဘေးအန္တရာယ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် အခြေခံပညာကျောင်းများပြုပြင်ရန် ဂျပန်နိုင်ငံအစိုးရ၏ ထောက်ပံ့လှူဒါန်းငွေဖြင့် ပညာရေးဝန်ကြီးဌာနနှင့် JICAတို့ ပူးပေါင်းဆောင်ရွက်ပါမည်။ ယင်းကိစ္စအတွက် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် JICA တို့ပူးပေါင်း၍ တိုင်းဒေသကြီး/ပြည်နယ်များရှိ သဘာဝဘေးဒဏ်ခံရသည့် အခြေခံပညာကျောင်းများအား ကျောင်းဆောင်သစ်များ ဆောက်လုပ်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားဆောက်လုပ်ရေးကုမ္ပဏီပိုင်လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

- (က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၁-၃-၂၀၁၆ရက်
- (ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၃၁-၃-၂၀၁၆ရက်
- (ဂ) **တင်ဒါဖွင့်လှစ်မည့်ရက်** - ၆-၄-၂၀၁၆ရက်
- (ဃ) **တင်ဒါတင်သွင်းရမည့် နေရာ** - အခြေခံပညာဦးစီးဌာန ရုံးအမှတ် ၁၃၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်

၂။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၇၆၈၇၊ ၀၆၇-၄၀၇၆၉၄၊ ၀၆၇-၄၀၇၆၉၀တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မှတ်ချက်။** ၂၀၁၆ခုနှစ် ဒီဇင်ဘာလတွင် လုပ်ငန်းပြီးစီးရမည် ဖြစ်ပါသည်။

**တင်ဒါကြီးကြပ်ရေးအဖွဲ့**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄/ကံဘဲ့၊ မြေကွက်အမှတ် ၂၈/ခ၊ (V.S.A.R အာလာဂပ္ပချတ္တီးရား) အမည်ပေါက် B မြေ၊ ဧရိယာ ၀ဒသမ၂၃၂ဧက၏ မခွဲမစိတ်ရသေးသော အစိတ်အပိုင်းအကျယ်အဝန်း ပေ (၅၅×၇၅)ရှိ မြေကွက်တည် နေရာအမှတ် ၁၄၅၊ ရွှေသစ္စာလမ်း၊(၁၃)ရပ်ကွက်၊ရန်ကင်းမြို့နယ်အား ရန်ကင်းမြို့နယ်တရားရုံးတရားမမှုအမှတ် ၂၁/၂၀၁၃တွင် တရားလို ဒေါ်နန်းခမ်းလိုင်း(ခ)ဒေါ်ခမ်းလှိုင်၊ ဒေါ်နန်းမွန်းမွန်းတို့က တရားပြိုင် ဦးတင်အောင်၊ ဦးဘကျော်၊ ဦးတင်အုံး၊ ဦးအာလာဂပ္ပချတ္တီးရားအပေါ် သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၁၂အရ ကတိပဋိညာဉ်အတိုင်း အိမ်နှင့်မြေအရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ အမည်ပေါက်သည်အထိ ဆောင်ရွက်ပေးစေလိုမှုစွဲဆိုရာ တရားလိုတို့ တောင်းဆိုသည့်အတိုင်း အမှတ် (၁) တရားပြိုင်ဦးတင်အောင်က အိမ်နှင့်မြေအရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ အမည်ပေါက်သည်အထိ ဆောင်ရွက်ပေးစေရန် စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်သည့် ၂၄-၄-၂၀၁၄ရက်စွဲပါ စီရင်ချက်၊ ဒီကရီနှင့် ယင်းတရားရုံး၏ တရားမဇာရီမှုအမှတ် ၅/၂၀၁၄ အမိန့်တို့တင်ပြ၍ ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေ ပုဒ်မ ၃ (က) အရ လယ်ယာမြေနှင့်အကျုံးဝင်ကြောင်း ဝန်ခံချက်လက်မှတ်ကို ဒေါ်နန်း ခမ်းလိုင်း(ခ) ဒေါ်ခမ်းလှိုင် ၉/မရမ(နိုင်) ၀၇၁၈၃၄၊ ဒေါ်နန်းမွန်းမွန်း ၉/မဟမ(နိုင်) ၀၀၄၁၈၉တို့က လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ်BB/3530၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ်8F/8840၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။


**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)**

# ကလေးမြို့ ရတနာရွှေဆိုင် လူစည်ကားချိန် ဓားပြတိုက်မှု နာရီပိုင်းအတွင်းဖမ်းမိ

**ကလေး မတ် ၁၀**

ကလေးမြို့ အောင်မြေမာန်ရပ်ကွက် ဗိုလ်ချုပ်လမ်းဘေးရှိ ဖွင့်လှစ်ထားသော ရွှေဝါလင်း အာမခံရွှေရတနာဆိုင်ကို မတ် ၁၀ ရက် နံနက် ၉ နာရီခွဲက ဓားပြတိုက်ခံရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဓားပြတိုက်သူသည် တူမီးသေနတ်တစ်လက်ကိုင်ဆောင်ပြီး ပါးစပ်အား ဆေးရုံသုံး Mask ဖြင့် ဖုံးအုပ်ကာ ရွှေထည်ပစ္စည်းမျိုးစုံထည့်ထားသည့် ရွှေကောင်တာကို ဆိုင်ပိုင်ရှင်ရှေ့မှောက်တွင် သေနတ်ဒင်ဖြင့် ထုခွဲ၍ ရွှေကောင်တာအတွင်းရှိ ရွှေဆွဲကြိုး ၄၁ ကုံး၊ ပြတ်စရွှေဆွဲကြိုးတစ်ကုံးနှင့် ရွှေနားကပ်ကျောက်ပါ ၂၈ ရံ စုစုပေါင်းရွှေအလေးချိန် ၅၀ ကျပ်သားကျော်ကို နှိုက်ယူကာ အင်္ကျီအိတ်အတွင်းသို့ထည့်ပြီး ဗိုလ်ချုပ်လမ်းအရှေ့ဘက် အလုပ်သမားရုံး လမ်းဘက်သို့ ဆိုင်ကယ်တစ်စီးဖြင့် ထွက်ပြေး တိမ်းရှောင်သွားသည်။





အမှုဖြစ်လျှင်ဖြစ်ချင်း ကလေးမြို့ ပြည်သူ့ရဲတပ်ဖွဲ့က အချိန်မီလိုက်လံရှာဖွေကြရာ ပြစ်မှုကျူးလွန်သူအား ကလေးမြို့နယ် နတ်ချောင်းကျေးရွာ အိုမီဂါ အရောင်းဆိုင်ရှေ့တွင် နံနက် ၁၀ နာရီ မိနစ် ၅၀ ၌ လက်ရဖမ်းဆီးရမိခဲ့ကြောင်း၊ ပြစ်မှုကျူးလွန်သူမှာ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ကျွန်းခုံသာကျေးရွာနေ ဝင်းကြည်ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာရဲစခန်းမှစစ်ဆေးလျက် အမှုဖွင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**

# မီးရထား သံလမ်းကူးတွင် ရထားနှင့် ဆိုင်ကယ်တိုက်

**မြို့သစ် မတ် ၁၀**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် လယ်ပြင်ရပ်ကွက် မြို့ဦးလမ်းရှိ မီးရထားသံလမ်းကူးတွင် မတ် ၈ ရက် မွန်းလွဲ ၁ နာရီက ရထားနှင့် ဆိုင်ကယ်တိုက်မိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၈ ရက် မွန်းလွဲ ၁ နာရီတွင် စက်ခေါင်းမောင်း ဦးဇော်လွင် မောင်းနှင်လာသော စက်ခေါင်းအမှတ်-DF----ချောက်-နေပြည်တော် အမှတ်-၁၀၂ အစုန်ရထားသည် မြို့သစ်ဘူတာမှ နေပြည်တော်သို့ ဆက်လက်ထွက်ခွာလာစဉ် မြို့သစ်မြို့ လယ်ပြင်ရပ်ကွက် မြို့ဦးလမ်း မီးရထားသံလမ်းကူးဖြစ်သည့် မီးရထားလမ်း မိုင်တိုင်အမှတ်(၃၀၆/၁၅ နှင့် ၃၀၆/၁၆) အရောက် လှိုင်မင်းကို(၁၆ နှစ်) ဇီးလုံးကျေးရွာ မြို့သစ်မြို့နယ်နေသူမှ ၄င်းပိုင်ယာဉ်အမှတ် ZY ယာယီ/------ လုံစင်း ၁၂၅ အနက်ရောင်ဆိုင်ကယ်ဖြင့် ရထားလမ်း၏ အနောက်ဘက်မှ အရှေ့ဘက်သို့ ဖြတ်ကူးရာ ရထားဖြင့်တိုက်မိသဖြင့် ဆိုင်ကယ်နှင့်ယာဉ်မောင်းတို့မှာ ရထားနောက်သို့ ချိတ်ပါသွားခဲ့သည်။ လှိုင်မင်းကိုအား ခုတင် ၁၀၀၀ ဆံ့ဆေးရုံတွင် ကုသလျက်ရှိသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရထားလမ်းပေါ်သို့ ဆိုင်ကယ်အားမဆင်မခြင်ပေါ့ဆစွာမောင်းနှင်ခဲ့သူ လှိုင်မင်းကိုအား မြို့သစ်မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းဝင်းထွန်း(မြို့သစ်)**

# ယာဉ်မောင်းအိပ်ငိုက်၍ ကားအရှိန်မထိန်းနိုင်ဘဲ ချောင်းအတွင်းထိုးကျ

**မြိတ် မတ် ၁၀**

ကော့သောင်းမြို့မှ မြိတ်မြို့ဘက်သို့ ပြည်ထောင်စုလမ်းမကြီးအတိုင်း မောင်းနှင်လာသော ယာဉ်မောင်း ရွှေတစ်ဆုတ်(၃၆)နှစ် ကော့သောင်းမြို့နေသူ မောင်းနှင်လာသည့် 4J/---- Super Custom အမျိုးအစား ၁၂ ဦးတင်မှန်လုံကားသည် မတ် ၁၀ ရက် နံနက် ၄ နာရီက မြိတ်မြို့ ပသောင်းကျေးရွာအုပ်စု တက်လက်ငယ်ကျေးရွာ မိုင်တိုင်အမှတ် (၃၁/၃၂)အကြား တက်လက်ငယ်ရိုးချောင်း ကွန်ကရစ်တံတားအရောက်တွင် ယာဉ်မောင်း အိပ်ငိုက်ပြီး အရှိန်မထိန်းနိုင်ဘဲ တံတား၏ ယာဘက်အားတိုက်မိကာ ရိုးချောင်းအတွင်းသို့ ထိုးကျတိမ်းမှောက်သွားခဲ့ကြောင်း သိရသည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ခရီးသည်တစ်ဦး သေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့သည်။

အဆိုပါယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း ရွှေတစ်ဆုတ်တွင် ဒဏ်ရာများရရှိခဲ့ပြီး ယာဉ်ပေါ်ပါခရီးသည် ၁၂ ဦးအနက် သံဖြူဇရပ်မြို့နယ်နေသူ ဦးလှ(၆၆ နှစ်)၊ ဒေါ်ရိန်း(၅၇ နှစ်)၊ မခင်သန်းထွေး(၂၂ နှစ်)၊ ခမောက်ကြီးမြို့နယ်နေသူ မမိုးဦး(၂၂ နှစ်)၊ မနန္ဒာဇင်(၁၀ နှစ်)နှင့် သံဖြူဇရပ်မြို့နယ်နေသူ ဒေါ်အေးကြည်(၄၁ နှစ်)တို့တွင် ဒဏ်ရာများရရှိခဲ့ပြီး မြိတ်ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသခံယူလျက်ရှိသည်။ ပြည်သူ့ဆေးရုံကြီး၌ ဆေးဝါးကုသမှုခံယူလျက်ရှိသော ဒေါ်အေးကြည် (၄၁ နှစ်)သည် နံနက် ၁၀ နာရီခွဲခန့်တွင် ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်တိမ်းမှောက်မှုနှင့်ပတ်သက်၍ ယာဉ်အားမဆင်မခြင်မောင်းနှင်သူ ရွှေတစ်ဆုတ် (၃၆နှစ်)အား မြိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်ဦး (မြိတ်)**



# ဆီတိုင်ကီမှ ဆီယိုစိမ့်၍ သုံးဘီးဆိုင်ကယ်မီးလောင်

**ကသာ မတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကြူတောကျေးရွာတွင် မတ် ၉ ရက် ညနေ ၆ နာရီက မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ရဲအုပ်စန်းယုနှင့်အဖွဲ့ အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးခဲ့သည်။ ဖြစ်စဉ်မှာ ကြူတောကျေးရွာနေ ကျော်မင်းထွန်းမှ ယာဉ်အမှတ်၃ဟ/--- ဂျင်ရှီအမျိုးအစား အဝါရောင်သုံးဘီးဆိုင်ကယ်အားမောင်းနှင်လာပြီး နေအိမ်ဘေး၌ ရပ်ထားစဉ် ဆီတိုင်ကီမှ ဆီယိုစိမ့်၍ သုံးဘီးဆိုင်ကယ်အား မီးကူးစက်လောင်ကျွမ်းခဲ့ရာ အနီးအနားရှိလူများမှ ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် မီးညွန့်ကျိုးသွားခဲ့ကြောင်း သိရသည်။ မီးပေါ့ဆသူ ကျော်မင်းထွန်း (၃၇နှစ်) ကြူတောရွာနေသူကို ကောလင်းမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ဦးရဲ(ကသာ)**



# သာယာတင့်ရှန်း ကျိုက်မော်ဝန်း ဖူးမြော်ပူဇော် ရေလယ်စေတီတော်

ဆောင်းပါး-မော်ဝန်းဝင်းမြတ်
ဓာတ်ပုံ-ကိုမျိုး(သီတာအောင်)

ရွှေဟောင်းအမွေအနှစ် သာသနိကပစ္စည်းများသည် သမိုင်းတန်ဖိုးမဖြတ်နိုင်သော ရတနာပစ္စည်းများဖြစ်ကြပြီး နိုင်ငံနှင့်လူမျိုးတို့၏ အဆင့်အတန်းကို ဖော်ညွှန်းပြသလျက်ရှိကြသည် ။

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်သည် တချိန်က သုဝဏ္ဏဘူမိ(သထုံ)ဒေသနှင့် ခေတ်ပြိုင် ရွှေဟောင်းဂဝံယဉ်ကျေးမှုထွန်းကားရာ ဒေသကြီးဖြစ်ပြီး ကျိုက်မော်ဝန်းရေလယ်စေတီတော်မြတ်သည်လည်း ရွှေဟောင်းသမိုင်းဝင်စေတီတော်တစ်ဆူပင် ဖြစ်ပေသည်။

လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင်ကျော်ကာလက သီဟနန္ဒခေါ် မင်းနေပြည်တော်ကြီးတစ်ခု၏ ဘူမိနက်သန်ဖြစ်ခဲ့ကြောင်း တွေ့ရှိနေရသည့် သမိုင်းအထောက်အထားများက သက်သေပြလျက်ရှိသည်။

ထို့ပြင် ယခုမြင်တွေ့နေရသည့် ရွှေဟောင်းစေတီပုထိုးများနှင့်ခြံမြေများအတွင်းမှ စေတီပျက်များမှာ လက်ညှိုးထိုးမလွဲတည်ရှိဆဲဖြစ်၍ ရွှေဆရာကြီးများက "အထက်မှာ အရိမဒ္ဒန(ပုဂံ)၊ အောက်မှာ သီဟနန္ဒ(ပါဒ)" ဟူ၍ ဘာသာယဉ်ကျေးမှုမော်ကွန်းရေးထိုးခဲ့ခြင်း ဖြစ်ပေသည်။

ပါဒဟူသည် ပါဠိပျက်စကားဖြစ်ပြီး ရှေးဦးအစ ပထမ၊ အရင်းအမြစ်၊ မူလဟူ၍ အဓိပ္ပာယ်ရပေရာ ယခင်အချိန်က မွန်လူမျိုးတို့ ပထမဆုံးအကြိမ် မြို့နန်းတည်ထောင်စိုးစံခဲ့ကြသည့်မြို့တော်မှာ သီဟဒီပကျွန်းကို အစွဲပြုလျက် သီဟနန္ဒဟု မြို့တော်အမည် သမုတ်ခဲ့ခြင်းဖြစ်ကြောင်း သမိုင်းမှတ်တမ်းများမှ လေ့လာသိရှိရသည်။

ယနေ့တိုင်တည်ရှိနေသည့် သိမ်ကုန်း၉၆၉ သီလရှင်စာသင်တိုက်အနောက်ဘက်မှ ကျောက်နှင့်မြေသားမြို့ရိုးဟောင်း၊ အရှေ့ဘက်တွင် ဆင်ကျုံး၊ ဆင်များရေကစားရန် ဆင်ကန်၊ ပါဒကြီးရွာအဝင် မြို့ဦးစေတီအနီးမှ သောက်တော်တွင်း၊ သိမ်ကုန်းကျောင်းရှေ့ကားလမ်းဘေး ဆင်ကျုံးအတွင်း ကညင်ပင်ကြီးအောက်ရှိ ရွှေဟောင်းရေတွင်းတို့သည် ရှေးမင်းများအသုံးပြုခဲ့သည့် သောက်တော်တွင်းဟု ယခုတိုင်အသိအမှတ်ပြုကြသည်။

ထို့ပြင် ပါဒနယ်မြေအတွင်းရှိ ရွှေဟောင်းသိမ်များ၊ ဂဝံကျောက်တိုင်လုံးများ၊ ကျောက်ထီးများ၊ ဂဝံသရက်ကင်းပါ လေ့ကားထစ်များ၊ ပျူအုတ်ခွက်ဘုရားများ၊ ဂဝံဗုဒ္ဓရုပ်ပွားတော်များ၊ ပျူလက်ရေးစင်းပါအုတ်ချပ်များ၊ ပျူခေတ်နှောင်းပုဂံခေတ်ဦး ရုပ်တော်မူပုံ အဘယမုဒြာ ရုပ်ပွားတော်မြတ်များသည် ဘာသာယဉ်ကျေးမှုသမိုင်း မှတ်တိုင်များပင် ဖြစ်ပေသည်။

**နယ်ချဲ့အင်္ဂလိပ် အုပ်စိုးစဉ် ၁၉၁၈ ခုနှစ်တွင် အိန္ဒိယလူမျိုး ကန်ထရိုက်တာ ကာဆင်နှင့်နာနတ်မာမက်ဆိုသူတို့က စေတီများနှင့် ကျောက်တံတိုင်းများကို ဖြိုဖျက်တူးယူပြီး ယခု ပုဇွန်တောင်မြစ်ကမ်းဘေး (သန်လျက်စွန်း)တွင် တံတိုင်းစီရန်နှင့် လမ်းခင်းရန် ဂဝံကျောက်တုံးများ ပေးပို့ရောင်းချခဲ့ခြင်းတို့ကြောင့် ပါဒဒေသမှ ရွှေဟောင်း အမွေအနှစ်များ ပျောက်ကွယ် ဆုံးရှုံးခဲ့ရကြောင်း မှတ်တမ်းများမှ လေ့လာသိရှိရသည်**

လွန်ခဲ့သောနှစ်ပေါင်း ၄၀၀ ကျော်ကာလ မြန်မာသက္ကရာဇ် ၉၆၅ ခုနှစ်တွင် သန်လျင်မြို့စား ပေါ်တူဂီလူမျိုး ဖိလစ်ဒီဗရစ်တို(ခေါ်) ငဇင်ကာသည် ဟံသာဝတီမြို့များကို အနိုင်အထက်ပြုပြီး ပါဒမင်းများတည်ထားခဲ့သည့် ဘုရားစေတီများကို ဖျက်ဆီး၍ ရွှေငွေဌာပနာတော်များကို တူးဖော်ယူငင်ဖျက်ဆီးခဲ့သည်။ တစ်ဖန်နယ်ချဲ့အင်္ဂလိပ်အုပ်စိုးစဉ် ၁၉၁၈ ခုနှစ်တွင် အိန္ဒိယလူမျိုးကန်ထရိုက်တာ ကာဆင်နှင့် နာနတ်မာမက်ဆိုသူတို့ကစေတီများနှင့် ကျောက်တံတိုင်းများကို ဖြိုဖျက်တူးယူပြီး ယခု ပုဇွန်တောင်မြစ်ကမ်းဘေး (သန်လျက်စွန်း) တွင် တံတိုင်းစီရန်နှင့် လမ်းခင်းရန် ဂဝံကျောက်တုံးများ



ပေးပို့ရောင်းချခဲ့ခြင်းတို့ကြောင့် ပါဒဒေသမှ ရွှေဟောင်းအမွေအနှစ်များ ပျောက်ကွယ်ဆုံးရှုံးခဲ့ရကြောင်း မှတ်တမ်းများမှ လေ့လာသိရှိရသည်။

ဤသို့ဖြင့် တန်ဖိုးမဖြတ်နိုင်သော ပါဒဒေသမှ သမိုင်းအမွေစေတီပုထိုးများ ပျက်စီးပျောက်ကွယ်ရသည့်နည်းတူ မော်ဝန်းမြစ်ရေလယ်ကျွန်းပေါ်ရှိ ပါဒမင်းများ တည်ထားခဲ့သော စေတီတစ်ဆူမှာလည်း တောအတိဖုံးလွှမ်းကာ ရွှေဟောင်းစေတီတစ်ဆူရှိနေကြောင်း မည်သူမျှမသိရှိကြပေ။

မြန်မာသက္ကရာဇ် ၁၂၇၀ ပြည့်နှစ် တန်ဆောင်မုန်းလ ညတစ်ည၌ ကျောက်တန်းမြို့ အနောက်ပိုင်းရပ်ကွက်တွင် နေထိုင်ကြသော အမိန့်တော်ရရှေ့နေ ဦးဘထွန်း၏ ဇနီးဒေါ်ဒေါ်သက်သည် မော်ဝန်းမြစ်ရေလယ်ကျွန်းအနီးရှိ ကျောက်သေတ္တာကြီးထဲမှ ထွက်လာသောမြွေကြီးတစ်ကောင်သည် ရေပြင်ကိုဖြတ်ကူးလာကာ ဒေါ်ဒေါ်သက်အား "ရေလယ်ကျွန်းမှာပျက်စီးနေတဲ့ ကျိုက်မော်ဝန်းစေတီတော်ရှိတယ်။ အဲဒီစေတီကို သင်တို့ပြုပြင်ကိုးကွယ်ကြပါ။ သင်တို့နဲ့တကွ စေတီတော်ကို လာရောက်ဖူးမြော်ပူဇော်သူတို့မှာလည်း ပစ္စုပ္ပန်နဲ့တမလွန်မှာပါ နှစ်တန်ကောင်းကျိုးချမ်းသာခံစားရမယ်။ လိုလားတောင့်တအပ်တဲ့ ဆုတွေနဲ့လည်း ပြည့်ဝကြပေလိမ့်မယ်"ဟု ပြောပြီး ရေလယ်ကျွန်းသို့ ပြန်ကူးသွားသည်။

မြွေကြီးသည် ရေလယ်ကျွန်းအရောက် ဂဝံကျောက်ဂန္ဓကုဋိတိုက်အထက်မှ ဉာဏ်တော် ခုနစ်တောင်ခန့် စေတီကို နဂါးရုံဘုရားများကဲ့သို့ ရစ်ပတ်ဖွဲ့ခွေ ပါးပျဉ်းမိုး၍ပြသကြည်ညိုစေသည်။ ထို့နောက် မူလကျောက်သေတ္တာကြီးအတွင်းသို့ ပြန်လည်ဝင်ရောက်ပျောက်ကွယ်သွားသည်ကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရသည့် အိပ်မက်ဆန်းအား ထူးခြားစွာမြင်မက်ခဲ့ကြောင်း နံနက်ရောက်သောအခါ ညက မိမိမြင်မက်ခဲ့သော အိပ်မက်အကြောင်းကို ခင်ပွန်းဖြစ်သူအား ပြန်လည်ပြောပြသည်။ အမိန့်တော်ရရှေ့နေ ဦးဘထွန်းသည် ရတနာသုံးပါးကို ကြည်ညိုသဒ္ဓါတရားရှိသူဖြစ်သည်နှင့် အညီ ဇနီးဒေါ်ဒေါ်သက်၏ အိပ်မက်သည် ငါတို့ကို ဘုရားတည်ထားကိုးကွယ်ဖို့ သမ္မာဒေဝနတ်မြတ်များက လာရောက်တိုက်တွန်းတာပဲ ငါတို့ရေလယ်စေတီကို ရှာဖွေပြုပြင်ကြမယ်ဟု ဝမ်းမြောက်စွာပြောဆိုပြီး ရေလယ်ကျွန်းသို့ သွားရောက်၍ စေတီဟောင်းကိုရှာဖွေကြတော့သည်။

ရေလယ်ကျွန်းကမ်းခြေရှိ ခရာဆူးအထပ်ထပ် ချုံနွယ်များ ရစ်ပတ်နေသည့် ဒီရေတောသစ်ပင်များကို ခက်ခဲပင်ပန်းစွာ ခုတ်ထွင်ရှင်းလင်းလိုက်သည့်အခါ ရွှံ့နွံများဖုံးလွှမ်းပြီး ဂဝံကျောက်ဖရိုဖရဲ ကွဲအက်ပျက်စီးနေသော ကုန်းတော်အခြေကို စတင်တွေ့ရှိကြသည်။

ဆက်လက်၍ ကြိုးပမ်းရှာဖွေဖော်ထုတ်ခဲ့ရာ အောက်ခြေဂန္ဓကုဋိတိုက်တွင် လိုဏ်မုခ်လေးမုခ်လေးထောင့်ခံပြီး ယင်းအပေါ်တွင် ဉာဏ်တော်ခုနစ်တောင်ခန့်ရှိ ရှေးပါဒမင်းများ တည်ထားခဲ့သည့် စေတီပျက်ငုတ်တိုကို စိတ်မချမ်းမြေ့ဖွယ်ရာ ဖူးမြင်ရတော့သည်။

အမိန့်တော်ရရှေ့နေ ဦးဘထွန်းသည် ဇနီးဖြစ်သူ ဒေါ်ဒေါ်သက်အိပ်မက်အတိုင်း ရွှေဟောင်းစေတီကို တွေ့ရှိရသည့်အခါ မြတ်ဗုဒ္ဓ၏မွေတော်ဓာတ်တော်တို့၏ တန်ခိုးတေဇာကြောင့် သာသနာစောင့်နတ်မင်းများက ဖော်ထုတ်ပေး၍သာ ယခုကဲ့သို့ဖူးမြင်ခွင့်ရရှိပေသည်ဟု အသိဖြစ်ပေါ်ပြီး စေတီတော်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ မြန်မာသက္ကရာဇ် ၁၂၇၁ ခုနှစ်တွင် ပြီးစီးအောင်မြင်ခဲ့သည်။

ဂန္ဓကုဋိတိုက်ပေါ်မှ ခုနစ်တောင်ခန့်ရှိ ရွှေဟောင်းစေတီတော်ကိုငုံ၍ ဉာဏ်တော်အမြင့် ၃၄ တောင် ၅၁ ပေရှိ စေတီတော်ကို ပြုပြင်မွမ်းမံတည်ထားကိုးကွယ်ပြီး "ကျိုက်မော်ဝန်းရေလယ်စေတီတော်" ဘွဲ့အမည်ကမ္ပည်းတင်ပူဇော်ခဲ့ကြောင်း သိရသည်။

မျက်မှောက်ကာလ ဘုရားဒါယကာ အမိန့်တော်ရရှေ့နေ ဦးဘထွန်း၊ ဒေါ်ဒေါ်သက်တို့ တည်ထားကိုးကွယ်သည့် မြန်မာသက္ကရာဇ် ၁၂၇၁ ခုနှစ်မှ ယခု ၁၃၇၇ ခုနှစ်ထိ နှစ်ပေါင်း ၁၀၀ ကျော်တိုင် ဂေါပကအဖွဲ့အဆက်ဆက်သည် စေတီကုန်းတော် တည်ငြိမ်ရေး သာသနိကအဆောက်အအုံများ တိုးချဲ့ပြုပြင်ခြင်း၊ စေတီတော်အား သပ္ပာယ်ကြည်ညိုစွာဖူးမြော်နိုင်ရေးနှင့် ဘုရားဖူးများစိတ်ချမ်းမြေ့စေရေးအတွက် ဆောင်ရွက်ခဲ့ကြသည်။

ဘုရားဖူးလာစေတနာရှင်များ၏ ပါဝင်လှူဒါန်းမှုဖြင့် စေတီလုံးတော်ပြည့် မျက်ပါးရွှေအစစ်ကပ်လှူပူဇော်ခြင်းနှင့် သာသနိကအဆောက်အအုံများ တိုးပွားစည်ပင်နေသည်ကိုလည်း တွေ့မြင်နိုင်ပေသည်။

ရွှေဟောင်းသမိုင်းဝင် ကျိုက်မော်ဝန်းရေလယ်စေတီတော်မြတ်ကြီး၏ (၁၀၆) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို တပေါင်းလဆန်း ၇ ရက်မှ လပြည့်နေ့ (မတ် ၁၅ ရက်မှ ၂၃ ရက်နေ့)အထိ ကိုးရက်တိုင်တိုင် ဗုဒ္ဓပူဇာ ဓမ္မပူဇာ သံဃာ့ပူဇာအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာစီစဉ်ထားကြောင်း သိရသည်။

ဗုဒ္ဓပူဇာအဖြစ် မတ် ၂၃ ရက် တပေါင်းလပြည့်နေ့ အရုဏ်တွင် ဗုဒ္ဓါဘိသေကအနေကဇာတင်ပြီး အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပူဇော်ခြင်း၊ ဓမ္မပူဇာအဖြစ် မတ် ၁၅၊ ၁၆၊ ၁၇ ရက်ညတွင် ဆရာတော်ကြီးများ၏ ဓမ္မပူဇာတရားပွဲများနှင့် မတ် ၁၈ ရက် မွန်းတည့် ၁၂ နာရီမှလပြည့်နေ့ အရုဏ်အထိ ဆရာတော်သံဃာတော် အပါး ၃၀ တို့က အသံမစဲ မဟာပဋ္ဌာန်းဒေသနာတော်ရွတ်ဖတ်ပူဇော်ခြင်း၊ သံဃာ့ပူဇာအဖြစ် မတ် ၂၃ ရက် လပြည့်နေ့ နံနက် ၁၀ နာရီတွင် ဘုရားအမှူးပြုသော မြို့နယ်အတွင်းမှ ပင့်သံဃာ ၁၈၁ ပါးတို့အား ရွှေမော်ဝန်းသာသနာ့ဗိမာန်၌ နေ့ဆွမ်းဆက်ကပ်ပြီး မွန်းလွဲ ၁ နာရီအချိန်တွင် ငွေပဒေသာပင်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူကြရန် စီစဉ်ထားကြောင်း သိရသည်။

အထူးသဖြင့် မော်ဝန်းမြစ်၏ ရေလယ်တွင် ထူးခြားသပ္ပာယ်စွာစံမြန်းလျက်ရှိသည့် စေတီတော်မြတ်ကြီးအား ဆီမီးမျှောပူဇော်ခြင်းကို တပေါင်းလပြည့်ည ၆ နာရီ တွင် စတင်ကျင်းပသည့်အခါ ဘုရားဖူးလာသူအပေါင်း ကလေးလူကြီးပါမကျန် တပျော်တပါးဆင်နွှဲကြသည်ကို ကြည်နူးရွှင်ပျ တွေ့မြင်ရမည်ဖြစ်သည်။

ရွှေဟောင်းသမိုင်းဝင် ကျိုက်မော်ဝန်းရေလယ်စေတီတော်မြတ်ကြီးအား မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်တို့မှ ဘုရားဖူးများနှင့် နိုင်ငံအသီးသီးမှ နိုင်ငံခြားသားများ နေ့စဉ်မပြတ် လာရောက်ဖူးမြော်ကြည်ညိုနေကြသည်မှာ ရွှေဟောင်းဘုရားဒါယကာ ပါဒမင်းများနှင့် ရဟန္တာအရှင်သူမြတ်တို့၏

ဤစေတီတော်၏ရင်ပြင်ပေါ်သို့ ပင်လယ်ဒီရေမတက်ရောက်နိုင်ပါစေသတည်း။

ဘုရားဖူးလာသူ မည်မျှပင်များစေကာမူ စေတီရင်ပြင်တွင် လောက်ငှစွာနေနိုင်ပါစေသတည်း။

ဤစေတီတော်ကို ပြုပြင်လှူဒါန်းသူသည် ပစ္စုပ္ပန်၌ပင် လောကီစီးပွားတိုးတက်ပါစေသတည်း ဟူသည့် သစ္စာအဓိဋ္ဌာန် (၃)ချက် မှန်ကန်ပြည့်စုံခြင်းစွမ်းအားတန်ခိုးတော်ကြောင့်ပင် ဖြစ်ပါတော့သည်။

# မိသားစုဆရာဝန်

ပါမောက္ခခင်မောင်ဝင်း(အသည်း)



**အပိုင်း (၂)**

**သက်ကြီးရွယ်အို စောင့်ရှောက်မှု**

မိသားစုဆရာဝန်တွေအနေနဲ့ အခုခေတ်မှာ ပိုမိုပြီး တွေ့ကြုံလာရမယ့် ပြဿနာတစ်ခုကတော့ သက်ကြီးရွယ်အိုစောင့်ရှောက်မှုပါပဲ။ ဘာလို့လဲဆိုတော့ ခေတ်သစ်ဆေးပညာကြောင့် အသက်ရှင်နေတဲ့လူတွေ တဖြည်းဖြည်းနဲ့ အများကြီးဖြစ်လာလို့ပါပဲ။

သက်ကြီးရွယ်အို စောင့်ရှောက်မှုပေးတဲ့အခါမှာ အသက်ကြီးတဲ့လူတွေရဲ့ ထူးခြားတဲ့ ကိုယ်ခန္ဓာအခြေအနေ၊ စိတ်ခံစားရေးရာတွေ၊ ခံစားနေရတဲ့ နာတာရှည်ရောဂါတွေကို သိနားလည်ထားပြီး စောင့်ရှောက်ကုသမှုပေးရမှာပါ။ ဒီလိုအခြေအနေတွေကြောင့် မိသားစုဆရာဝန်တစ်ဦးအနေနဲ့ သက်ကြီးရွယ်အို လူနာတွေနဲ့ ရင်ဆိုင်ရတဲ့အခါမှာ ရောဂါရှာဖွေရေး၊ ကုသရေးတွေမှာ သာမန်လူနာတွေကို ကုသရတာနဲ့မတူဘဲ ထူးခြားတဲ့ အခြေအနေတွေနဲ့ ရင်ဆိုင်ရမှာပါ။

အဲဒီလို သက်ကြီးရွယ်အိုတွေကို စောင့်ရှောက်တဲ့ ထူးခြားတဲ့ဆေးပညာဘာသာရပ်ကို ဂျယ်ရီယာထရစ် (Geriatrics)လို့ ခေါ်ပါတယ်။ ဂရိလို geras အသက်ကြီးတာနဲ့ iatrikos ပျောက်ကင်းအောင် လုပ်ခြင်းဆိုတာ နှစ်ခုကိုပေါင်းလိုက်တော့ geriatrics ဆိုတာ အသက်ကြီးသူများအား ကုသပေးခြင်းလို့ အဓိပ္ပာယ်ရပါတယ်။ ဂျယ်ရီယာထရစ် သက်ကြီးရွယ်အို စောင့်ရှောက်ခြင်းရဲ့ အဓိကရည်ရွယ်ချက်တွေကို ပြောရမယ်ဆိုရင်-

- သက်ကြီးရွယ်အိုတွေကို သင့်တင့်လျောက်ပတ်တဲ့ လှုပ်ရှားသွားလာမှုနဲ့ ဘဝကို အဓိပ္ပာယ်ရှိရှိ ကိုယ့်သိက္ခာနဲ့ကိုယ် နေနိုင်အောင် ကူညီကုသပေးဖို့ရာပါ။
- အသက်ကြီးတဲ့သူတွေကို ကူညီစောင့်ရှောက်မှုပေးဖို့ ပထမဦးဆုံး ဆန်းစစ်ရမယ့်အချက်လေးတွေကို ပြောပြချင်ပါသေးတယ်။ အသက်ကြီးတဲ့သူတစ်ယောက်ကို စစ်ဆေးကုသမှု ပေးတော့မယ်ဆိုရင် သေသေချာချာ စနစ်တကျ စစ်ဆေးပေးရမှာပါ။ ဘာတွေကိုစစ်မလဲဆိုတော့ ဆေးပညာစစ်ဆေးမှု၊ ဘယ်လောက်အထိ လှုပ်ရှားသွားလာတာဝန်ထမ်းဆောင်မှုတွေ လုပ်နိုင်သလဲ၊ စိတ်ခံစားရေးရာ၊ လူမှုပတ်ဝန်းကျင် အခြေအနေတွေကို ဆန်းစစ်မှုတွေ လုပ်ရမှာပါ။ အရေးကြီးတဲ့အချက်တစ်ချက်ကတော့ ဘာဆေးတွေကို ဘယ်လိုသောက်နေတာလဲဆိုတာ သိဖို့ပါ။
- ရောဂါအခြေအနေကို ဘက်ပေါင်းစုံက ဆန်းစစ်ပြီး လိုအပ်သလို အထူးကုတွေ ပူးပေါင်းကုသသင့်ပါတယ်။
- သက်ကြီးရွယ်အိုတွေကို စောင့်ရှောက်မှုပေးရင် ဘယ်အချက်အလက်တွေကနေ ဘယ်လို စနစ်တကျ စစ်ဆေးရမယ်ဆိုတဲ့ စနစ်ရှိရင် ကောင်းမှာပါ။
- နောက်ဆုံးအနေနဲ့ ပြောရမယ်ဆိုရင်တော့ ဂျယ်ရီယာထရစ်မှာ အဓိကကျတာဟာ သက်ကြီးရွယ်အိုတွေရဲ့ စွမ်းဆောင်မှု၊ လုပ်ဆောင်နိုင်မှုတွေကို ကျဆင်းမသွားစေဘဲနဲ့ အဓိပ္ပာယ်ရှိတဲ့ ဘဝအရသာ ပြည့်ပြည့်ဝဝ ခံစားနိုင်အောင်လုပ်ပေးဖို့ရာပါ။

အထက်က ပြောခဲ့တဲ့ သက်ကြီးရွယ်အိုစောင့်ရှောက်မှုအတွက် ဆန်းစစ်မှုတွေကို တစ်ခုစီပြောပြချင်ပါတယ်။

**ဆေးပညာရှုထောင့်ဆန်းစစ်မှု**

**(Medical Assessment)**

သက်ကြီးရွယ်အိုတစ်ယောက်ကို ဆေးပညာ ဆန်းစစ်မှု လုပ်မယ်ဆိုရင် လူနာရဲ့ဆေးမှတ်တမ်း၊ သောက်နေတဲ့ဆေးတွေ (အရင်က သောက်ခဲ့တာရော အခုသောက်နေတဲ့ ဆေးတွေပါ)၊ အာဟာရပြည့်စုံမှု /ချို့တဲ့မှု အခြေအနေတွေကို ကြည့်ရပါမယ်။

**စွမ်းရည်လုပ်ဆောင်နိုင်မှု ဆန်းစစ်မှု**

**(Functional Assessment)**

သက်ကြီးရွယ်အို စောင့်ရှောက်မှုမှာ အရေးကြီးတဲ့ ဆန်းစစ်မှုအချက်တစ်ချက်ကတော့ လူနာနဲ့ ဘယ်လုပ်ဆောင်မှုစွမ်းရည်တွေဟာ ချို့တဲ့နေလဲ။ အဲလိုချို့ယွင်းမှုတွေကို ဘယ်လိုကူညီ လုပ်ဆောင်မှုတွေပေးပြီး ကိုယ့်အိမ်မှာ ကိုယ့်ဘာသာကိုယ် သွားနိုင်လာနိုင် နေနိုင်အောင် လုပ်ပေးဖို့ပါပဲ။

လှုပ်ရှားသွားလာမှု စွမ်းရည်တွေကို စစ်ဆေးဆန်းစစ်ရာမှာ နေ့စဉ်လှုပ်ရှားမှု(Activities of Daily Living-ADLs)၊ ချော်မလဲအောင် ဘယ်လိုစောင့်ရှောက်နိုင်တယ်ဆိုတာတွေ ဆန်းစစ်ဖို့ပါပဲ။

**စိတ်ပိုင်းဆိုင်ရာ ဆန်းစစ်မှု**

**(Psychological Assessment)**

စိတ်ပိုင်းဆိုင်ရာဆန်းစစ်မှုမှာ အဓိကကျတာ နှစ်ခုရှိပါတယ်။ အဲဒါကတော့ အသိစိတ်၊ နားလည်စိတ်ရှိမှု (cognitive function)၊ စိတ်ကျရောဂါ (depre-ssion) ရှိ မရှိ ဆိုတာပါပဲ။

**လူမှုဆက်ဆံရေး ပတ်ဝန်းကျင်ဆန်းစစ်မှု**

(Social Assessment)

ဂျယ်ရီယာထရစ် သက်ကြီးရွယ်အိုစောင့်ရှောက်မှု လူမှုပတ်ဝန်းကျင်စောင့်ရှောက်မှု ဆန်းစစ်ရာမှာတော့ လူနာရဲ့ နေထိုင်နေရတဲ့ အခြေအနေ၊ လူနာကို စောင့်ရှောက်မှု ဘယ်လိုပေးနေသလဲ၊ ငွေရေးကြေးရေး အခြေအနေဆိုတာတွေကို သိဖို့လိုပါလိမ့်မယ်။

(မိသားစုဆရာဝန်အကြောင်းကို ဆက်လက်ပြီး ရေးသွားပါဦးမယ်)

# ကိုရီးယားနိုင်ငံ နယ်လှည့်ဆေးကုသရေးအဖွဲ့ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး

**မိုင်းဖုန်း မတ် ၁၀**

တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ) အုပ်စု ဝေ့လေလန်အာခါကျေးရွာရှိ အာခါနှစ်ခြင်းခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ ဒေသခံပြည်သူများအား ကိုရီးယားနိုင်ငံအခြေစိုက် နယ်လှည့်အခမဲ့ဆေးကုသရေးအဖွဲ့(Bethany Mission Team)က အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများကို မတ် ၈ ရက်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



လေဖြတ်ရောဂါ၊ အကြောတင် အကြောကပ်ရောဂါနှင့် အကြောရောဂါ ဝေဒနာရှင်များအား တရုတ်အပ်စိုက်နည်းဖြင့် ဆေးကုပေးခဲ့ကြောင်း၊ အဆိုပါ နယ်လှည့်အခမဲ့ဆေးကုသရေးအဖွဲ့သည် အာခါရွာသူကြီး ဦးဂျူးဘီ၏ ဖိတ်ကြားချက်အရ ကိုရီးယားနိုင်ငံသား Mr.Lee Hyung Bok ဦးဆောင်၍ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့မှ မြန်မာ-ထိုင်းအမှတ်(၁)ချစ်ကြည်ရေးတံတားမှတစ်ဆင့် မတ် ၈ ရက်က ဝင်ရောက်လာကာ ဝေ့လေလန် အာခါကျေးရွာရှိ အာခါနှစ်ခြင်းခရစ်ယာန်ဘုရားရှိခိုးကျောင်းသို့ရောက်ရှိပြီး ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများ ဟောပြောခြင်းနှင့် အခမဲ့ ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ နယ်လှည့်အခမဲ့ဆေးကုသရေးအဖွဲ့သည် ဝေ့လေလန်အာခါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ လေဖြတ်ရောဂါ၊ အကြောတင် အကြောကပ်ရောဂါနှင့် အကြောရောဂါဝေဒနာရှင် ပြည်သူ ၈၃ ဦးခန့်ကို တရုတ်အပ်စိုက်နည်းဖြင့် ဆေးကုသပေးနိုင်ခဲ့ပြီး လိုအပ်သော ဆေးဝါးများကိုလည်း ဝေဒနာရှင်များအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# တောင်သူပညာပေးလှုပ်ရှားမှုများ လစဉ်ကွင်းဆင်းဆောင်ရွက်

**ငါ့သရောက် မတ် ၁၀**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြသည့် တောင်သူများအား သီးနှံအထွက်တိုးစေမည့်မျိုးကောင်း၊ မျိုးသန့်များ ပြောင်းလဲစိုက်ပျိုးနိုင်ရန်နှင့် သဘာဝမြေဩဇာအသုံးချစိုက်ပျိုးသည့် အလေ့အထကောင်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ငါ့သရောက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကျေးရွာများသို့ တစ်လတစ်ကြိမ်ကွင်းဆင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ငါ့သရောက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးဦးဝင်းကိုနှင့် ဝန်ထမ်းများက ညောင်ဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်လက်ထောက်(တာဝန်ခံ)၊ ခရိုင်မျိုးစေ့(တာဝန်ခံ)၊ ခရိုင်မြေအသုံးချ(တာဝန်ခံ) နှင့် ခရိုင်သီးနှံကာကွယ်ရေး(တာဝန်ခံ)များနှင့်ပူးပေါင်းကာ တောင်သူများအား မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးရေးနည်းပညာများ၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲရေးနှင့် ပြုလုပ်နည်းအဆင့်ဆင့်၊ သီးနှံဖျက်ပိုးမကျရောက်စေရန် ပိုးသတ်ဆေးကို စနစ်တကျသုံးစွဲနည်းများကို ဆွေးနွေးဟောပြောခြင်းများကို မြို့နယ်အတွင်း ကျေးရွာများသို့ တစ်လတစ်ကြိမ် ကွင်းဆင်းဆောင်ရွက်နေခြင်းဖြစ်သည်။ တောင်သူများအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးလိုပါက စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အခြားကျေးရွာအုပ်စုများသို့လည်း ဆက်လက်ကွင်းဆင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# ဖြူးမြို့နယ်မှ လယ်သမားများ မိုးစပါးချေးငွေများ ပေးဆပ်လျက်ရှိ

**ဖြူး မတ် ၁၀**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်းရှိ လယ်သမားများအား ၂၀၁၅ ခုနှစ် မိုးစပါးစိုက်ရာသီက စိုက်ပျိုးစရိတ် အခက်အခဲမရှိစေရေးအတွက် မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ ထုတ်ချေးပေးထားခဲ့သော မိုးစပါးချေးငွေများကို ဒီဇင်ဘာလအတွင်းမှစ၍ ပြန်လည်ကောက်ခံလျက်ရှိကြောင်း သိရသည်။

မိုးစပါးချေးငွေအဖြစ် ကျပ် ၁၀၃၉၆၆ ဒသမ ၂ သိန်းကို ချေးခဲ့ပြီး ဒီဇင်ဘာလ ပထမပတ်မှ ချေးငွေများကို ပြန်လည်ကောက်ခံလျက်ရှိရာတွင် မတ် ၈ ရက်အထိ ကျပ် ၉၇၈၂ သိန်း ကောက်ခံရရှိပြီးဖြစ်ကြောင်း သိရသည်။ မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် ကောက်ခံရေးအဖွဲ့ ငါးဖွဲ့ဖွဲ့၍ ကျေးရွာအုပ်စု ၆၂ အုပ်စုသို့ ကွင်းဆင်းနှိုးဆော်ကာ ချေးငွေများ ကောက်ခံလျက်ရှိကြောင်း၊ ကွင်းဆင်းနှိုးဆော်မှုကြောင့် ယခုရက်ပိုင်းအတွင်း ပေးဆပ်မှုပို၍များလာကြောင်း၊ အမြန်ဆုံးပြေကျေရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်မန်နေဂျာ ဦးတင်စိုးထံမှ သိရသည်။

ယခုအချိန်အထိ ဖြူးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၆၂ ခုအနက် အများဆုံး ချေးငွေဆပ်ခဲ့သောအုပ်စုမှာ မြင်ပင်အုပ်စုဖြစ်ပြီး ၂၄ ရာခိုင်နှုန်းအထိ ပေးဆပ်ပြီးဖြစ်ကြောင်း၊ ကျန်ကျေးရွာအုပ်စုများရှိ လယ်သမားများမှာလည်း သီးနှံများရောင်းချပြီး ချေးငွေပြန်ဆပ်ရန် ပြင်ဆင်နေကြကြောင်း သိရသည်။

**ဖြူးမြင့်ဦး**

## စာဖြေဌာနသစ် ဖွင့်လှစ်၍ ကျောင်းသား ကျောင်းသူများအဆင်ပြေ

**ဘိုကလေး မတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ပေချောင်းကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ယခုနှစ်တွင် တက္ကသိုလ်ဝင်တန်း စာဖြေဌာနအသစ်ကို ဖွင့်လှစ်ပေးထား၍ ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့ရပ်ရွာမှာပင် စာမေးပွဲဖြေနိုင်ပြီး အဆင်ပြေလျက်ရှိကြကြောင်း သိရသည်။

မတ် ၈ ရက်က ကျင်းပသော စာစစ်ဌာနသစ်ဖွင့်ပွဲတွင် ကံ့ကော်တစ်ထောင်ဆရာတော်က သြဝါဒမြွက်ကြားပြီး ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက စာဖြေဌာနသစ်ကို ဖွင့်လှစ်ခဲ့သည်။ ပေချောင်းကြီးကျေးရွာ အထကခွဲကျောင်းကို သီရိလင်္ကာဆရာတော်က ၂၀၀၀ ခုနှစ်တွင် စတင်ဆောက်လုပ်လှူဒါန်းခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် အခြေခံပညာအထက်တန်းကျောင်းခွဲအဆင့်အထိ အဆင့်ဆင့် တိုးမြှင့်လာခဲ့ရာ ယခုနှစ်တွင် တက္ကသိုလ်ဝင်တန်းစာဖြေဌာနကိုပါ စတင်ဖွင့်လှစ်နိုင်ခြင်းဖြစ်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## ကျေးရွာမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

**ချောက် မတ် ၁၀**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ဆင်ကကျေးရွာ၌ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ချောက်/လမ်းရွာ ရေနံမြေ၏ ၂၀၁၅-၂၀၁၆ လူမှုရေးတာဝန်ယူမှု(CSR)အစီအစဉ်မှ ထောက်ပံ့မှုနှင့် ဆင်ကကျေးရွာနေပြည်သူများ၏ ကိုယ့်အားကိုယ်ကိုးဆောင်ရွက်မှုများဖြင့် ထရန်စဖော်မာတပ်ဆင်ခြင်းနှင့်မီးလင်းရေးလုပ်ငန်းများပြီးစီးသဖြင့် မတ် ၈ ရက်က ဖွင့်လှစ်ခဲ့သည်။

ဖွင့်ပွဲတွင် ချောက်/လမ်းရွာရေနံမြေ အထွေထွေမန်နေဂျာ ဦးကရင်နော်အောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်တို့က မီးလင်းရေးလုပ်ငန်းဆောင်ရွက်ခဲ့မှုနှင့်ပက်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိဦးဌေးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ ဆင်ကကျေးရွာတွင် လျှပ်စစ်မီးရရှိရေးအတွက် ၂၀၀ ကေဗွီအေ ထရန်စဖော်မာတပ်ဆင်ပြီး မီးလင်းရေးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မီးရရှိသဖြင့် ဆင်ကကျေးရွာရှိ အိမ်ထောင်စု ၅၈၅ စုမှ ပြည်သူသုံးထောင်နီးပါး၏ လူနေမှုကို တိုးတက်မြင့်မားလာစေမည်ဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

**ဝင်းအိမ္ဗန်(ပြန်ဆက်)**

## ထွန်စက်အသုံးပြု ထွန်ယက်မှုများလာ၍ ထွန်စက်အငှားလိုက်မောင်းသူများ အဆင်ပြေ

**ညောင်ဦး မတ် ၁၀**

စစ်ကိုင်းတိုင်း ညောင်ဦးမြို့နယ်အတွင်းမှ တောင်သူများအနေဖြင့် သီးနှံများစိုက်ပျိုးချိန်တွင် ယခင်က နွားများကိုအသုံးပြု၍ ထွန်ယက်စိုက်ပျိုးကြသော်လည်း ယခုအခါ ထွန်ရေးအမြန်ပြီးစီးရန်အတွက် ထွန်စက်ငှားရမ်း၍ ထွန်ယက်သူများလာပြီး ထွန်စက်အငှားလိုက်သူများမှာလည်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ထွန်စက်အငှားလိုက်ချိန်ဟာ တောင်သူများရာသီပေါ် သီးနှံစိုက်ပျိုးချိန်မှာ အဓိက အငှားလိုက်မောင်းရတာပါ။ ထွန်စက်ငှားရမ်းခအနေနဲ့ တစ်နာရီ နှစ်သောင်းကျပ်ပေးရမှာပါ"ဟု ထွန်စက်အငှားမောင်းသူတစ်ဦးက ပြောသည်။

ညောင်ဦးမြို့နယ် ယမ်းဇမ်းကျေးရွာမှ တောင်သူတစ်ဦးက "ကျွန်တော်တို့ ဒေသက မိုးခေါင်တော့ မြစ်ရေတင်မှုပေးတဲ့ရေကို အားကိုးပြီး တောင်သူတွေ စိုက်ပျိုးကြရတာပါ။ မြေယာကို နွားနဲ့ထွန်ရင် တစ်ဧကကို နှစ်ရက်လောက် ထွန်ကြရတော့ စိုက်ပျိုးချိန်နောက်ကျပါတယ်။ ထွန်စက်နဲ့ထွန်မယ်ဆိုရင် တစ်နာရီကို တစ်ဧကလောက်ပြီးပါတယ်"ဟု ဆိုသည်။

ယခုအခါ နွေပဲတီစိမ်းများ စတင်စိုက်ပျိုးချိန်ဖြစ်ရာ ညောင်ဦးမြို့နယ်အတွင်းမှ တောင်သူအများစုမှာ ထွန်စက်များငှားရမ်း၍ ထွန်ယက်ကြပြီး ငွေကြေးအဆင်မပြေသူအချို့သာလျှင် နွားများဖြင့် ထွန်ယက်စိုက်ပျိုးကြကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

## သန်းခေါင်စာရင်းအချက်အလက်များအသုံးပြုရေး အလုပ်ရုံဆွေးနွေး

**ဖျာပုံ မတ် ၁၀**

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအချက်အလက်များ အသုံးပြုနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၉ ရက်က ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးအေးလွင်က အမှာစကားပြောကြားပြီး ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးကံကောင်းက သန်းခေါင်းစာရင်းဆိုင်ရာ အချက်အလက်များကို အသုံးပြု၍ တိုင်းဒေသကြီးအတွင်း စီမံကိန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသော ဌာနဆိုင်ရာအဖွဲ့အစည်းများအတွက် လိုအပ်သောအချက်များကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။ အလုပ်ရုံဆွေးနွေးပွဲများကို ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မအူပင်ခရိုင်၊ မြောင်းမြခရိုင်နှင့် လပွတ္တာခရိုင်များတွင်လည်း ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(ဖျာပုံ)**

# သုဝဏ္ဏဘူမိခေတ် မြေသားမြို့ရိုးဟောင်း ရေရှည်တည်တံ့စေရန် စည်းရိုးများကာရံ၍ ထိန်းသိမ်းမှုများ ပြုလုပ်သွားမည်



**သထုံ မတ် ၁၀**

မွန်ပြည်နယ် သထုံမြို့ရှိ သုဝဏ္ဏဘူမိခေတ် မြေသားမြို့ရိုးဟောင်း ရေရှည်တည်တံ့စေရန်၊ ပြည်တွင်းပြည်ပသုတေသီများ လာရောက်လေ့လာရာတွင် ပိုမိုလွယ်ကူစေရန်နှင့် သမိုင်းအမွေအနှစ်များ ပျောက်ပျက်မသွားအောင် ထိန်းသိမ်းသည့်အနေဖြင့် မြို့ရိုးဟောင်းကိုအကာအရံ စည်းရိုးများ ကာရံလျက်ရှိကြောင်း မွန်ပြည်နယ် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မော်လမြိုင်ဌာနခွဲမှ သိရသည်။

"လက်ရှိအချိန်မှာတော့ အထင်ရှားဆုံးဖြစ်တဲ့ မြောက်ဘက်အတွင်းမြို့ရိုး အလျားပေ ၆၀၀ ကျော်နဲ့ အနံပေ ၅၀ လောက်ကို စပြီးကာနေတာပါ။ ပြီးရင် မြို့ရိုးပေါ်မှာပေါက်နေတဲ့ ချုံနွယ်တွေကို ရှင်းမယ်။ ဒါမှ သုဝဏ္ဏဘူမိ မြို့ရိုးဟောင်းဆိုတာကို လူတွေသိမယ်။ စိတ်ဝင်စားသူတွေလည်း အလွယ်တကူလေ့လာနိုင်သလို ကာထားတဲ့အတွက် လာပြီးကျူးကျော် ဖျက်ဆီးတာမျိုးလည်း မဖြစ်နိုင်တော့ဘူး"ဟု ပြည်နယ် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်နိုင်မိုးက ပြောသည်။

သုဝဏ္ဏဘူမိခေတ် သထုံမြို့ဟောင်းတွင် မြေသားမြို့ရိုးလေးထပ်ရှိပြီး အတွင်းမြို့ရိုးသည် အကျယ်အဝန်းအားဖြင့် အရှေ့အနောက် ပေ ၇၇၀၀ ဝန်းကျင်၊ တောင်မြောက် ပေ ၄၀၀၀ ဝန်းကျင်ခန့်ရှိမည်ဟု ခန့်မှန်းရကာ လက်ရှိအချိန်တွင် ခေတ်အဆက်ဆက်က ထိန်းသိမ်းမှုအားနည်းခဲ့ခြင်းကြောင့် တိမ်ကောပျက်စီးနေပြီး လူနေအိမ်ခြံဝင်းများ၊ လမ်းများအဖြစ် ပြောင်းလဲကုန်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

"ဒီလိုထိန်းသိမ်းတာကို လုပ်သင့်နေတာ ကြာပါပြီ။ အထင်အရှားရှိနေသေးတဲ့ မြို့ရိုးအားလုံးကို ထိန်းသိမ်းရမှာပါ။ တချို့ဆို မြို့ရိုးကို ဖြိုဖျက်ပြီး အိမ်ခြံလုပ်ထားသလို လမ်းတွေလည်းဖြစ်နေပြီ။ ဒီအတိုင်းဆို ကြာရင် သမိုင်းအမွေအနှစ်ဖြစ်တဲ့မြို့ရိုးက ပျောက်တော့မယ်"ဟု ဒေသခံတစ်ဦးဖြစ်သည့် ဦးစောထွန်းဝင်းက ပြောသည်။

သထုံမြို့ဟောင်းသမိုင်းလေ့လာသူ ကိုဖိုးသားကလည်း "သုဝဏ္ဏဘူမိဆိုတာ ကမ္ဘာမှာ ဒီနေ့အချိန်အထိ ထင်ရှားပြီး မြန်မာနိုင်ငံကို ဗုဒ္ဓဘာသာ စတင်ရောက်ရှိလာတာနဲ့လည်း ဆက်စပ်နေတယ်။ ဒါကို ဒေသခံတွေနားလည်အောင်၊ ဆက်ပြီး မြို့ရိုးဖြိုဖျက်ကျူးကျော်တာမျိုးတွေ မလုပ်တော့အောင် အသိပညာပေးလုပ်ငန်းတွေကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဖို့ လိုပါတယ်။ နိုင်ငံခြားသား သုတေသီတွေကလည်း ဒီသထုံမြို့ရိုးကို စိတ်ဝင်စားကြတယ်။ အမြဲလိုလို လာပြီးလေ့လာကြတယ်။ ဒီလို စနစ်တကျထိန်းသိမ်းခြင်းက လာရောက်လေ့လာလိုသူတွေကို ပိုမိုဆွဲဆောင်ပြီး ဒေသရဲ့ခရီးသွားလုပ်ငန်းအတွက်လည်း အများကြီး အထောက်အကူဖြစ်မှာပါ"ဟု ပြောသည်။

လက်ရှိတွင် မြောက်ဘက် အတွင်းမြို့ရိုး အလျားပေ ၆၀၀ ကျော်ခန့်ကို အလှူရှင်တစ်ဦး၏ လှူဒါန်းငွေ ကျပ်သိန်း ၃၀ ဝန်းကျင်ခန့်ဖြင့် ကွန်ကရစ်တိုင်နှင့် အုတ်စီ၊ သံဆန်ခါကာရံခြင်းလုပ်ငန်းများကို မတ် ၂ ရက်မှ စတင်ဆောင်ရွက်နေပြီး အခြေအနေပေးပါက မြေသားမြို့ရိုးဟောင်း နေရာအားလုံးကိုကာရံနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်သော်လည်း လူနေအိမ်ခြံများအတွင်းရောက်ရှိနေသော မြို့ရိုးနေရာများအား ချန်လှပ်ထားကာ လွတ်ကင်းသည့်နေရာများကို အဓိကထား ကာရံထိန်းသိမ်းနိုင်ရန် စီစဉ်သွားမည်ဖြစ်ကြောင်း ပြည်နယ် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မော်လမြိုင်ဌာနခွဲမှ သိရသည်။

**သက်ဦး(သထုံ)**

## တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ၂၅ မြို့နယ် ဘိလိယက်နှင့်စနူကာပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**မကွေး မတ် ၁၀**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ၂၅ မြို့နယ် ဘိလိယက်နှင့် စနူကာပြိုင်ပွဲကို မတ် ၆ ရက်မှ စတင်ကျင်းပခဲ့ပြီး ဆုချီးမြှင့်ပွဲကို မကွေးမြို့ မေတ္တာလမ်းပေါ်ရှိ 2 to 7 ဘိလိယက်ကလပ်၌ မတ် ၉ ရက်က ကျင်းပခဲ့ရာ ဘိလိယက်နှင့် စနူကာပြိုင်ပွဲတွင် တံခွန်စိုက်ဆုရရှိသော မကွေးမြို့နယ်အသင်းအား တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးအောင်ကျော်မင်းက ဆုချီးမြှင့်ပေးအပ်သည်။

ပြိုင်ပွဲတွင် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဘိလိယက်နှင့် စနူကာအသင်းများ ဝင်ရောက်ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဘိလိယက်ပြိုင်ပွဲတွင် ပထမဆုကို မကွေး၊ ဒုတိယဆုကို ဆိပ်ဖြူနှင့် တတိယဆုကို စေတုတ္တရာမြို့နယ်အသင်းများက ရရှိခဲ့ကြပြီး စနူကာပြိုင်ပွဲတွင် ပထမဆုကို မကွေး၊ ဒုတိယဆုကို မင်းဘူးနှင့် တတိယဆုကို မင်းတုန်းမြို့နယ် အသင်းများက ရရှိခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်နေ

**သပိတ်ကျင်း မတ် ၁၀**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့၌ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ် အရန်မီးသတ်တပ်ရင်းတို့ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့ပေါ် ရပ်ကွက်ကြီးနှစ်ခုဖြစ်သော ဆိပ်ကမ်းရပ်ကွက်နှင့် ကဘဲ့ရပ်ကွက်များတွင် မီးဘေးကာကွယ်ရေးအတွက် အဆိုပါရပ်ကွက်မီးသတ်တပ်ဖွဲ့များမှ အဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးသတ်ယာဉ်ဖြင့် မြို့ပေါ်ရှိရေကန်များကို ရေဖြည့်ခြင်း၊ နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ ရေ၊ သဲ ထားရှိမှုများကို ရပ်ကွက်အတွင်း တစ်အိမ်တက်ဆင်း စစ်ဆေးခြင်း၊ မီးအသုံးပြု၍ အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်သော လုပ်ငန်းရှင်များအနေဖြင့် မီးငြိမ်းသတ်ရေး ကိရိယာများ၊ မီးသတ်ဆေးဘူးများထားရှိစေရန်နှင့် အသုံးပြုနည်းများ ပြသစစ်ဆေးခြင်း၊ တောစပ်နှင့်နီးသော အဆောက်အအုံများကို တောမီးအန္တရာယ် ကင်းရှင်းရေးအတွက် မီးတားလမ်းများပြုလုပ်ခြင်း၊ မီးသတ်တပ်ဖွဲ့ဝင်များ အရည်အသွေးမြင့်မားရေးအတွက် မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းစသည့် မီးဘေးကာကွယ်ရေး ကြိုတင်ပြင်ဆင်မှုများကို မတ် ၈ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**စိုးနိုင်ဝင်း(သပိတ်ကျင်း)**

# နိုင်ငံခြားငွေလဲလှယ်နှုန်း ကျဆင်းချိန်တွင် သွင်းကုန်ပို့ကုန်အချို့ ဈေးနှုန်းပြောင်းလဲ

**ရန်ကုန် မတ် ၁၀**

ဖေဖော်ဝါရီလအတွင်းမှစ၍ ယခုမတ်လဆန်းအထိ နိုင်ငံခြားငွေ လဲလှယ်နှုန်းသည် အနည်းငယ်စီ ကျဆင်းလျက်ရှိရာ မတ် ၁ ရက်တွင် ၁၂၃၇ ကျပ်၊ မတ် ၄ ရက်တွင် ၁၂၃၂ ကျပ်နှင့် မတ် ၇ ရက်တွင် ၁၂၂၈ ကျပ်နှုန်း ရှိနေသည်။ နိုင်ငံခြားငွေလဲလှယ်နှုန်း ကျဆင်းမှုနှင့်အတူ သွင်းကုန်ပို့ကုန် အချို့မှာလည်း ဈေးနှုန်းပြောင်းလဲမှုများ ရှိနေကြောင်း သိရသည်။

**စားအုန်းဆီ**

ဖေဖော်ဝါရီ ၂၅ ရက်နှင့် မတ် ၈ ရက်တွင် ပြည်ပစားအုန်းဆီ FOB သည် တစ်တန်ဈေးနှုန်း ၆၄၅ ဒေါ်လာရှိနေပြီး ဖေဖော်ဝါရီ ၂၅ ရက်က ဗဟိုဘဏ် ငွေလဲလှယ်နှုန်း ၁၂၃၇ ကျပ်ရှိခဲ့ချိန်တွင် ဆိပ်ကမ်းအရောက် အရင်းဈေးနှုန်းမှာ တစ်ပိဿာ ၁၄၉၈ ကျပ်၊ D.O စာရွက်ဖြင့် လက်ကား တစ်ပိဿာရောင်းဈေးမှာ ၁၄၈၅ ကျပ် ရှိခဲ့သည်။ မတ် ၈ ရက်တွင် ဗဟိုဘဏ်ငွေလဲလှယ်နှုန်းမှာ ၁၂၂၃ ကျပ်ဖြစ်ပြီး ဆိပ်ကမ်းအရောက်အရင်း ဈေးမှာ တစ်ပိဿာလျှင် ၁၄၆၁ ကျပ်သာ ရှိသော်လည်း ရန်ကုန်ဈေးကွက်တွင် ဈေးနှုန်းကျဆင်းမှုမရှိဘဲ D.O စာရွက် လက်ကားတစ်ပိဿာရောင်းဈေး ၁၄၉၀ ကျပ်သို့ မြင့်တက်လျက်ရှိကြောင်း သိရသည်။

**ကြက်သွန်ဖြူ**

ရက်အတန်ကြာ ယာဉ်ကြောပိတ်ဆို့မှုကို အကြောင်းပြု၍ မူဆယ်နယ်စပ်ဘက်မှ တင်သွင်းလာသော ကြူကုတ်ကြက်သွန်ဖြူများ ရန်ကုန်ဈေးကွက်တွင် ဈေးနှုန်းမြင့်တက်လာသည်။ ရှမ်းကြက်သွန်ဖြူအသစ်များမှာ မတ် ၈ ရက်တွင် လက်ကားဈေး တစ်ပိဿာ ၂၃၀၀ မှ ၂၆၀၀ ကျပ်အထိ ရှိချိန်တွင် ကြူကုတ်ကြက်သွန်ဖြူ လက်ကားဈေးမှာ တစ်ပိဿာလျှင် ၃၇၇၅ မှ ၃၈၂၅ ကျပ်နှုန်းအထိ ဈေးနှုန်းမြင့်တက်လာသည်။ ဖေဖော်ဝါရီ ၂၆ ရက်က ရှမ်းကြက်သွန်ဖြူအဟောင်းဈေး တစ်ပိဿာလျှင် ၄၁၀၀ မှ ၄၄၀၀ ကျပ်အတွင်း ရှိခဲ့ချိန်တွင် ကြူကုတ်ကြက်သွန်ဖြူဈေးနှုန်းမှာ ၃၄၅၀ မှ ၃၅၀၀ ကျပ်ခန့်သာ ရှိခဲ့သည်။

**ငရုတ်**

မြဝတီနယ်စပ်မှ တင်သွင်းသော အိန္ဒိယငရုတ်ရှည်များမှာ ငွေလဲနှုန်းဈေးကျချိန်တွင် ဈေးနှုန်းများ ကျဆင်းလာခဲ့သည်။ ဖေဖော်ဝါရီ ၁ ရက်က တစ်ပိဿာလျှင် ၅၅၀၀ ကျပ်အထိ ဈေးမြင့်ခဲ့ရာမှ မတ် ၈ ရက်တွင် လက်ကားရောင်းဈေး၊ တစ်ပိဿာလျှင် ၄၃၀၀-၄၄၀၀ ကျပ်ခန့်နှုန်းအထိ ကျဆင်းလာခြင်းဖြစ်သည်။ လက်ရှိအချိန်တွင် ရန်ကုန်ဈေးကွက်၌ မြစ်ဝကျွန်းပေါ်ဒေသမှဝင်ရောက်သော ဟင်္သာတ ငရုတ်ရှည်များမှာလည်း တစ်ပိဿာလျှင် ၂၈၀၀ ကျပ်နှုန်းခန့်သာ ရှိနေသည်။

**မတ်ပဲနှင့် ပဲစင်းငုံနီ**

ငွေလဲလှယ်နှုန်း ကျဆင်းချိန်တွင် ဈေးကျနေခဲ့သော ပြည်ပပို့ကုန်မတ်ပဲနှင့် ပဲစင်းငုံနီများမှာ ယခုရက်အတွင်း ဈေးအနည်းငယ်တက်လာကြောင်း သိရသည်။

အိန္ဒိယပြည်တွင်းမှ ဈေးနှုန်းချကာ ဝယ်ယူမှုနှင့် နိုင်ငံခြားငွေလဲနှုန်း ကျဆင်းမှုကြောင့် RC တစ်တန်လျှင် ဖေဖော်ဝါရီ ၂ ရက်က ၁၆၇၈၀၀၀ ကျပ်၊ ဖေဖော်ဝါရီ ၁၃ ရက်က ၁၅၈၀၀၀၀ ကျပ်နှုန်း ရှိခဲ့ပြီး မတ် ၄ ရက်တွင် ၁၂၄၈၀၀၀ ကျပ်အထိ ဈေးကျခဲ့သော မတ်ပဲသည် မတ် ၈ ရက်တွင် ၁၃၂၂၀၀၀ ကျပ်သို့ ဈေးအနည်းငယ် ပြန်တက်လာသည်။

ဇန်နဝါရီ ၁၈ ရက်က တစ်တန်လျှင် ၁၅၆၉၀၀၀ ကျပ်နှုန်း ရှိခဲ့သော ပဲစင်းငုံနီ RC သည်လည်း မတ် ၄ ရက်တွင် ၁၂၁၅၀၀၀ ကျပ်နှုန်းအထိ ကျဆင်းနေရာမှ မတ် ၈ ရက်တွင် ၁၂၉၈၀၀၀ ကျပ်နှုန်းအထိ ပြန်မြင့်တက်လာကြောင်း သိရသည်။

**ခင်ဆိုင်**



# ပုလဲသွယ်စပ်မျိုးစပါး စုပေါင်းပျိုးထောင်

**မြင်းခြံ မတ် ၁၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ဆိတ်ညံ့မြစ်ရေတင် ရေသောက်ဒေသတွင် စိုက်ပျိုးရေကို အကျိုးရှိစွာ သုံးစွဲနိုင်ရေးအတွက် စပ်မျိုးစပါး စုပေါင်းပျိုးထောင်ပွဲကို မတ် ၇ ရက်က ပြုလုပ်ခဲ့သည်။

စပ်မျိုးစပါး စုပေါင်းပျိုးထောင်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်က စိုက်ပျိုးရေကို အကျိုးရှိစွာအသုံးချရန်၊ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်လင်းက သိပ္ပံနည်းကျ စိုက်ပျိုးရေးနည်းစနစ်များကို အသုံးပြုစိုက်ပျိုးကြရန်နှင့် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ခိုင်မင်းက စိုက်ပျိုးရေဖြန့်ဝေပေးမည့်အခြေအနေများကို တောင်သူများအား ရှင်းလင်းပြောကြားပြီး ဆိတ်ညံ့မြစ်ရေတင် ရေသောက်ဧရိယာအတွင်း ထနောင်းတိုင်ကျေးရွာအုပ်စု ၊ ကွင်းအမှတ်(၂၆၅)တွင် ကွင်းဝန်ထမ်းများနှင့် တောင်သူများ ပူးပေါင်း၍ ပုလဲသွယ်စပ်မျိုးစပါး ခုနစ်ဧကအတွက်နှင့် ရွှေမနော် ဧက ၂၀ အတွက် စုပေါင်းပျိုးထောင်ခဲ့ကြကြောင်း သိရသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**

# နွေရာသီ အခြေခံအားကစားသင်တန်းများ ဖွင့်လှစ်

**ငါန်းဇွန် မတ် ၁၀**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာန၏ အားကစားနှင့် ပညာရေး ပေါင်းစပ်အစီအစဉ်အရ ဖွင့်လှစ်သော နွေရာသီ အခြေခံအားကစားသင်တန်းဖွင့်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၈ ရက်က ကျင်းပခဲ့သည်။

"နွေရာသီ အခြေခံအားကစားသင်တန်းကို ဧပြီ ၈ ရက်အထိ မြို့မအားကစားကွင်းအတွင်းမှာ နေ့စဉ်ဖွင့်လှစ် ပို့ချသွားမှာပါ။ ပို့ချမယ့် အားကစားနည်းတွေကတော့ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ အေရိုးဗစ်၊ ပန်းပွားနဲ့ အခြေခံ လက်ဝှေ့အားကစားနည်းတွေ ဖြစ်ပါတယ်"ဟု မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဦးအေးကိုကိုက ပြောကြားသည်။



သင်တန်းဖွင့်ပွဲတွင် သင်တန်းကြီးကြပ်မှုကော်မတီဝင်များအား အားကစားနည်းအလိုက် တက်ရောက်မည့် သင်တန်းသားများက မိတ်ဆက်ဂါရဝပြုကြပြီး ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်အေးမူက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်လွင်လွင်သန်းက သင်တန်းသား၊ သင်တန်းသူများအား ဆုံးမဩဝါဒစကားပြောကြားပြီး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိက သင်တန်းဖွင့်လှစ်ခြင်းရည်ရွယ်ချက်နှင့် သင်တန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် နွေရာသီအခြေခံအားကစားသင်တန်း ကြီးကြပ်မှုကော်မတီဝင် ဦးသာဆန်းအား လက်ထောက်ညွှန်ကြားရေးမှူးက အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

# သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်း ဆင့်ပွားသင်တန်းဖွင့်

**ဖားကန့် မတ် ၁၀**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်း၍ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်း ဆင့်ပွားသင်တန်းများကို ဖွင့်လှစ်လျက်ရှိရာ ကချင်ပြည်နယ် ဖားကန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆင့်ပွားသင်တန်း (၃/၂၀၁၆)ကို မတ် ၈ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်က အမှာစကားပြောကြားပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးမင်းသိန်းက သင်တန်းဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်များ၊ ၂၀၁၅ ခုနှစ် ဇူလိုင်နှင့် ဩဂုတ်လများအတွင်း ဖြစ်ပွားခဲ့သော မြန်မာနိုင်ငံတစ်ဝန်းရှိ ရေကြီးရေလျှံမှု ဖြစ်စဉ်များတွင် အရေးပေါ်တုံ့ပြန်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ခဲ့မှုများနှင့် ဆက်လက်ဆောင်ရွက်မည့် သဘာဝဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ခင်းကျင်းပြသထားသော မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေနှင့် နည်းဥပဒေ စာအုပ်များ၊ ဘေးရှစ်မျိုး အသိပညာပေးစာအုပ်များနှင့် လက်ကမ်းစာစောင်များ၊ သင်တန်းသား သင်တန်းသူများအတွက် ဖြန့်ဝေမည့် သင်တန်းအထောက်အကူပြုပစ္စည်းများကို ကြည့်ရှုလေ့လာခဲ့ကြသည်။

သင်တန်းသို့ ဖားကန့်မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများမှ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက်ဖြစ်သည်။ သင်တန်းတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနနှင့် UN/INGOS အဖွဲ့အစည်းများမှ သင်တန်းနည်းပြများက ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**စိုးနိုင်ဦး(ဖားကန့်)**

# စာစစ်ဌာနများ မီးဘေးအန္တရာယ်ကင်းဝေးစေရေး ကွင်းဆင်းဆောင်ရွက်ပေး

**တနင်္သာရီ မတ် ၁၀**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်တန်း စာစစ်ဌာနများ၌ ကျောင်းသား ကျောင်းသူများ စာမေးပွဲစတင်ဖြေဆိုသည့် မတ် ၉ ရက်မှစ၍ စာမေးပွဲဖြေဆိုနေချိန်များတွင် မီးဘေးအန္တရာယ်ကင်းဝေးရေးနှင့် ပတ်ဝန်းကျင်တွင် ဆူညံမှုများ မရှိစေရေးအတွက် မြို့နယ်မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့ဝင်များ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



တနင်္သာရီမြို့နယ်တွင် အထက(တနင်္သာရီ)၊ အထက(တကူ)နှင့် အထက (ညောင်ပင်ကွင်း) စာစစ်ဌာန သုံးခုဖွင့်လှစ်ထားရှိရာ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် စာစစ်ဌာနများရှိ စာဖြေဆောင်များ၊ မေးခွန်းလွှာများ သိမ်းဆည်းထားရှိသည့် မေးခွန်းတိုက်များ၏ လုံခြုံမှုနှင့် စာမေးပွဲဖြေဆိုရန် ရောက်ရှိနေထိုင်ကြသည့် ကျောင်းသား ကျောင်းသူများ၏ တည်းခိုဆောင်များတွင် မီးဘေးလုံခြုံမှုရှိစေရေး၊ အနီးပတ်ဝန်းကျင်တွင် ဆူညံခြင်းမပြုရေးတို့အတွက် မြို့နယ်မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူးနှင့် သန္ဓေတပ်ဖွဲ့ဝင်များပါဝင်သောအဖွဲ့က ကွင်းဆင်းဆောင်ရွက်နေခြင်းဖြစ်သည်။

ကွင်းဆင်းအဖွဲ့သည် စာမေးပွဲမဖြေဆိုမီအချိန်တွင်လည်း သက်ဆိုင်ရာ စာစစ်ဌာနများမှ ကြီးကြပ်ရေးမှူးများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ လုံခြုံရေးတာဝန်ရှိသူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံကာ စာစစ်ဌာနအတွင်းအပြင် သန့်ရှင်းရေး၊ လုံခြုံမှုရှိရေးနှင့် မေးခွန်းတိုက်များ လုံခြုံမှုရှိစေရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)**

# စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲကျင်းပ

**ကျောက်ပန်းတောင်း မတ် ၁၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အောင်တော်မူ မဟာစည်သာသနရိပ်သာ ကျောင်းတိုက်၌ သာသနဓဇ ဓမ္မာစရိယအောင် သံဃာတော် ငါးပါးအား ဂုဏ်ပြုပူဇော်ပွဲကို မတ် ၈ ရက်က ကျင်းပခဲ့သည်။

ဂုဏ်ပြုပူဇော်ပွဲတွင် မြို့နယ်ဩဝါဒါစရိယ ရွှေတောင်ဦးကျောင်းတိုက် ဆရာတော်၊ ရေစကြိုမြို့နယ် မင်းကန်ရွာ စိတ္တသုခကျောင်းဆရာတော်နှင့် အောင်တော်မူကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော်တို့က ဩဝါဒမိန့်ကြားပြီး ကျောက်ပန်းတောင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက အောင်လက်မှတ်များ ဆက်ကပ်ပူဇော်ပြီး မြို့နယ်သာသနာရေးဦးစီးမှူးနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ယင်းနောက် ဓမ္မာစရိယအောင် သံဃာတော်ငါးပါးတို့အား ဧကပိုဒ်ရတုဖြင့် ပူဇော်၍ အတ္ထုပ္ပတ္တိများကို ဖတ်ကြားကာ ဂုဏပူဇာဂါထာများ ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

ကျောက်ပန်းတောင်းမြို့နယ် အောင်တော်မူမဟာစည်သာသနရိပ်သာ ကျောင်းတိုက်မှ သာသနဓဇ ဓမ္မာစရိယ အောင်မြင်တော်မူကြသည့် အရှင်သူမြတ်များမှာ အရှင်ပညာဓိက၊ အရှင်ဝိမလ၊ အရှင်ဝေရောစန၊ အရှင်သံဝရနှင့် အရှင်ကုန္ဒာစာရတို့ဖြစ်ကြောင်း သိရသည်။

**နေအောင်(iprd)**

# အက်ဖ်အေဖလား ကွာတားဖိုင်နယ် အဲဗာတန်ကွင်းမှာ ချယ်လ်ဆီးတို့ အခြေအနေကောင်းနိုင်ပါ့မလား

မိုးမြင့်လင်းလက်

**အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်တွေကို မတ် ၁၂ ရက်မှာ ကစားကြမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ ဖလားရယူလိုမှု ဆန္ဒပြင်းပျနေတဲ့ ချယ်လ်ဆီးဟာ အဝေးကွင်းမှာ အဲဗာတန်နှင့်ယှဉ်ပြိုင်ရမှာဖြစ်လို့ ပွဲမချောင်ပါဘူး၊ အဲဗာတန်တို့ကလည်း ဖလားမျှော်မှန်းချက်ရှိနေတဲ့ အသင်းဖြစ်တာမို့ အမာခံကစားသမားတွေနဲ့ ပွဲထွက်လာမှာဖြစ်ပြီး ချယ်လ်ဆီးကို အိမ်ကွင်းမှာ အောင်ပွဲခံနိုင်ရေး ခြေကုန်ထုတ်မှာ သေချာပါတယ်။ အက်ဖ်အေဖလားအကြို ဗိုလ်လုပွဲကို ဘယ်အသင်းတွေ တက်ရောက်သွားနိုင်မလဲဆိုတာ ရင်ခုန်စရာတော့ ကောင်းနေတာအမှန်ပါပဲ။**

### အဲဗာတန်နှင့်ချယ်လ်ဆီး

ပရီမီယာလိဂ်မှာ ရလဒ်ကောင်းတွေ ပြန်လည်ဖော်ကျူးလာတဲ့ ချယ်လ်ဆီးဟာ အက်ဖ်အေဖလားကို အာရုံစိုက်နေပြီဖြစ်ပါတယ်။ ချန်ပီယံလိဂ်ဝင်ခွင့်ကို ဆုံးရှုံးနေရပြီဖြစ်တဲ့ ချယ်လ်ဆီးတို့ အခုပွဲမှာ အကောင်းဆုံးကစားသမားစာရင်းနဲ့ ပွဲထွက်လာမှာဖြစ်ပြီး အဲဗာတန်ကို ရင်ဆိုင်ရမှာဖြစ်ပါတယ်။ အက်ဖ်အေဖလားပွဲသမိုင်းမှာ အဲဗာတန်နဲ့ချယ်လ်ဆီးတို့ ဆုံတွေ့ခဲ့မှု မှတ်တမ်းတွေကိုကြည့်ရင်တော့ ချယ်လ်ဆီးက ခြောက်ပွဲနိုင်ပြီး အဲဗာတန်က နှစ်ပွဲနိုင်ကာ သရေသုံးပွဲ ဖြစ်ထားပါတယ်။ ဒီနှစ်သင်းရဲ့ ပြိုင်ပွဲအရပ်ရပ်တွေ့ဆုံမှုကို ကြည့်ရင်လည်း ချယ်လ်ဆီးက ၆၈ ပွဲနိုင်ထားပြီး အဲဗာတန်က ၅၃ ပွဲနိုင်ကာ ၅၃ ပွဲ သရေဖြစ်ထားပါတယ်။ လက်ရှိ ခြေစွမ်းကိုကြည့်ရင် ချယ်လ်ဆီးက စတုတ်ကို တစ်ဂိုးစီသရေပွဲဖြစ်ခဲ့သလို အဲဗာတန်ကလည်း ဝက်စ်ဟမ်းကို သုံးဂိုး-နှစ်ဂိုးနဲ့ ရှုံးခဲ့ပါတယ်။ အဲဗာတန်ရဲ့ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲရလဒ်ကို ကြည့်ရင် ဘုန်းမောက်နဲ့ဗီလာတို့ကို နိုင်ပွဲဆက်တိုက်ရယူခဲ့ပေမယ့် ဝက်စ်ဟမ်းကိုတော့ ရှုံးထားပါတယ်။ ချယ်လ်ဆီးတို့ကတော့ နော့ဝှစ်ချ်ကိုနိုင်ပြီး စတုတ်ကို သရေပွဲဖြစ်ခဲ့တာမို့ နှစ်သင်းစလုံး ခြေစွမ်း အတက်အကျတူညီနေပါတယ်။ ချယ်လ်ဆီးနည်းပြ ဟစ်ဒင့်ကတော့ အက်ဖ်အေဖလားကို ရအောင်ယူဖို့ အားထုတ်နေပြီး ဖလားလက်မဲ့မဖြစ်စေဖို့အတွက် ချယ်လ်ဆီးဟာ ဒီပွဲမဖြစ်မနေနိုင်ပွဲရအောင် ကစားပြီး နောက်တစ်ဆင့်တက်ရေး ခိုင်မာတဲ့ခြေလှမ်းကို လှမ်းမှာဖြစ်ပါတယ်။ ဒါပေမယ့် အိမ်ရှင် အဲဗာတန်တို့ရဲ့ အိမ်ကွင်းတုံ့ပြန်မှုက ပြင်းထန်မှာဖြစ်တဲ့အတွက် ချယ်လ်ဆီးက အနိမ့်ဆုံးတစ်မှတ်ယူပါလိမ့်မယ်။

### ရက်ဒင်းနှင့်ခရစ္စတယ်ပဲလေ့စ်

ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲတွေ့ဆုံမှုကို ကြည့်ရင်တော့ ထူးထူးခြားခြား သုံးပွဲစလုံးသရေပွဲ ဖြစ်ထားပါတယ်။ ရက်ဒင်းတို့က ချန်ပီယံရှစ်မှာ ခြေစွာနေတဲ့ အသင်းဖြစ်ပြီး အိမ်ကွင်းမှာ အကောင်းဆုံးပုံစံရရှိနေတဲ့ အသင်းဖြစ်ပါတယ်။ ခရစ္စတယ်ပဲလေ့စ်တို့ကတော့ ခြေစွမ်းအတက်အကျရှိနေပြီး ခြေစွမ်းပေါ်ရင် ပြိုင်ဘက်အသင်းတွေထိန်းချုပ်ရ ခက်ခဲပါတယ်။ ဒါ့အပြင် ရက်ဒင်းတိုက်စစ်မှူးတွေက အိမ်ကွင်းမှာ စိတ်ဓာတ်ပြင်းပြင်းနဲ့ ကစားတတ်ပြီး ဂိုးရအောင်လည်း သွင်းယူနိုင်ပါတယ်။ ခရစ္စတယ်ပဲလေ့စ်တို့ကတော့ လောလောဆယ်မှာ ခြေစွမ်းကျဆင်းနေပြီး တိုက်စစ်ပိုင်းလည်း အားနည်းချက်ရှိနေပါတယ်။ ဒါပေမယ့် အက်ဖ်အေဖလားပွဲတွေဆိုရင် အပြည့်အဝ အားထည့်ကစားတတ်တဲ့ ပဲလေ့စ်ကို ရက်ဒင်းတို့က အကြိတ်အနယ်ကစားရပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ အက်ဖ်အေဖလားပြိုင်ပွဲသမိုင်းမှာ တွေ့ဆုံမှုကို ကြည့်ရင်တော့ ခရစ္စတယ်ပဲလေ့စ်တို့က သုံးပွဲနိုင်ပြီး သရေပွဲသုံးပွဲဖြစ်ကာ ရက်ဒင်းတို့ နိုင်ပွဲတစ်ပွဲမျှ မရခဲ့ပါဘူး။ အစဉ်အလာကို ကြည့်ရင်တော့ ခရစ္စတယ်ပဲလေ့စ်တို့ နိုင်ပွဲရနိုင်ပေမယ့် ခက်ခက်ခဲခဲ အားထုတ်မှ မျှော်လင့်ချက် ပြည့်ဝနိုင်ပါလိမ့်မယ်။ အကြိုက်က ပဲလေ့စ်ဖြစ်ပေမယ့် ဒီပွဲမှာ ရက်ဒင်းတို့ကလည်း သရေရလဒ်ကို မျှော်လင့်နိုင်တဲ့ပွဲပါပဲ။ ။








## ရီယိုအိုလံပစ်မှာ ဘရာဇီးက ပွဲထုတ်မယ့် နေမာ

အမေရိကန်နိုင်ငံမှာ ကျင်းပမယ့် ကိုပါအမေရိကဖလားထက် ဩဂုတ်လမှာ ကျင်းပမယ့် ရီယိုအိုလံပစ်မှာ နေမာကို ပွဲထုတ်ဖို့ ပြင်ဆင်နေကြောင်း ဘရာဇီးနန်းပြ ဒွန်ကာက အတည်ပြုပြောဆိုလိုက်ပါတယ်။ ဘရာဇီးနည်းပြ ဒွန်ကာအနေနဲ့ စပိန်မှာ နေမာနဲ့ရော ဘာစီလိုနာနဲ့ပါ ဆွေးနွေးမှာဖြစ်ပြီး လာမယ့် ရီယိုအိုလံပစ်မှာ အဓိကကစားသမားအဖြစ် ကစားရဖို့ရှိကြောင်း ဒွန်ကာက ဆိုပါတယ်။ ဘရာဇီးဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများအနေဖြင့် နေမာကို အဓိကကစားသမားအဖြစ် ပွဲထုတ်ကစားရာမှာ အခြားသောဘောလုံးဖွဲ့အစည်းတွေရဲ့ သဘောတူညီချက်ရမှသာလျှင် ဆုံးဖြတ်ချက်ကိုချမှတ်နိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ကိုပါအမေရိကဖလားနဲ့ ရီယိုအိုလံပစ်ကို ရွေးချယ်ရမှာဖြစ်ပါတယ်။ နေမာကိုတော့ ရီယိုအိုလံပစ်မှာ ပိုပြီး ကစားဖို့လိုလားပါတယ်လို့ ဒွန်ကာက ဘရာဇီးရုပ်မြင်သံကြားကို ပြောဆိုလိုက်ပါတယ်။ ဘရာဇီးအတွက် ရွှေရအောင်ယူဖို့ အရေးကြီးပါတယ်လို့ ဒွန်ကာက ဆိုပါတယ်။ သို့ပေမယ့် နေမာကတော့ နှစ်ပွဲစလုံးမှာ ကစားဖို့ ဆန္ဒပြင်းပြနေတယ်လို့ ဆိုပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

## ယူရို ၂၀၁၆ မှာ ပါဝင်လာနိုင်တဲ့ တိုက်စစ်မှူး ရွန်းနေ

အင်္ဂလန်နည်းပြ ရွိုင်းဟော့ဆင်အနေနဲ့ ရွန်းနေကို ရွေးချယ်ဖို့ တုံ့ဆိုင်းနေ့ကွေးနေမှာ မဟုတ်ပါဘူး။ မန်ယူတိုက်စစ်မှူး ရွန်းနေဟာ ဒဏ်ရာကြောင့် လွန်ခဲ့သော ခြောက်ပွဲက ပြိုင်ပွဲတွေနဲ့ လွဲချော်ခဲ့ပါတယ်။ အသင်းခေါင်းဆောင် ရွန်းနေဟာ ယူရို ၂၀၁၆ အင်္ဂလန်အသင်းမှာ ပါဝင်ကစားနိုင်မယ်လို့ နည်းပြ ရွိုင်းဟော့ဆင်က အတည်ပြုပြောဆိုလိုက်ပါတယ်။ အသက် ၃၀ အရွယ်ရှိ ရွန်းနေဟာ ဖေဖော်ဝါရီ ၁၃ ရက်ကတည်းက ပြိုင်ပွဲများနဲ့ လွဲချော်နေခဲ့ပါတယ်။ အတွေ့အကြုံများပြီး ခြေစွမ်းကောင်းတဲ့ တိုက်စစ်မှူး ရွန်းနေဟာ ယခုလကုန်ပိုင်းမှာ ကစားမယ့် အင်္ဂလန်နဲ့နယ်သာလန်တို့နဲ့ ကစားမယ့် ချစ်ကြည်ရေးပွဲစဉ်တွေမှာ ပါဝင်ကစားဖွယ်ရှိပါတယ်။ သို့ပေမယ့် သူဟာ ဒီနှစ်ရာသီမှာ အနီရောင်နတ်ဆိုးအတွက် ခုနစ်ဂိုးသာသွင်းယူနိုင်ခဲ့ပါတယ်။ သို့ပေမယ့် တိုက်စစ်မှူး ရွန်းနေဟာ အင်္ဂလန်အသင်းအတွက် စံချိန်တင် ဂိုးသွင်းယူထားပြီးဖြစ်ပါတယ်။ နောင်လည်း ပြိုင်ပွဲတွေမှာ အဓိကဂိုးတွေသွင်းယူပေးနိုင်တဲ့သူ ဖြစ်ပါတယ်။







## ချန်ပီယံလိဂ်မှာ ဂိုး ၉၀ မြောက်သွင်းတဲ့ စီရော်နယ်ဒို

ရီးရဲမက်ဒရစ်အသင်းဟာ ရိုးမားကို နှစ်ဂိုးပြတ်နဲ့ နိုင်ပြီး နှစ်ကျော့ပေါင်း လေးဂိုးပြတ်နဲ့ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ကို တက်ရောက်သွားနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ဒီပွဲမှာ ထူးခြားတာကတော့ တိုက်စစ်မှူး စီရော်နယ်ဒိုက ယခုနှစ်ရာသီအတွက် ဂိုး ၄၀ မြောက်အထိ သွင်းယူခဲ့ပါတယ်။ ရီးရဲမက်ဒရစ်အသင်းအနေနဲ့ လွန်ခဲ့တဲ့ နှစ်နှစ်က အောင်မြင်မှုကို ပြန်လည်ရယူဖို့ ရှိနေပါတယ်။ စီရော်နယ်ဒိုဟာ ယခုနှစ်ရာသီ ချန်ပီယံလိဂ်ဂိုးအဖြစ် ၁၃ ဂိုးမြောက်ကို သွင်းယူပေးခဲ့ပါတယ်။ သူ့ရဲ့ ကစားသမားသက်တမ်းတစ်လျှောက်မှာတော့ ဂိုး ၉၀ မြောက်၊ ချန်ပီယံဂိုးအဖြစ် သွင်းယူခဲ့ခြင်းဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်ဟာ ချန်ပီယံလိဂ်ရှစ်ပွဲမှာ ဂိုးပေါင်း ၂၃ ဂိုးအထိ သွင်းယူနိုင်ခဲ့ပါတယ်။ ဒီလို သွင်းယူနိုင်ခဲ့တာ ယခုအထိတော့ ဘယ်အသင်းမှ ရှစ်ပွဲအတွင်း ဂိုးပေါင်း ၂၃ ဂိုးအထိ သွင်းယူနိုင်ခဲ့ခြင်း မရှိသေးပါဘူး။

# ဘိန်းစိုက်ခင်းများအား ကွင်းဆင်းဖျက်ဆီး



**လွိုင်ကော် မတ် ၁၀**

ကယားပြည်နယ် လွိုင်ကော်မြို့ ကုန်းသာကျေးရွာအုပ်စု ကုန်းသာကျေးရွာ၏ အရှေ့မြောက်ဘက် လေးမိုင်ခန့်အကွာ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ် နယ်စပ်အနီးရှိ ဘိန်းစိုက်ခင်းများအား မြို့နယ်ရဲတပ်ဖွဲ့မှူးဦးစီးသည့် ပူးပေါင်းအဖွဲ့များက မတ် ၈ ရက်က ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဘိန်းခင်းများ ဖျက်ဆီးရာတွင် မြေပုံအညွှန်း (LB 0632890944) နှင့် (LB 0632990515) ရှိ ဘိန်းပင်အမြင့် နှစ်ပေခွဲရှိ သီးပွင့်ဆဲဘိန်းစိုက်ခင်း ၁၀ ဒသမ ၅ ဧကခန့်ကို ဖျက်ဆီးခဲ့ကြောင်း၊ ဘိန်းစိုက်ခင်းများရှိ မရှိ ဆက်လက်ရှာဖွေရာ မူလဖျက်ဆီးခဲ့ပြီးသော ဘိန်းခင်းနှင့် ကိုက် ၁၀၀၀ ခန့်အကွာ မြေပုံအညွှန်း (၀၆၂၂၅၅၉၀၆၅၅) တောင်ကြားတွင် ဘိန်းပင်အမြင့် ရှစ်လက်မခန့်ရှိ ဖူးပွင့်စဘိန်းစိုက်ခင်း ၄ ဒသမ ၅ ဧကခန့်ကို ထပ်မံတွေ့ရှိ၍ ဆက်တိုက်ဖျက်ဆီးခဲ့ကြောင်း၊ စုစုပေါင်း ဘိန်းစိုက်ခင်း ၁၅ ဧကကို ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပူးပေါင်းအဖွဲ့တွင် မြို့နယ်ရဲမှူးနှင့် နယ်မြေခံတပ်မတော်သားများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေး၊ မြေစာရင်း၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ မူးယစ်ဆန့်ကျင်ရေးအသင်း၊ မြို့နယ်လဝက၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မူးယစ်အထူးတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ သတင်းတပ်ဖွဲ့နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ ပါဝင်ခဲ့ကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**

# ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် ယိမ်းပြိုင်ပွဲများအတွက် ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များ လာရောက်စာရင်းပေးသွင်းနိုင်ပြီ

**ရန်ကုန် မတ် ၁၀**

မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ပွဲတော်မဏ္ဍပ်၌ ကျင်းပပြုလုပ်မည့် ယိမ်းအက ပြိုင်ပွဲများအတွက် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်အသင်းများအား လာရောက်စာရင်းပေးသွင်းရန် ဖိတ်ခေါ်ထားကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်အသင်းများအနေဖြင့် ဗိုလ်တထောင်မြို့နယ်၊ ၄၆ လမ်း၊ ၁၂ ထပ်ရုံး၊ ၁၁ လွှာရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ စစ်ဆေးရေးဌာနရုံး၌ လာရောက် စာရင်းပေးသွင်းနိုင်ကြကြောင်း၊ အသေးစိတ်စုံစမ်းလိုပါက စစ်ဆေးရေးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ အကဲဖြတ်လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဖုန်း-၀၉-၇၃၀၅၉၂၉၆ နှင့် အကဲဖြတ်လုပ်ငန်းကော်မတီရုံးအဖွဲ့ ဖုန်း-၀၉-၂၆၃၂၁၅၄၅၄ သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းနိုင်ကြကြောင်း၊ စာရင်းပေးသွင်းမှုကို ဧပြီ ၁ ရက်အထိ လက်ခံသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။



ယခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ ယိမ်းအကပြိုင်ပွဲများကို ယခင်နှစ်များနည်းတူ စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ယိမ်းပြိုင်ပွဲများကို ၁၂ ဦးယိမ်း(မူကြိုကျောင်းများ)၊ ၁၂ ဦးယိမ်း(ကျောင်းများ)၊ ၁၂ ဦးယိမ်း(ရုံး/အခြား)၊ ၁၆ ဦးယိမ်း(ကျောင်းများ)၊ ၁၆ ဦးယိမ်း(ရုံး/အခြား)၊ ၂၀ ဦးယိမ်း(အလွတ်တန်း)၊ ၁၂ ဦးယိမ်း(ကျား)(အလွတ်တန်း)နှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကများဟူ၍ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-တင်လှမောင်**

# ပျံကျဈေးသည်များကို စနစ်တကျ နေရာချထားပေး၍ ယာဉ်သွားလာမှုအဆင်ပြေ

**စလင်း မတ် ၁၀**

မကွေးတိုင်းဒေသကြီး စလင်းမြို့ စည်ပင်သာယာရေးဈေးကြီး၏ အနောက်ဘက်ဈေးဝင်းနှင့် ကပ်လျက် ယာဉ်နှင့်လူများသွားလာနေသော လမ်းများပေါ်တွင် ခင်းကျင်းရောင်းချနေသော ပျံကျဈေးသည်များကို မတ် ၉ ရက်မှစ၍ စနစ်တကျ နေရာချထားပေးလိုက်သဖြင့် လမ်းပေါ်တွင် လူနှင့်ယာဉ်များသွားလာရန် အဆင်ပြေသွားပြီဖြစ်ကြောင်း သိရသည်။

ယခင်က အဆိုပါလမ်းတွင် ဆိုင်ခင်းရောင်းချနေမှုကြောင့် ယာဉ်သွားလမ်းမှာ ကျဉ်းမြောင်းပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့၍ စည်ပင်သာယာရေးကော်မတီက ပျံကျဈေးသည် ၇၂ ဦးအား ယာဉ်သွားလမ်းနှင့် ကင်းလွတ်သောနေရာတွင် တစ်ဦးလျှင် ငါးပေအကျယ် ပျံကျဆိုင်နေရာများကို မတ် ၉ ရက်ကစတင်၍ စနစ်တကျနေရာများချထားပေးခဲ့သဖြင့် ယာဉ်များသွားလာမှု လွယ်ကူချောမွေ့သွားကာ ပျံကျဈေးသည်များလည်း စနစ်တကျရောင်းချခွင့်ရရှိ၍ အဆင်ပြေကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# တောင်သမန်ကျေးရွာအုပ်စု ဒေသခံများ စုပေါင်းထမနဲထိုးပြိုင်ပွဲ ကျင်းပ

**မန္တလေး မတ် ၁၀**

အမရပူရမြို့နယ် တောင်သမန်ကျေးရွာအုပ်စုအနီးရှိ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် တောင်သမန်ကျေးလက် Resort စီမံကိန်းဝင်းအတွင်း၌ တောင်သမန်ကျေးရွာအုပ်စုအတွင်း ကျေးရွာလေးရွာမှ ဒေသခံပြည်သူများနှင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့် တောင်သမန်သစ္စာကုမ္ပဏီက ကြီးမှူး၍ ထမနဲထိုးပြိုင်ပွဲကို မတ် ၈ ရက်က ကျင်းပခဲ့သည်။

ထမနဲထိုးပြိုင်ပွဲကို ရိုးရာယဉ်ကျေးမှုဆိုင်ရာ ပြိုင်ပွဲများအား အလေးထားစေရေး ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ပြီး တောင်သမန်ကျေးရွာ၊ ရွာသစ်ကျေးရွာ၊ တဲနံ့သာကျေးရွာ၊ နွားနို့တော်စုကျေးရွာများမှ အသင်းများနှင့် ဒေသခံများ စုပေါင်းထားသည့် ရွှေညိုကြားအသင်း၊ တောင်သမန်သစ္စာကုမ္ပဏီဝန်ထမ်းအသင်း စုစုပေါင်း ခြောက်သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲတွင် ပထမဆုရရှိသည့် တဲနံ့သာကျေးရွာအသင်းအား ဆုငွေကျပ်နှစ်သိန်း၊ ဒုတိယဆုရရှိသည့် ရွာသစ်ကျေးရွာအသင်းအား ဆုငွေကျပ်တစ်သိန်းငါးသောင်း၊ တတိယဆုရရှိသည့် တောင်သမန်ကျေးရွာအသင်းအား ဆုငွေကျပ် တစ်သိန်းနှင့် နှစ်သိမ့်ဆု ငါးသောင်းကျပ်စီကို မန္တလေးတိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာမြင့်ကြူနှင့် တာဝန်ရှိသူများက ချီးမြှင့်ခဲ့သည်။

အဆိုပါထမနဲထိုးပြိုင်ပွဲကို တောင်သမန်ကျေးရွာအုပ်စုတွင် ပထမဦးဆုံးအကြိမ်ကျင်းပခြင်းဖြစ်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုဆိုင်ရာ ပြိုင်ပွဲများ၊ ရိုးရာယဉ်ကျေးမှုပွဲတော်များကို နှစ်စဉ် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

## သတင်းတိုများ

### ရေတာရှည်မြို့နယ် မယ်ဒက်ကယ်ဘုရားကြီးဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အောင်ချမ်းသာကျေးရွာအနီးရှိ သမိုင်းဝင် မယ်ဒက်ကယ်ဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို တန်ခူးလဆန်း ၆ ရက်မှ လပြည့်နေ့အထိ ၁၀ ရက်တိုင်တိုင် စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရေတာရှည်မြို့မှအရှေ့မြောက်ဘက် လေးမိုင်ခန့်အကွာရှိ မယ်ဒက်ကယ်ဘုရားကြီးသည် ရေတာရှည်မြို့နယ်တွင်ထင်ရှားကာ ဘုရားပွဲတော်ကျင်းပချိန်၌ ရှေးခေတ်ပုံစံအတိုင်း နွားချူံတည်းဖြင့် လှည်းပေါင်းရာချီထောင်ချီကာ လာရောက်လေ့ရှိကာ ဇာတ်ပွဲ၊ လက်ဝှေ့ပွဲများဖြင့် စည်ကားပြီး အနယ်နယ်အရပ်ရပ်မှလာရောက်ရောင်းချသည့် ၁၂ ပွဲဈေးသည်များမှာ လက်မလည်အောင် ရောင်းချရလေ့ရှိသည်။ ဘုရားပွဲလာ ဒေသခံပြည်သူများမှာလည်း နေအိမ်အသုံးအဆောင်များ၊ အဝတ်အထည်များ၊ စားသောက်ဖွယ်ရာများကို ဘုရားပွဲတော်တွင် အဓိကဝယ်ယူကြလေ့ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

### မီးဘေးကာကွယ်ရေးပညာပေးဟောပြော

ပူပြင်းခြောက်သွေ့သည့် နွေရာသီတွင် မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဂန့်ဂေါမြို့နယ် ညောင်လယ်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ မီးဘေးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို မတ် ၈ ရက်က ပြုလုပ်ခဲ့ပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းလင်းက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးသန်းထက်အောင်က မီးဘေးသည် လူသားအရင်းအမြစ်နှင့် သဘာဝအရင်းအမြစ်အားလုံးကို ဖျက်ဆီးပစ်နိုင်သော ဘေးဆိုးတစ်ခုဖြစ်ကြောင်း၊ မီးဘေးအန္တရာယ် ကင်းရှင်းရေးအတွက် သတိပြုရမည့်အချက်များကို ဟောပြောခဲ့ပြီး မီးဘေးကာကွယ်ရေးလုပ်ငန်းများ လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။

**(၁၀၁)**



**စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့၌ ချောင်းရေလျှံမှုကာကွယ်ရန်နှင့် ရေစီးရေလာကောင်းမွန်စေရန်အတွက် မြို့ပေါ်ရပ်ကွက်များကြား ဖြတ်သန်းစီးဆင်းနေသော မကျီးလျှိုချောင်းကို တူးဖော်ခြင်းနှင့် တာပေါင်မြှင့်တင်ခြင်းလုပ်ငန်းများကို မတ် ၈ ရက်က ဆောင်ရွက်နေစဉ်။ (အဆိုပါချောင်းပြုပြင်ခြင်းလုပ်ငန်းများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏လမ်းညွှန်မှုဖြင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းဆောင်ရွက်နေကြခြင်းဖြစ်သည်။**

မျိုးဝင်းညို(ကျွန်းလှ)

# အယ်နီညိုရာသီဥတု အကျိုးသက်ရောက်မှုနှင့် ကျန်းမာရေးဆိုင်ရာများ ဆွေးနွေး

**ဝက်လက် မတ် ၁၀**

ယခုနှစ်အတွင်း ကြုံတွေ့နိုင်သည့် အယ်နီညိုရာသီဥတုနှင့် ပတ်သက်၍ အကျိုးသက်ရောက်နိုင်မှုများနှင့် ကျန်းမာရေးလုပ်ငန်းဆိုင်ရာများ ဆွေးနွေးပွဲကို ဝက်လက်မြို့နယ် ပြည်သူ့ဆေးရုံ၌ မတ် ၅ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးလွင်က အယ်နီညိုရိုက်ခတ်မှုကြောင့် နွေရာသီကာလတွင် အပူချိန်မြင့်မားခြင်း၊ မုတ်သုံလေဝင်ရောက်မှု နောက်ကျခြင်း၊ မုတ်သုံလေအားမမှန်ခြင်းများကြောင့် စိုက်ပျိုးရေးအတွက်အခက်အခဲများရှိနိုင်ခြင်း၊ သောက်သုံးရေရရှိမှု ခက်ခဲလာနိုင်ခြင်း၊ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့နိုင်ခြင်း စသည့်အကျိုးသက်ရောက်နိုင်မှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အပူချိန်မြင့်မားမှုနှင့် ရာသီဥတုဖောက်ပြန်မှုကြောင့် အပူဒဏ်အန္တရာယ်အပြင် ကူးစက်ရောဂါများ၊ နာတာရှည်ရောဂါများနှင့် အခြားကျန်းမာရေးပြဿနာများလည်း ဆက်စပ်ဖြစ်ပွားတတ်ကြောင်း၊ နောက်ဆက်တွဲအနေဖြင့် အပူချိန်မြင့်မားမှုကြောင့် ခြင်ပေါက်ပွားမှု ပိုမိုမြန်ဆန်များပြားလာနိုင်ပြီး ခြင်မှတစ်ဆင့်ကူးစက်တတ်သောရောဂါများလည်း ပိုမိုဖြစ်ပွားလာနိုင်ခြင်းကြောင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ကျေးရွာများအရောက်ကွင်းဆင်း၍ အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း ဆွေးနွေးခဲ့ကြသည်။

**နန်းမြင့်(ဝက်လက်)**

# ရိုးရာသိုင်းပညာ တိုးတက်ပြန့်ပွားရေးအတွက် နည်းပြသင်တန်းဖွင့်လှစ်

**မုံရွာ မတ် ၁၀**

မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး သိုင်းဆပ်ကော်မတီတို့ပူးပေါင်းပြီး တိုင်းဒေသကြီးအတွင်းရှိ မြန်မာ့ရိုးရာသိုင်းအဖွဲ့များမှ နည်းပြသိုင်းဆရာများအား မွမ်းမံသင်တန်းကို မတ် ၃ရက်မှစ၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။




"ဒီသင်တန်းကို မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်က သင်တန်းဆရာငါးဦးက လာရောက်သင်ကြားပေးနေတာပါ။ ဒီကို သင်တန်းလာတက်ကြတဲ့ ခရိုင်အလိုက် သိုင်းဆရာတွေက မြန်မာ့ရိုးရာသိုင်းပညာရပ်တွေကို အဆင့်အလိုက် တတ်မြောက်ပြီးသားတွေပါ။ မြန်မာ့ရိုးရာသိုင်းပညာကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ တစ်ပြေးညီဖြစ်ဖို့ ထပ်မံမွမ်းမံတဲ့အနေနဲ့ သင်တန်းဖွင့်လှစ်ခြင်းဖြစ်ပါတယ်။ ဗန်တို/လက်ရေးကိုးပါး၊ ဓားရေးကိုးပါးတို့ကို အဓိကထားပြီး သင်ကြားပေးမှာ ဖြစ်ပါတယ်။ သင်တန်းသားတွေ နေထိုင်စားသောက်ရေးကို အဆင်ပြေအောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လက်ရှိ ဒီသင်တန်းကို စစ်ကိုင်း၊ မုံရွာ၊ ယင်းမာပင်စတဲ့ခရိုင်တွေက သိုင်းနည်းပြသင်တန်းသား ၂၀ တက်ရောက် သင်ကြားနေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး သိုင်းဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးတေဇာအေးက ပြောသည်။

သင်တန်းကို မုံရွာမြို့ရှိ တိုင်းဒေသကြီး အားကစားကွင်းအတွင်း မိုးလုံလေလုံအားကစားရုံတွင် မတ် ၁၂ ရက်အထိ နေ့စဉ် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**





## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြေတိုင်းရပ်ကွက်အမှတ် ၉၁၊ မြေကွက်အမှတ် ၉၄၆ ပိုင်ရှင်အမည်ပေါက် ဒေါ်ခင်အုန်းမြင့်ဟု ခေါ်တွင်သော မြေကွက်ကို လက်ရှိပိုင်ဆိုင်သူ ဦးထွန်းလှ ၁၂/မရက(နိုင်)၁၁၀၀၆၈ ထံမှလည်းကောင်း

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဒ/၆၃)၊ မြေကွက်အမှတ် ၃၃၃ ပိုင်ရှင်အမည်ပေါက် ဦးချစ်လှိုင်ဟုခေါ်တွင်သော မြေကွက်ကို လက်ရှိပိုင်ဆိုင်သူ ဦးချစ်လှိုင် ၅/ပလန(နိုင်)၀၀၆၁၈၀ ထံမှလည်းကောင်း

ဝယ်ယူရန် စရန်ငွေအချို့ကိုပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ ၎င်းမြေကွက်များနှင့် ပတ်သက်ပြီး ကန့်ကွက်လိုပါက ကျွန်တော်ဦးယုနိုင် ၁၂/သကတ(နိုင်)၀၂၀၁၆၆ အမှတ် ၂၅၊ အောင်သပြေ(၂)လမ်း၊ (၇)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဦးယုနိုင် ဖုန်း-၀၁-၉၄၁၀၀၃၀၊ ၀၉-၄၄၈၅၄၀၈၇၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ မြို့သစ်(၁)လမ်း၊ အမှတ် ၂၅၊ မြေညီ/ခေါင်းရင်းတိုက်ခန်းအား ဦးဇော်ဝင်း၊ ဒေါ်အေးအေးအောင်မှ လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုကမ်းလှမ်းလာသဖြင့် ၎င်းတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပိုင်လွှဲပြောင်းဝယ်ယူရန် တိုက်ခန်းဖိုးစရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်အား အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သင်းသင်းစိုး LL.B**
**အထက်တန်းရှေ့နေ**
**အမှတ် ၆၉၃၊ အောင်ဆုပန်လမ်း၊ (၈၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၀၇၈၀၁၂**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအုပ်စု၊ နတ်စင်ကုန်းကျေးရွာကွင်း အမှတ် ၆၆၉ အမည်တွင်သည့် ပေ(၄၉×၃၁)ရှိ ခြံနှင့်အိမ်တို့အား ၂၉-၇-၂၀၁၅ရက်တွင် ဦးမောင်မောင်အေး HZA-၀၉၇၈၆၇ မှ အသိသက်သေများရှေ့ အပြီးအပိုင်ဝယ်ယူလက်ရောက်ရယူခဲ့ပါသည်။ ထို့ကြောင့် အဆိုပါအိမ်နှင့် ခြံမြေအား မည်သူတစ်ဦးတစ်ယောက်မျှ ပိုင်ဆိုင်မှုမရှိဘဲ ဦးမောင်မောင်အေးမှပိုင်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်မောင်အေး၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်တင်တင်လှ**
**အထက်တန်းရှေ့နေ (စဥ်-၂၉၆၆၀)**
**ဖုန်း-၀၉-၄၃၀၇၃၄၂၆**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5G/9745 LIFAN (LFJ 3053F1) Dump Truck(4×2) L ယာဉ်လက်ဝယ်ရှိသူ Ak Young Fu Co., Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ယ/၇၁၇၁၉ New Anbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်နိုင် ၅/ကနန(နိုင်)၀၄၂၉၁၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၁ယ/၃၅၉၀၉ Jiafa M/C ယာဉ်လက်ဝယ်ရှိသူ ဦးညီညီဝင်း ၉/မရတ(နိုင်)၁၂၄၀၆၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ယ/၈၈၆၈၁ Jo Hon 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအေးဇံ ၉/မရတ(နိုင်)၀၁၅၄၅၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မင်းနိုင်ဝင်းထွန်း ၃/ကကရ(နိုင်)၁၅၄၅၅၉ ၏ Passport (No. မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၂၄၀၇၄၆၃**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7I/8746 Toyota Landcruiser Prado KZJ S/W(4x4) ယာဉ်လက်ဝယ်ရှိသူ ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ယ/၉၇၁၃၄ STAR DIAMEND 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရင်လှိုင် ၁၃/လရန(နိုင်)၀၆၀၂၈၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ပျောက်ဆုံး

ကျွန်မ ဒေါ်လှဆန်းရီ ၁၂/ဒဂတ(နိုင်) ၀၁၃၅၆၇ ၏ MTSH အစုရှယ်ယာသက်သေခံလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၅၈၆၁၈၃၃၊ ၀၉-၅၁၆၄၉၄၈**

## အများသိစေရန်

ဦးအောင်ကျော်သိန်း (ဘ) ဦးကျော်သိန်း ၁၂/မဂတ(နိုင်)၀၉၁၉၈၈ သို့ ၃-၁၀-၂၀၁၄ ရက်တွင် လွှဲအပ်ခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၇၂၃၁/၁၄)အား ၈-၃-၂၀၁၆ရက်တွင် ဖျက်သိမ်းလိုက်ပါကြောင်း။

**မြေရှင်**
**ဒေါ်တင်တင်ချို ၁၂/သကတ(နိုင်)၁၁၇၆၄၅**

## ကန့်ကွက်နိုင်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့ရပ်ကွက်၊ မြေကွက်အမှတ် ၁၈၁၃ မြေကွက်အား မူလအမည်ပေါက်သူ ဦးထွန်းတင်ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးမောင်ထွေးက အရပ်ကတိစာချုပ်ဖြင့် လက်ရောက်ဝယ်ယူလက်ရှိထားပိုင်ဆိုင်နေထိုင်ခဲ့ပြီးဖြစ်ပါသည်။ ယင်းမြေကွက်အား ကျွန်ုပ်မိတ်ဆွေမှ ၎င်း၏အမည်ပေါက်သည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိန်လှ (ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၅၂၀၁)**
**အမှတ် ၅၅၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၂၅၀၁၆၅၉၈၅၊ ၀၉-၂၆၄၇၉၇၅၉၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ သုဇာတ ၂ လမ်း၊ အမှတ် ၂/၉၆၆၊ အကျယ်အဝန်း (၁၃ပေ×ပေ၆၀)ရှိ ဒါဘာ ငါးလွှာတိုက်ခန်းကို ယခုလက်ဝယ်ပိုင်ဆိုင်သူ ဦးစန်းမျိုးအောင် ၁၂/ဥကမ(နိုင်)၁၉၉၆၁၆ထံမှ ကျွန်မ ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါပြီး ခုနစ်ရက်အတွင်း ကျွန်မထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါ်စိန်ဝင်းမေ**
**၁၁/ပဏတ(နိုင်)၀၀၂၉၂၃**
**ဖုန်း-၀၉-၄၂၁၇၁၃၉၁၉**




ဆွေသဟာ ရဲ့ ၅၅ မိနစ် အခမဲ့ပြော အစီအစဉ်သည်
မိနစ် ၆၀ ဖုန်းခေါ်ဆိုမှုတိုင်းအတွက် ဖြစ်ပြီး အောက်ပါအတိုင်း သတ်မှတ်ထားပါသည်။

- ညနေ (၆) နာရီ နှင့် ည (၁၀) နာရီကြားမှလွဲ၍ ကြိုက်သည့် အချိန်တွင် ဤအစီအစဉ်အား အသုံးပြုနိုင်ပါသည်။
- ဖုန်းတစ်ခါခေါ်တိုင်း တစ်နာရီအတွင်းဆက်တိုက်ပြောဆိုမှုများအတွက် ပထမ (၅) မိနစ်စာအတွက်သာ ကျသင့်မည်ဖြစ်ပြီး နောက်ထပ်(၅၅) မိနစ်ထိ အခမဲ့ပြောဆိုနိုင်ပါသည်။
- မိနစ် ၆၀ ကျော်လွန်သွားပါက ပုံမှန်နှုန်း ၁မိနစ် ၂၃ ကျပ်ဖြစ်ပါသည်။
- ဤအစီအစဉ်သည် MPT ဖုန်းအချင်းချင်းခေါ်ဆိုရန် အတွက်သာဖြစ်ပါသည်။
- ဆွေသဟာကို အခမဲ့စာရင်း ပေးသွင်းဖို့ "SWE" ဟု 1332 သို့ SMS ပေးပို့လိုက်ပါ။

ဤအစီအစဉ်မှာ ၂၀၁၆ ခုနှစ် ဧပြီလ (၁၆) ရက်နေ့အထိ ဖြစ်ပါသည်။

MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်

အသေးစိတ်သိရှိလိုပါက
www.mpt.com.mm mptofficialpage mptofficial

CALL CENTER 106 | free hotline 24 hours everyday

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## ရေနံချေးများလွတ်လပ်စွာဝယ်ယူနိုင်ကြောင်းကြေညာခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ်(၂)ရေနံချက်စက်ရုံ (ချောက်)မှထုတ်လုပ်သော ရေနံချေးများကို တစ်ဂါလန်လျှင် ကျပ် ၂၀၀၀ိ/ (ကျပ်နှစ်ထောင်တိတိ)နှုန်းဖြင့် ရေနံချေး အသုံးပြုလိုသူများအား လွတ်လပ်စွာ ဖြန့်ဖြူးရောင်းချမည်ဖြစ်သဖြင့် စက်ရုံသို့ တိုက်ရိုက်ဆက်သွယ် ငွေပေးသွင်းဝယ်ယူနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၄၁၁၀၉၃ သို့ နေ့စဉ်ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေး
## အခြေခံယာဉ်မောင်းသင်တန်း

ကုန်းလမ်းပို့ဆောင်ရေး အခြေစိုက်အလုပ်ရုံ အမှတ်(၂) ဒဂုံမြောက်မြို့နယ်တွင် အခြေခံယာဉ်မောင်းသင်တန်းအမှတ်စဉ်(၁)ကို ၁၅-၃-၂၀၁၆ ရက်တွင် ဖွင့်လှစ်ပါမည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၇၉၉၈၀၈၆၄၀၊၀၉-၄၂၁၁၂၄၉၆၇၊ အမှတ်(၁-ဈ)၊မြဝတီမင်းကြီးလမ်း၊ (၅၁)ရပ်ကွက်၊ မြောက်ဒဂုံ**

## တင်ဒါခေါ်ယူခြင်း

လွိုင်ခမ်း LOI KHAM — DIAMOND ROSE MINING CO.,LTD

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင် တည်ဆောက်မည့် "လွိုင်ခမ်းအဆင့်မြင့်အိမ်ရာစီမံကိန်း" အဝင်လမ်းအတွက် (၁၀)ကီလိုမီတာ၊ (၆.၂၁)မိုင်အရှည်ရှိ နိုင်လွန်ကတ္တရာလမ်း (ASPHALT-ROAD)အား လုပ်ငန်းအပ်နှံလိုပါသည်။

ဤတင်ဒါကို စိတ်ဝင်စားသူများအနေဖြင့် မိမိတို့၏ လုပ်ငန်းအဆိုပြုလွှာ(Technical Proposal)၊ Company Profile Address ကို ဦးအောင်ကျော်သူထံသို့ စာဖြင့်လည်းကောင်း၊ Emailဖြင့်လည်းကောင်း Company Profile ကို ပေးပို့နိုင်ပါသည်။ တင်ဒါစာချုပ်နှင့်ပတ်သက်၍ အသေးစိတ်စုံစမ်းမေးမြန်းလိုပါက အောက်ပါ Email (သို့) တယ်လီဖုန်းများသို့ အမြန်ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။ တင်ဒါလျှောက်လွှာကို နှစ်ပတ်အတွင်းသာ လက်ခံစဉ်းစားပေးမည်ဖြစ်ပါသည်။

**ဆက်သွယ်နိုင်သည့် Email နှင့် Telephone**
**Email-akthu71 @gmail.com**
**Tel;09-5088806, 09-5079088**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၅၊ နည်းဉပဒေ-၂၀)**
**သံဖြူဇရပ်မြို့နယ်တရားရုံးတော်၌**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၁**

ဒေါ်အေးတင် **နှင့်** ၁။ ဦးတင်စိန်
၂။ ဒေါ်ပန်းလှ
(အတူနေလင်မယား)

**တရားလို** **တရားပြိုင်များ**

သံဖြူဇရပ်မြို့နယ်၊ နှစ်ကိုင်းကျေးရွာ၊ လမ်းမပိုင်းနေ ဒေါ်ပန်းလှ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ချေးငွေ ၇၉၀၀၀၀၀ိ/-(ခုနစ်ဆယ့်ကိုးသိန်းကျပ်)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် မတ် ၁၅ရက် (၁၃၇၇ခုနှစ် တပေါင်းလဆန်း ၇ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်ဝယ်တွင် ထည့်အပ်ပို့ လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် မတ် ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်ကိုယ်တိုင် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လှမျိုးလွင်)**
**မြို့နယ်တရားသူကြီး**
**သံဖြူဇရပ်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းဈေး၊ ဇီဝကဆေးဆိုင်ခန်းအမှတ် ဈ-၁၅အား ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ အင်းလျားရိပ်သာလမ်း၊ အိမ်အမှတ် ၁၂/၃နေ ဦးတင်မောင်မောင်မြတ် ၇/ကတခ(နိုင်)၀၇၅၈၁၁ အမည်ပေါက်ပိုင်ဆိုင်ပြီး နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းဈေး၊ ဇီဝကဆေး ဆိုင်ခန်းအမှတ် ဈ-၁၅၊ ၁၆၊ ကောင်းသစ်ဆေးရုံနေ ဒေါ်စိန်စိန်ဌေး ၁၂/မရက(နိုင်)၀၈၁၀၄၉ အမည်သို့ အခွန်ထမ်းအမည် ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ပစ္စည်းဖြည့်တင်းရေးဌာနခွဲ(HPGE)၊ နေပြည်တော်ရှိ သုံးကုန်ပစ္စည်းဟောင်းများဖြစ်သည့် တာယာ၊ ဘက်ထရီနှင့်နှင့် စက်အရန်ပစ္စည်း(အဟောင်း)များအား အောက်ပါစုရပ်အလိုက် မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင် ရောင်းချမည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | တာယာမျိုးစုံ(အဟောင်း) | (၉၃၉)လုံး (Lot-1) | တီကျစ်စက်ရုံ၊ ပေါင်းလောင်းပင်မစတို |
| (ခ) | ဘက်ထရီမျိုးစုံ(အဟောင်း) | (၈၄၃)လုံး (Lot-2) | တီကျစ်စက်ရုံ၊ ပေါင်းလောင်းပင်မစတို |
| (ဃ) | စက်အရန်ပစ္စည်းများ(အဟောင်း) | (၅)မျိုး (Lot-3) | တီကျစ်စက်ရုံ |

၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၂၂-၃-၂၀၁၆ ရက်(အင်္ဂါနေ့)၊ ၁၂း၀၀နာရီ

၃။ တင်ဒါပုံစံများကို သတင်းစာ၌ ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ဖော်ပြပါဌာန၊ ဖုန်းသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လေလံထုခွဲရောင်းချရေးကော်မတီအဖွဲ့**
**ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၂၇၉**

## ယဉ်ကျေးမှုဝန်ကြီးဌာန
## အနုပညာဦးစီးဌာန
## အနုပညာအထက်တန်းကျောင်းများအတွက်
## သင်တန်းသားသစ်ခေါ်ယူခြင်း

၁။ ရန်ကုန်မြို့နှင့် မန္တလေးမြို့များရှိ အနုပညာအထက်တန်းကျောင်းများတွင် (ပထမနှစ်) ပန်တျာနှင့် ပန်းချီပန်းပုသင်တန်းသို့ တက်ရောက်ရန်အတွက်လျှောက်လွှာများ ခေါ်ယူလျက်ရှိပါသည်။

၂။ အခြေခံပညာအလယ်တန်း (သတ္တမတန်း) အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ပြီး ဂီတ၊ သဘင်၊ ပန်းချီပန်းပုပညာရပ်များဖြင့် အခြေခံပညာ(အဋ္ဌမတန်း၊ နဝမတန်းနှင့် တက္ကသိုလ်ဝင်တန်း) စာပေပညာများကို ပူးတွဲသင်ကြားခွင့်ရရှိမည်ဖြစ်ပါသည်။

၃။ လျှောက်ထားလိုသူများသည် အနုပညာဦးစီးဌာနနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများတွင် စုံစမ်းမေးမြန်း၍ ၂၉-၄-၂၀၁၆ရက် နောက်ဆုံးထားလျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန်လိပ်စာများ-**

| | | |
|---|---|---|
| ၁။ | **အနုပညာဦးစီးဌာန၊ စီမံရေးရာဌာနခွဲ ရုံးအမှတ် ၃၅၊ နေပြည်တော်** | ဖုန်း-၀၆၇-၄၀၈၀၃၇ |
| ၂။ | **အနုပညာဦးစီးဌာန၊ လေ့ကျင့်ရေးနှင့်သုတေသနဌာနခွဲ ရုံးအမှတ် ၃၅၊ နေပြည်တော်** | ဖုန်း-၀၆၇-၄၀၈၄၄၃ |
| ၃။ | **အနုပညာအထက်တန်းကျောင်း (ရန်ကုန်) အမှတ် ၁၃၁၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့** | ဖုန်း-၀၁-၅၅၅၆၄၂ |
| ၄။ | **အနုပညာအထက်တန်းကျောင်း(မန္တလေး) ၂၀×၂၁လမ်းကြား၊ ၆၆လမ်း၊ နန်းရှေ့၊ မန္တလေးမြို့** | ဖုန်း-၀၂-၆၁၁၆၉ |

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန
## ၂၂/၂၀၁၅-၂၀၁၆ ကြိမ်မြောက် စက်မှုကုန်ကြမ်း သစ်လုံး/ခွဲသား
## ဈေးပြိုင်လေလံကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း သစ်လုံး/သစ်ခွဲသားများကို အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၂၁-၃-၂၀၁၆မှ ၂၂-၃-၂၀၁၆ထိ } ၀၉း၃၀ နာရီမှ ၁၆း၃၀ နာရီအထိ

(ခ) **ရောင်းချမည့်အမျိုးအစားနှင့်တန်** - ကျွန်းသစ်လုံး(၃၁၇၂)တန်ခန့်၊ သစ်မာသစ်လုံး(၂၉၆၂၅)တန်ခန့်၊ ကျွန်းခွဲသား(၁၄၄)တန်ခန့်၊ သစ်မာခွဲသား(၅၇၇)တန်ခန့်၊

(ဂ) **ရောင်းချမည့်နေရာ** - မြန်မာ့သစ်လုပ်ငန်း၊ ကြို့ကုန်းသစ်တောဝင်း၊ တော်ဝင်ခန်းမ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

၂။ သစ်လုံးဈေးပြိုင်လေလံနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-site ဖြစ်သော www.myanmatimber. com.mm တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်း-၀၁-၃၇၂၄၂၃၊ ၀၁- ၃၇၂၀၂၃၊၀၁-၃၇၂၆၈၈၊ ၀၂-၇၀၃၇၁ တို့တွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်လေလံကျင်းပရေးကော်မတီ**
**ပြည်တွင်းရောင်း/စက်**

## ပြင်ဦးလွင်မြို့ပေါ် တိုက်ခန်းရောင်းမည်၊ နာရီစင်အနီး

၁။ ၃၇လမ်း (ပေ၂၀×ပေ၄၀) မြေညီဝမ်းဆက် ၂လွှာ ကြွေပြားခင်း+ကပ် ပြင်ဆင်ပြီး၊ သိန်း ၇၇၀။

၂။ ဗိုလ်ချုပ်လမ်း (၂၃ပေ×၅၃ပေ) တတိယထပ် ပြင်ဆင်ထား သိန်း၃၉၀။ **(အကျိုးဆောင် ၂ရာခိုင်နှုန်း)**

**ဖုန်း-၀၉-၄၇၁၂၉၁၅၉၊ ၀၉-၉၆၀၀၃၃၃၆၄**

## လားရှိုးမြို့ပေါ် တိုက်နှင့်မြေ
## အလွန်တန်သောဈေးဖြင့် ရောင်းမည်

လားရှိုးမြို့ ရပ်ကွက်(၆) ရွှေသံလွင်လမ်း၊ အလက(၂)ရှေ့ (၄၂ပေ×၁၄၀ပေ) ဂရန်မြေပေါ် (ပေ၂၀×ပေ၄၀) တစ်ထပ်တိုက် R.C ပါ။ သိန်း ၂၅၀၀

**(အကျိုးဆောင် ၂ရာခိုင်နှုန်း)**
**ဖုန်း-၀၉-၄၇၁၂၉၁၅၉၊ ၀၉-၉၆၀၀၃၃၃၆၄**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၅၊ နည်းဉပဒေ-၂၀(၁)**
**ငဖဲမြို့နယ်တရားမရုံး၌**
**၂၀၁၆ခုနှစ် တရားမကြီးအမှုအမှတ်-၅**

စိုးစန္ဒာဝင်း **နှင့်** မောင်လှိုင်းကို

**တရားလို** **တရားပြိုင်**

ငဖဲမြို့၊ မြို့မရဲစခန်းနေ မောင်လှိုင်းကို (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် မတ် ၂၄ရက် (၁၃၇၇ခုနှစ် တပေါင်းလပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် မတ် ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးပေးလိုက်သည်။

**(စုစုလှိုင်)**
**မြို့နယ်တရားသူကြီး**
**ငဖဲမြို့နယ်တရားရုံး**

## ပျောက်ဆုံးခြင်း

ကျွန်တော် ဝင်းဆန်းဦး (ဘ)ဦးသန်းဖေ ၇/ရတန(နိုင်)၁၁၁၁၆၆၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဝင်းဆန်းဦး**
**ဖုန်း-၀၉-၄၂၂၄၇၄၇၉၁**

## ပျောက်ဆုံးခြင်း

ကျွန်တော် ဇော်ဝင်းနိုင် (ဘ)ဦးစိန်ဝင်း ၁၁/ရဗန(နိုင်)၀၀၂၄၆၃၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဇော်ဝင်းနိုင်**
**ဖုန်း-၀၉-၇၉၇၈၉၀၅၀၄**

## မြေဂရန်ပျောက်ဆုံးကြောင်း

ဦးဒူဝါခေါင်ဂျေ ၁၃/လရန(နိုင်)၀၅၁၈၄၅ အမည်ပေါက်ပိုင်ဆိုင်သည့် လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ အကွက်အမှတ်(မန်ဆူတိုးချဲ့) ဦးပိုင်အမှတ်(၅၂+၅၃)၊မြေချိန်ဧရိယာ ၀ ဒသမ ၁၉၂ဧက၏ မူရင်းမြေဂရန်ပျောက်ဆုံးနေပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများသည် ခိုင်လုံသောသက်သေအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။ **ဦးဒူဝါခေါင်ဂျေ ၁၃/လရန(နိုင်)၀၅၁၈၄၅**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၅၊ နည်း-၂၀)**
**မော်လမြိုင်ကျွန်းမြို့နယ်တရားရုံးတော်၌**
**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၂၂**

ဦးညွန့်ဝင်း **နှင့်** ၁။ မမြင့်မြင့်မော်
၂။ ကိုဘိုဘို

**တရားလို** **တရားပြိုင်များ**

မော်လမြိုင်ကျွန်းမြို့နယ်၊ ရောက်ချောင်းကျေးရွာအုပ်စု၊ စိန်ပန်းကျေးရွာနေ (၂)တရားပြိုင်ဖြစ်သော ကိုဘိုဘို (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးညွန့်ဝင်းက "လယ်ခပေါ်ဆန်စပါး ၄၂၀တင်း သို့မဟုတ်၄င်းနှင့်တန်ဖိုးညီမျှသော ကာလပေါက်ဈေးငွေ ၂၉၄၀၀၀ိ/-ရလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် မတ် ၁၇ရက် (၁၃၇၇ခုနှစ် တပေါင်း လဆန်း ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် မတ် ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သက်ထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**မော်လမြိုင်ကျွန်းမြို့နယ်တရားရုံး**

**အထူးဝမ်းနည်းကြေကွဲခြင်း**

## သီရိပျံချီ ဗိုလ်ချုပ်တင်ငွေ (ငြိမ်း)

**အလုပ်သမားဝန်ကြီး(ငြိမ်း)**

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ သစ်ရာပင်လမ်း၊ အမှတ် ၁၁ဝနေ ဒေါ်လှလှသိန်း၏ခင်ပွန်း၊ ဦးမြင့်သူရ၊ ညွှန်ကြားရေးမှူး၊ ကုန်သွယ်ရေး ဦးစီးဌာနတို့၏ဖခင် ဗိုလ်ချုပ်တင်ငွေသည် ၅-၃-၂၀၁၆ရက် ညနေ ၃း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်မြင့်မြင့်သန်း**
**ဝန်ထမ်းမိသားစု**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးမောင်မောင် (အထွေထွေမန်နေဂျာ၊ ငြိမ်း)

**မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)**

**အသက်(၈၆)နှစ်**

ဘားအံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဒေါ်မြမြအေး၏ ချစ်လှစွာသောဖခင်ကြီး ဦးမောင်မောင် (အထွေထွေမန်နေဂျာ၊ ငြိမ်း၊ မြန်မာ့စီးပွားရေးဘဏ်၊ ရုံးချုပ်) အသက်(၈၆)နှစ်သည် ၈-၃-၂၀၁၆ ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သတ္တဗေဒမိသားစု၊ ဘားအံတက္ကသိုလ်**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်နော်မြစိန် အသက်(၆၃)နှစ်

**သူနာပြုအုပ်(ငြိမ်း)**

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်ရွာမနေ (ဦးပန်းညွှန့်-ဒေါ်နန်း)တို့၏သမီး၊ ဉူးစန္ဒိမာ (ဘွဲကလားကျောင်းတိုက်၊ ထိုင်းနိုင်ငံ) တို့၏ရဟန်းမယ်တော်ကြီး၊ ဦးစောအယ်ဂလဲ-ဒေါ်နော်ခင်ညိုညို(M/W-ငြိမ်း)၊ ဒေါ်နော်ခင်နန်းညွှန့် (လယ်/အုပ်၊ ငြိမ်း)၊ ဦးစောမြင့်သိန်း (ကျန်းမာရေးကြီးကြပ်-၂)-ဒေါ်နော်တင်တင်ထွေး၊ ဒေါ်နော်မြမြသွင်(အထက်တန်းပြ၊ ပိန်းဇလုပ်)၊ ဉူးနန္ဒမာလာ(ပိန်းဇလုပ်ရွာမကျောင်းတိုက်)၊ စောညာဏ်ထွန်းတို့၏အစ်မ၊ တူ/တူမ ခြောက်ယောက်တို့၏အမိုးကြီးသည် ၁၀-၃-၂၀၁၆ရက်(ကြာသပတေးနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၃-၂၀၁၆ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးစိုးမြင့်(သုံးဆယ်မြို့) အသက်(၆၂)နှစ်

**SUMMIT GOAL Co.,Ltd., SUCHIT SUMITR Co.,Ltd.**
**(Managing Director)**

ရန်ကုန်မြို့နေ ဒေါ်ခင်မေရီ (Suchit Sumitr Co.,Ltd)၏ချစ်လှစွာသောခင်ပွန်း၊ မောင်ဝေယံယံမြင့်(Summit Goal Co.,Ltd) မစိုးစံဒရီမြင့်(Clover Cosmetic Co.,Ltd)တို့၏ချစ်လှစွာသောဖခင် ဦးစိုးမြင့်သည် ၉-၃-၂၀၁၆ ရက် နံနက် ၄း၁၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်ဝင်းဟန်-ဒေါ်တင်တင်ဟန် မိသားတစ်စု**
**SU SHWE YI Co.,Ltd.**
**သိမ်းငှက်သုံးကောင်အာမခံစိန်ရွှေရတနာဆိုင်**

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးစိုးမြင့်(သုံးဆယ်မြို့) အသက်(၆၂)နှစ်

**SUMMIT GOAL Co.,Ltd., SUCHIT SUMITR Co.,Ltd.**
**(Managing Director)**

ရန်ကုန်မြို့နေ ဒေါ်ခင်မေရီ(Suchit Sumitr Co.,Ltd)၏ချစ်လှစွာသောခင်ပွန်း၊ မောင်ဝေယံယံမြင့်(Summit Goal Co.,Ltd) မစိုးစံဒရီမြင့်(Clover Cosmetic CO.,Ltd)တို့၏ချစ်လှစွာသောဖခင် ဦးစိုးမြင့်သည် ၉-၃-၂၀၁၆ ရက် နံနက် ၄း၁၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်ဝင်းထွန်း-ဒေါ်မီမီဇွန် မိသားတစ်စု**
**Nine Plus Fashion Shop**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးမြင့်မောင်

**(မြို့ပြအင်ဂျင်နီယာ)**

**အသက်(၅၈)နှစ်**

ရမည်းသင်းမြို့၊ ဝါးတိုးအနောက်ရပ်နေ ဦးမင်းရှင်(စက်ဗိုလ်ကြီး၊ ငြိမ်း)-ဒေါ်ကြိုင်တို့၏သား၊ နေပြည်တော်နေ ဒုတိယဗိုလ်မှူးကြီးမြင့်အောင်(ငြိမ်း) (ဒုတိယညွှန်ကြားရေးမှူးချုပ်)-ဒေါ်လှလှမြင့်တို့၏ညီ၊ မဝင့်သဥ္ဇာမောင်(JE-3 ပြည်နယ်စည်ပင်)၏ချစ်လှစွာသောဖခင်၊ ဒေါ်စန်းစန်း (E-Head တိုင်း-၁၊ မြန်မာ့မီးရထား)၏ချစ်လှစွာသောခင်ပွန်းသည် ၆-၃-၂၀၁၆ရက် နံနက် ၀၀း၂၅ နာရီတွင် ကွယ်လွန်သွားပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၃-၂၀၁၆ ရက်တွင် ရက်လည်ဆွမ်းကျွေးပြီးဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှမိတ်ဆွေအပေါင်းအားအကြောင်းကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်သီတာဦး(ကျောက်တန်း)

**အသက်(၄၉)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နေ (ဦးစံညွှန့်-ဒေါ်ဝါနု)တို့၏မြေး၊ ဦးမောင်ဝင်း-(ဒေါ်တင်အေး)တို့၏သမီး၊ (ဦးမြင့်ဦး)-ဒေါ်စန်းစန်း၊ ဦးတင်ဦး - ဒေါက်တာဒေါ်ခိုင်စံဝေ၊ ဦးဝင်းဦး-ဒေါ်ချိုချို၊ ဦးခင်ဦး-ဒေါ်စန်းစန်းငွေးတို့၏ညီမ၊ဦးဇော်နိုင်ထွန်း-ဒေါ်သန္တာဦးတို့၏အစ်မ၊ တူ/တူမ ၁၃ ယောက်တို့၏အဒေါ်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၉-၃-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) ည ၈း၄၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၆ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ကျောက်တန်းမြို့၊ ဆင်ကန်ရပ်ကွက်နေ ဦးဇော်နိုင်ထွန်း-ဒေါ်သန္တာဦးတို့၏နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးမြတ်ကိုကို (ညောင်ဦး)

**အသက်(၄၈)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့၊ မြို့မကွက်သစ်ရပ်၊ မြို့နယ်သ/မဝင်းနေ ဦးဝင်းမောင်-ဒေါ်ငွေငွေမြင့်တို့၏သား၊ ဒေါ်အေးအေးပြုံး(မန်နေဂျာ၊ သ/မအသင်းစု၊ ညောင်ဦးမြို့နယ်)၏မောင်၊ ဦးအောင်ကိုနိုင်-ဒေါ်ငွေငွေတို့၏ညီ၊ (ဦးလတ်ကိုကို)၏ညီ၊ ဦးရဲထွန်းနောင်-ဒေါ်မူမူနွယ်တို့၏အစ်ကို၊ ကိုချမ်းချမ်း-မဇင်မာမျိုး၊ ကိုရဲမင်းသက်-မငုဝါပြုံး၊ ကိုခန့်စည်သူဟိန်း၊ မောင်အောင်မင်းခန့်ကို၊ မောင်ဇေယျာထွန်း၊ မောင်ထက်အောင်ရှိုင်းတို့၏ဦးလေး၊ မောင်စစ်သူရထွဋ်၊ မောင်ထွဋ်အောင်လင်းတို့၏ ဘကြီးသည် ၉-၃-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၁၆ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ညောင်ဦးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးဖိုးရ

**အသက်(၁၀၂)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ နတ်သံကွင်းရွာနေ (ဒေါ်မြခင်)၏ချစ်လှစွာသောခင်ပွန်း၊ ကျောက်ကြီးမြို့နေ ဦးဉာဏ်ဆွေဝင်း-ဒေါ်ဖြူဖြူမြင့်၊ သန်လျင်မြို့နေ ဦးမြင့်ခိုင်(ဦးစီးအရာရှိ၊ ဘဓရ၊ ငြိမ်း)-ဒေါ်တီခင်၊ နတ်သံကွင်းနေ ဦးဝင်းမြင့်(မြို့နယ်ပညာရေးမှူး၊ ငြိမ်း)-ဒေါ်အေးအေးသန်း(လယ်/အုပ်)၊ နေပြည်တော်နေ ဗိုလ်မှူးကြီးခင်ဇော်(ကာကွယ်ရေးဝန်ကြီးဌာန)-ဒေါက်တာကြူကြူအေး၊ နတ်သံကွင်းနေ ဦးဝင်းနိုင်-ဒေါ်တင်တင်အေး (ဖူးပွင့်ငုံ ပညာရိပ်မြုံ)တို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်ခြောက်ယောက်တို့၏ဘိုးဘိုးကြီးသည် ၉-၃-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) ည ၇း၄၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် နတ်သံကွင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။[ကွယ်လွန်သူအားရည်စူး၍ ၁၅-၃-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၈နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်အေးမြင့်(ပဒန်ရေကျော်၊ တွံတေးမြို့နယ်) အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၃လမ်း၊ အမှတ်၅၅နေ ပွဲစားကြီး(ဦးဇင်-ဒေါ်သဲဝါ)၏သမီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ဆင်ဖြူကျေးရွာနေ(ဦးဘိုးရွှေ-ဒေါ်ဖွားစိန်)တို့၏ချွေးမ၊ [ဦးဘဆွေ၊ ကုန်သွယ်ရေး(၈) စက္ကူစာတ်ပုံ]၏ဇနီး၊ ဦးမိုးကျော်ကျော်(ကုန်သည်)-ဒေါ်စန်းစန်းဝင်း၊ ဦးတင့်လွင်-ဒေါ်တင်နွဲ့ရီ(ရွှေမြန်မာမိုတယ်၊ ညောင်ဦး)၊ ရဲမှူးဦးမင်းသိန်း (မော်လမြိုင်ကျွန်းမြို့နယ်၊ ရဲတပ်ဖွဲ့မှူး)-ဒေါ်ခင်ခင်စိုး(ငြိမ်း၊ အထက-၃၊ တာမွေ)၊ ဒေါ်မြင့်မြင့်ထွေး(အထက-၁၊ လသာ)၊ ဦးဝင်းနိုင်(Family Mini Mart)၊ ဒေါ်သက်သက်ဆွေ၊ ဦးသက်နိုင်-ဒေါ်အေးအေးနွယ် (ဒုလက်ထောက်၊ အင်ဂျင်နီယာ၊ သာကေတ၊ EPC)၊ ဒေါ်နှင်းယုဆွေတို့၏ချစ်လှစွာသောမိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၉-၃-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ည ၈း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၆ရက်(သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၁၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်တင်မြ (ပြည်)

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၈)ရပ်ကွက်၊ ရတနာပန်းခြံ(၃)၊ အမှတ် ၂၈၇နေ (ဦးတင်အောင်)၏ဇနီး၊ ဒေါ်မြမြအေး၊ ဦးဝင်းနိုင်(ရထားထိန်း-အထူး၊ မြန်မာ့မီးရထား)-ဒေါ်တင်တင်ခိုင်၊ ဦးခင်ဇော်(လ/ထညွှန်မှူး၊ ဘဏ္ဍာရေး၊ လွှတ်တော်နှင့်အိမ်တော်၊ ပြင်/ထိန်းအဖွဲ့၊ နေပြည်တော်၊ မြို့/ရွာဦးစီးဌာန)-ဒေါ်လှလှအေး(ခ)ဒေါ်စုစုမာ(ဆည်မြောင်း၊ ဘူမိဗေဒဌာနခွဲ၊ ရန်ကုန်)၊ ဦးချိုချို(ရထားထိန်း-အထူး)-ဒေါ်ခင်လေး၊ ဦးစောလှသိန်း-ဒေါ်သီတာ၊ ဒေါ်သီဂီဆွေတို့၏မိခင်၊ မြေး ၁၃ယောက်တို့၏အဘွားသည် ၉-၃-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၃-၂၀၁၆ရက် မွန်းတည့် ၁၂ နာရီတွင် ရွှေပြည်သာမြို့နယ်၊ ညရပ်ကွက်၊ ကျူရှောင်အအေးတိုက်မှ ကျူရှောင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁း၁၅နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၅-၃-၂၀၁၆ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးထွန်းနိုင်(ခ) ALAN

**(ကလော)**

**B.E (Civil)**

**မင်္ဂလာတောင်ညွှန့်မြို့နယ်**

**အင်ဂျင်နီယာ(ငြိမ်း)**

**အသက်(၇၇)နှစ်**

ကလောမြို့၊နတ်စင်လမ်းနေ(ဦးကျန်ရိတ်-ဒေါ်ငွေး)တို့၏သား၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊(၁)ရပ်ကွက်၊ ခိုင်ရွှေဝါလမ်းသွယ်၊ အမှတ် ၂၉နေ (ဦးမောင်မောင် - ဒေါ်ခင်ကြည်)တို့၏ သားသမက်၊ ဒေါ်စိန်စိန်မေ (အထက-၂၊ လှိုင်၊ အထက်တန်းပြဆရာမ၊ ငြိမ်း)၏မောင်၊[ဦးမြင့်လွင်(ခ)ဦးပီတာ(အင်ဂျင်နီယာချုပ်၊ တံတား၊ ငြိမ်း)]-ဒေါ်ထားထားမြင့် (အင်ဂျင်နီယာမှူး၊ မြို့ပြ၊ ငြိမ်း)တို့၏အစ်ကို၊ ဒေါ်ခင်အေးကြည် (စာရင်းစစ်ချုပ်ရုံး)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးနေညီညီလင်း-မခိုင်သဇင်ထွန်းတို့၏ဖခင်၊ မစန္ဒီနေခိုင်၏အဘိုးသည်၁၀-၃-၂၀၁၆ရက်(ကြာသပတေးနေ့)နံနက် ၄နာရီတွင် သုခကမ္ဘာဆေးရုံ၌ကွယ်လွန်သွားပါ၍ ၁၂-၃-၂၀၁၆ရက်(စနေနေ့)နံနက်၁၁နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

## ဒေါ်ရှယ်လီ(ခ)

**အမီနာ D Rawat**

**ရုံးအုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့်**

**ပြည်သူ့အင်အားဦးစီးဌာန**

**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ ၂၉လမ်းနေ[ဟာဂျီဦးဒါဝတ် Rawat - ဒေါ်အိုင်ရှာဘီ(ခ)ဒေါ်လှမေ]တို့၏သမီး၊ ပန်းတောင်းမြို့နေ (ဦးဘသော်-ဒေါ်လှ)တို့၏သမီးချွေးမ၊ [ဟာဂျီ ဂူလာမ်ဟူဆင် D Rawat-ဟာဂျီမ ဟာဂျရာလာလာ(ခ)ဒေါ်အုန်းရီ]၊ အင်္ဂလန်နိုင်ငံနေ (ဦးရာကွက် D Rawat)တို့၏ညီမ၊ အင်္ဂလန်နိုင်ငံနေ မာမွတ် D Rawat (ခ) ဦးဝင်းဖေ-ဒေါ်နွဲ့နွဲ့သန်းတို့၏အစ်မ၊ ရန်ကုန်မြို့၊ လမ်း ၁၄၀၊ အမှတ် ၄၁၊ လေးလွှာနေ ဦးလှဝင်း (လက်ထောက်ကထိက၊ ရူပဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်၊ ငြိမ်း)၏ ချစ်လှစွာသောဇနီးသည် ၂၆-၂-၂၀၁၆ ရက် (သောကြာနေ့) ည ၉း၂၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ၂၇-၂-၂၀၁၆ရက်ဇဟိုရ်နမာဇ်အပြီးတွင် ရေဝေးစွန်နီကဘာစရ်စတန်၌ ဒါဖွာနာပြုလုပ်ပြီး ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအောင်ဝင်း(ခ)ဦးအဆေး

**အသက်(၆၄)နှစ်**

လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ လှိုင်မြင်းမိုရ်အိမ်ရာ၊ လှိုင်မြင်းမိုရ်လမ်းမကြီး၊ တိုက် ၅၊ အခန်း ၆နေ (ဒေါ်တင်တင်အေး)၏ခင်ပွန်း၊ မောင်အောင်အောင်-မစန္ဒာဝင်း၊ မောင်ကျော်စွာဝင်း-မအိမာ၊ မခင်စန္ဒာမိုးတို့၏ဖခင်၊ မောင်ကောင်းစည်သူ၊ မဟန်နွေညိမ်း၊ မောင်ဇေယျာခန့်၊ မောင်ကြယ်စင်ခတို့၏အဘိုးသည် ၁၀-၃-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၁၆ ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်အေးဝင်း(Patricia)

**အသက်(၅၉)နှစ်**

မန္တလေးမြို့၊ မျက်ပါးရပ်၊ လူပုံတံဆိပ် ရွှေဆိုင်းကုန်သည် ဦးသိန်း-ဒေါ်လှသင်းတို့၏သမီး၊ ဒေါ်တင်မာနွယ်(လ/ထကထိက၊ငြိမ်း)၊ဦးပညာနန္ဒ (စစ်ကိုင်းအထက်သုံးခွ)၊ (ဦးအေးကြူ)-ဒေါ်တင်တင်ထွေး၊ ဦးနေဝင်း (လ/ထအထွေထွေမန်နေဂျာ၊သစ်ထုတ်ရေး) - ဒေါ်ခင်စောဝင်း (ရွှေစပယ်တံဆိပ် ရွှေဆိုင်း)၊ (ဦးပညာစာရ၊ ဆီဆုံတောင်ကျောင်း) - ဒေါ်ခင်ခင်ရွှေ၊ ဦးစောမြင့် - ဒေါ်ကြည်ကြည်ဝင်း (ကြိုးစ္စိတံ ရွှေဆိုင်း)၊ (ဦးညီညီထွေး)-ဒေါ်မြမြ(ဒုတိယချစ်သူစာပေ)၊ ဒေါ်ခင်ဆွေဝင်း(အထက-၁၄)တို့၏ ညီမ၊ ဦးအောင်နိုင်မြင့်၊ ဒေါ်ဝေလွင်လွင်ဝင်း (အလက-၂)၊ ဒေါ်ပြုံးပပဝင်း (လူပုံတံဆိပ်ရွှေဆိုင်း)တို့၏အစ်မ၊ တူ၊ တူမ ၁၅ယောက်တို့၏အဒေါ်၊ မြေး ၁၅ ယောက်တို့၏အဘွားသည် ၉-၃-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် တောင်အင်း မြောက်အင်း သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဆရာမကြီး ဒေါ်ခင်မြင့်

**(ဒေးဒရဲ)**

**အသက်(၉၇)နှစ်**

ဒေးဒရဲမြို့နေ (ဆရာကြီးဦးဘရှိန်-ဒေါ်အုံး)တို့၏သမီး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မေတ္တာ ၆လမ်း၊ အမှတ် ၃၀၁နေ[ဦးထင်ကျော်(တိုင်းသ/မဌာနခွဲမှူး)]၏ဇနီး၊ တရားလွှတ်တော်ရှေ့နေ ဦးခင်မောင်တင့် (ပြန်ကြားရေးအရာရှိ၊ ငြိမ်း)၊ ဦးခင်မောင်မြင့် (ဒုညွှန်မှူး၊ ဗဟိုစာရင်းအင်း) - [ဒေါ်ကင်ပု(လ/ထ ညွှန်မှူး၊ စီမံကိန်း)]၊ ဒေါ်ရင်ရင်သန်း(ဌာနခွဲမှူး၊ ငြိမ်း၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)၊ ဦးစံမောင်ဦး - ဒေါ်ခင်အေးကြွယ် (ဒေးဒရဲ)၊ ဦးမျိုးလွင် - [ဒေါ်ရင်ရင်သောင်း (ဌာနခွဲမှူး၊ တိုင်းရင်းသားဖွံ့ဖြိုးရေးဒီဂရီကောလိပ်)]၊[ဦးအုံးကြည် (အရာခံဗိုလ်၊ ရေ)] - ဒေါ်လှလှအေး (ရန်ကုန်ပညာရေးတက္ကသိုလ်)၊ ဦးမျိုးညွှန့်-ဒေါ်ကြူကြူဝင်းတို့၏မိခင်၊မြေးရှစ်ယောက်၊ မြစ်သုံးယောက်တို့၏ အဘွားသည် ၁၀-၃-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၁၆ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးသာဦး (စနဲ၊ မြေပုံ)

**အသက်(၉၆)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်ရပ်ကွက်၊ မေယုလမ်း၊ အမှတ် ၁၁နေ ဦးသိန်းဖေ-ဒေါ်တင်တင်မေ၊ (ဦးတင်မြင့်)-ဒေါ်ခင်မြရီ၊ ဦးစောအောင်-ဒေါ်တင်တင်ရီ၊ ဦးကျော်လင်း-(ဒေါ်တင်တင်ထွေး)တို့၏ဖခင်၊ မြေး ၁၀၊ မြစ်ခြောက်ယောက်တို့၏အဘိုးရှင်၊ ဒေါ်ပုမေ၏ ခင်ပွန်းသည် ၁၀-၃-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၁၆ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၃-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးသာဦး (စနဲ၊ မြေပုံ)

**အသက်(၉၆)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်ရပ်ကွက်၊ မေယုလမ်း၊ အမှတ် ၁၁နေ ဦးသိန်းဖေ-ဒေါ်တင်တင်မေ၊ (ဦးတင်မြင့်)-ဒေါ်ခင်မြရီ၊ ဦးစောအောင်-ဒေါ်တင်တင်ရီ၊ ဦးကျော်လင်း-(ဒေါ်တင်တင်ထွေး)တို့၏ဖခင်၊ မြေး ၁၀၊ မြစ်ခြောက်ယောက်တို့၏အဘိုးရှင်၊ ဒေါ်ပုမေ၏ ခင်ပွန်းသည် ၁၀-၃-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၁၆ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) မြေပုံမြို့နယ်အသင်း(ရန်ကုန်)

**သုံးဆယ်မြို့အသင်း(ရန်ကုန်)**

**ဂုဏ်ထူးဆောင်အသင်းဝင်**

## ဦးစိုးမြင့်

**SUMMIT GOAL Co.,Ltd., SUCHIT SUMITR Co.,Ltd.**
**MANAGING DIRECTOR**

**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ လှိုင်သာယာစက်မှုဇုန် (၁)၊ပန်းလှိုင်ဂေါက်ကွင်းလမ်း၊ အမှတ် (၁၅/ခ)နေ ဒေါ်ခင်မေရီ (Suchit Sumitr Co.,Ltd)၏ချစ်လှစွာသောခင်ပွန်းသည် ၉-၃-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နံနက် မြန်မာစံတော်ချိန် ၄း၁၅ နာရီတွင် ဘန်ကောက်မြို့၊ ဘန်ကောက်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။) [အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။]

အမှုဆောင်အဖွဲ့

## ဒေါက်တာဦးမောင်မောင်

**သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး(ငြိမ်း)**

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့နေ (ဦးကျင်စိုင်-ဒေါ်သင်မြ)တို့၏သား၊ (ဦးနီ-ဒေါ်တင်ရီ)တို့၏သားသမက်၊ အမေရိကန်နိုင်ငံ Ellicott City, Maryland နေ ဒေါက်တာချိုချိုမြင့်၏ခင်ပွန်း၊ ဒေါက်တာဉာဏ်ထွဋ်-ဒေါက်တာခင်ရူပဝတီမောင်၊ ဦးဇော်မျိုးမောင်-ဒေါ်သန္တီကြွယ် (Mckinney, Texas)တို့၏ဖခင်၊ မအဥ္ဇလီထွဋ်၊ နေခြည်ထွဋ်၊ Ryan ဇာနည်ထွဋ်တို့၏အဘိုးသည် ၆-၃-၂၀၁၆ရက်တွင် အမေရိကန်နိုင်ငံ Ellicott City, Maryland နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၁၆ရက်တွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးစိုးမြင့်(သုံးဆယ်မြို့) အသက်(၆၂)နှစ်

**SUMMIT GOAL Co.,Ltd., SUCHIT SUMITR Co.,Ltd.**
**(Managing Director)**

သုံးဆယ်မြို့၊ အနောက်လက်ပံခုန်ရပ်ကွက်၊ လမ်းမတော်လမ်းနေ(ဦးဟတ်လျောင်)-ဒေါ်မြတို့၏သား၊ မော်လမြိုင်မြို့နေ (ဦးပါ)-ဒေါ်ကျင်ထွေးတို့၏သားသမက်၊ ရန်ကုန်မြို့၊ လှိုင်သာယာစက်မှုဇုန်(၁)၊ ပန်းလှိုင်ဂေါက်ကွင်းလမ်း၊ အမှတ် (၁၅/ခ)နေ ဒေါ်ခင်မေရီ(Suchit Sumitr Co.,Ltd)၏ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်စိုး-ဒေါ်မြင့်မြင့်ကြည်(Star Light Co.,Ltd.)၊ ဦးစွမ်-ဒေါ်ကျင်အေး(သာယာဝတီ Trading)၊ ဦးအောင်ရွှေ-ဒေါ်တင်လွမ်(ထွန်းတောက်နိုင် Co.,Ltd)၊ ဦးကြည်ဝင်း-ဒေါ်ရီရီလွင်(ရတနာဇေယျာ Co., Ltd)တို့၏ညီ/မောင်၊ ဦးကြည်လွင်-ဒေါ်စန်းစန်းကြည်(Royal Red Rose Co.,Ltd)၊ ဦးခင်ဝင်း-ဒေါ်နုနုစန်း(အောင်စကြာ Co.,Ltd)တို့၏အစ်ကို၊ မောင်ဝေယံယံမြင့် (Summit Goal Co.,Ltd)၊ မစိုးစံဒရီမြင့်(Clover Cosmetic Co.,Ltd) တို့၏ချစ်လှစွာသောဖခင်သည် ၉-၃-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် မြန်မာစံတော်ချိန် ၄း၁၅နာရီတွင် ဘန်ကောက်မြို့၊ ဘန်ကောက်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၃-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးထွန်းကြည် (တိုက်ကြီးမြို့)

**ကုန်သွယ်/လယ်ယာ(ငြိမ်း)**

**အသက်(၇၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်နေ (ဦးကြောင်-ဒေါ်သောင်းစိန်)တို့၏သား၊ (ဦးလှိုင်မောင်-ဒေါ်လှကြည်)တို့၏သားသမက်၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ငါးထပ်ကြီးဘုရားလမ်း၊ အမှတ် ၁၅၊ ကာဝတ်ဂျီအိမ်ရာနေ ဒေါ်ခင်သန်းရီ၏ခင်ပွန်း၊ ဒေါက်တာအေးအေးထွန်း၊ ကိုအောင်ဇော်စိုး - မသင်းသင်းထွန်း(ဗဟန်းမြို့နယ်စာရင်းရုံး)၊ကိုအောင်စိုးမိုး(စီးပွား/ကူးသန်း)-မနီလာထွန်း (အမှတ်-၁၊ ဆေး၀ါးစက်ရုံ)၊ ကိုသန်းလင်းထွန်း (MCS)-မနှင်းပွင့်ဖြူ၊ ဗိုလ်မှူး/ဗိုလ်ကြီးခိုင်ဇော်ထွန်းတို့၏ဖခင်၊ မောင်ကောင်းဇာနည်စိုးမိုး၊ မခိုင်သစ္စာလင်းလက်ထွန်း၊ မောင်လင်းသန့်ထင် @ Yan Koe တို့၏ ဘိုးဘိုးကြီးသည် ၁၀-၃-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၁၆ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများနံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၆-၃-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအောင်အောင်မြင့်

**CDC-10046 (3rd Engineer)**

**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ထန်းပင်ကုန်းရပ်ကွက်၊နှင်းဆီလမ်း၊ အမှတ် ၅နေ (ဦးခင်အောင်မြင့်)-ဒေါ်ခင်ခင်ကြီးတို့၏သား၊ဒေါ်ဖြူဖြူချို၏ခင်ပွန်း၊ မောင်ပြည့်အောင်၏ဖခင်၊ (ဒေါ်ခိုင်မြင့်ဦး)၊ ဦးဝင်းကို-ဒေါ်ဝေဝေမြင့်၊ ဒေါက်တာလှမြင့်ထွန်း - ဒေါ်စန္ဒာမြင့်တို့၏ညီ/မောင်၊ (ဦးရဲအောင်မြင့်)၊ ဦးမိုးအောင်မြင့် - ဒေါ်ယဉ်ယဉ်မျိုးပိုင်တို့၏အစ်ကို၊ မောင်အောင်ခိုင်-မမေဝသုန်ထိုက်၊ မဖြူမွန်သန့်၊ မောင်ဉာဏ်ဖြိုးတို့၏ဦးလေး၊ မသင်းသင်းအောင်မြင့်၏ဘကြီးသည် ၉-၃-၂၀၁၆ရက် မွန်းလွဲ ၁း၄၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၆နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၃-၂၀၁၆ ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဘိုးတင် (တောင်ကုတ်မြို့)

**အသက်(၉၃)နှစ်**

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၊ သိမ်တောင်ရပ်ကွက်၊ ဥဂ္ဂါလမ်းနေ ဒေါ်ခင်ကျော့၏ခင်ပွန်း၊ ဒေါ်ခင်ခင်အေး(အထက၊ တောင်ကုတ်)၊ ဒေါ်ခင်ခင်ဆွေ (ကျောင်းအုပ်၊ အထက-၃၊ ချောင်းကောက်)၊ ဒေါ်ညွှန့်ညွှန့်ဆွေ (ဒု-ဦးစီးမှူး၊မွေးမြူရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ တောင်ကုတ်)၊ (ဦးမြင့်အောင်)-ဒေါ်ခင်အေးနိုင်၊ ဦးတင်ဝင်း (ဌာနခွဲမှူး၊ ငြိမ်း၊ ရန်ကုန်စည်ပင်) - ဒေါ်မြင့်မြင့်ခင်၊(ဦးသက်မျိုးလှိုင်)-ဒေါ်သီတာအေး (ကြီးကြပ်ရေးမှူး၊ မြေယာနှင့် စီမံခန့်ခွဲရေးဌာန၊ ရန်ကုန်စည်ပင်)တို့၏ဖခင်၊ ဒေါ်ခင်သူသူဝင်း (ဒု-မြို့နယ်ဥပဒေအရာရှိ၊ ကြည့်မြင်တိုင်)၊ မောင်မျိုးကိုကိုဝင်း၊ မတင်သူဇာဝင်း (စီမံရေးရာဌာန၊ ရန်ကုန်စည်ပင်)၊ မောင်ကျော်ထက်အောင်၊ မောင်မြတ်ထူးကျော်တို့၏အဘိုးသည် ၁၀-၃-၂၀၁၆ ရက် (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၁၆ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် တောင်ကုတ်မြို့ လောကသစ္စာသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ခင်အေး

**အသက်(၇၄)နှစ်**

အမှတ် ၇၀၀၊ မဟာဗန္ဓုလလမ်းနှင့် စဥ့်အိုးတန်းလမ်းထောင့်၊China Town Towerနေ(ဦးလှမြင့်)၏ဇနီး၊ မအေးအေး-ကိုရန်အုန်း၊ မခင်တင့်၊ မသန်းသန်း၊ ကိုမောင်မောင်အောင်- မပပအောင်၊ ကိုအောင်လွင်-မအေးသဇင်မျိုး၊ ကိုအောင်စိန်-မဖြူမင်းသက်တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၉-၃-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၆ရက်(သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးတရုတ်ဖူးကျန့်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးအေးဝင်း (CDC 8761)

**(BERNHARD SCHULTE SHIPMANAGEMENT)**

**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်၊ အရှေ့ဗဟိုလမ်း၊ အမှတ် ၂၄နေ (ဦးလှမောင်-ဒေါ်ကြည်ကြည်)တို့၏သား၊ [ဗိုလ်မှူးတင်ဦး(လေ)] - ဒေါ်ရင်မြတို့၏ သားသမက်၊ ဒေါ်ဆွေဆွေဦး၏ခင်ပွန်း၊ ဦးဇေယျာဝင်း၊ တပ်ကြပ်ကြီးဇေယျာမင်း - ဒေါ်မြင့်မြင့်စမ်းတို့၏ ဖခင်၊ မချမ်းမြေ့ဇေယျ၊ မောင်အောင်မင်းထွန်းတို့၏အဘိုးသည် ၉-၃-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၆ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ပြည်သူ့လွှတ်တော် အစည်းအဝေး

## နိုင်ငံတော်သမ္မတ အရည်အချင်းစိစစ်ရေးအဖွဲ့တွင်ပါဝင်မည့် ရွေးကောက်ခံကိုယ်စားလှယ်တစ်ဦး ရွေးချယ်

စာမျက်နှာ » ၇

အမျိုးသားလွှတ်တော် အစည်းအဝေး

## ဒုတိယသမ္မတလောင်း အဆိုပြုခြင်း၊ ထောက်ခံခြင်းနှင့် အဆိုပြုလွှာကို လွှတ်တော်ဥက္ကဋ္ဌထံတင်ပြခြင်းတို့ ဆောင်ရွက်

စာမျက်နှာ » ၇

# မန္တလေးအိုးအိမ်ဦးစီးဌာနမှဆောက်လုပ်သည့် တိုက်ခန်း ၄၀၀ အား လျှောက်ထားသူ ကိုးထောင်ကျော်ရှိ

မင်းထက်အောင်(မန်းကိုယ်ပွား)

မန္တလေး မတ် ၁၀

မန္တလေးတိုင်းဒေသကြီးအတွင်း ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်၌ တိုင်းဒေသကြီး အိုးအိမ်ဦးစီးဌာနက ဆောက်လုပ်သည့် တိုက်ခန်း ၄၀၀ အတွက် လုပ်သက် ၂၅ နှစ်အထက် တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်းများအား ရောင်းချပေးမည်ဖြစ်ရာ လျှောက်ထားသူ ၉၁၈၈ ဦး ရှိကြောင်း မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

ယခင် မြရည်နန္ဒာ တန်ဖိုးနည်းအိမ်ရာချထားပေးစဉ်က ခရိုင်အတွင်းမှ လျှောက်ထားခဲ့ကြသည့် လုပ်သက် ၂၅ နှစ်အထက် တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်း ၆၆၈၈ ဦးနှင့် ယခု ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၄ ရက်အထိ တိုင်းဒေသကြီးအတွင်းမှ လျှောက်ထားသူဦးရေ ၂၅၀၀ ကျော် စုစုပေါင်း ၉၁၈၈ ဦးအား နေရာချထားပေးမည်ဖြစ်ကြောင်း၊ အိုးအိမ်ဦးစီးဌာနမှ ဆောက်လုပ်ထားသည့် အဆောက်အအုံမှာ ၆၅၀ စတုရန်းပေကျယ်ဝန်းသည့် အခန်း လေးခန်းတွဲ လေးထပ် ၂၅ လုံး စုစုပေါင်းတိုက်ခန်း ၄၀၀ ရှိကြောင်း သိရသည်။

"လက်ရှိလျှောက်ထားသူတွေသာမက ယခင် မြရည်နန္ဒာတန်ဖိုးနည်းအိမ်ရာလျှောက်ထားခဲ့ကြတဲ့ စာမျက်နှာ ၇ ကော်လံ ၁ ●



မြရည်နန္ဒာ တန်ဖိုးနည်းအိမ်ရာကို တွေ့ရစဉ်။

# MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၀)တွင် ထိပ်ဆုံးနှစ်သင်းထိပ်တိုက်တွေ့ဆုံ




ဇယားထိပ်ဆုံးတွင် ဦးဆောင်နေသည့် ရတနာပုံအသင်း။

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-ဖိုးသော်ဇင်

ရန်ကုန် မတ် ၁၀

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၀)ကို မတ် ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အမှတ်ပေးဇယားထိပ်ဆုံးမှ ရတနာပုံအသင်းနှင့် ဒုတိယနေရာမှ ဟံသာဝတီအသင်းတို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

ပွဲစဉ်(၁၀)အဖြစ် မတ် ၁၂ ရက်တွင် မုံရွာကွင်း၌ ဇေယျာရွှေမြေအသင်းနှင့် ဧရာဝတီအသင်း၊ သုဝဏ္ဏကွင်း၌ Southern အသင်းနှင့် ချင်းယူနိုက်တက်အသင်း၊ အောင်ဆန်းကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် Horizon အသင်း၊ မတ် ၁၃ ရက်တွင် အောင်ဆန်းကွင်း၌ ဟံသာဝတီအသင်းနှင့် ရတနာပုံအသင်း၊ သုဝဏ္ဏ စာမျက်နှာ ၁၄ ကော်လံ ၅ ○

**ကလေးငယ် ၂၈ ဦး ထိုးနှံခဲ့သည့် အသည်းရောင်အသားဝါ(ဘီ)ပိုး ကာကွယ်ဆေးမှာ ကျန်းမာရေးဝန်ကြီးဌာန၊ တိုးချဲ့ကာကွယ်ဆေးထိုး စီမံချက်ဖြင့် ဆောင်ရွက်သောလုပ်ငန်း မဟုတ်၊ ကလေးငယ် ၂၈ ဦးအား ပြင်ပမှ ဝယ်ယူထိုးနှံပေးသည့် ကာကွယ်ဆေးများသည် ဆေးဝါးအစစ်အမှန် ဟုတ်/မဟုတ်၊ တရားဝင်လိုင်စင်ဖြင့် တင်သွင်းခြင်း ဟုတ်/ မဟုတ် ဆက်လက်စိစစ်ဖော်ထုတ်လျက်ရှိ**

စာမျက်နှာ ➤ ၁၁

မြန်မာ့အလင်း
Gmail mmalin.mpt @ gmail.com,
www.facebook.com/MYANMAALINNEWS

